# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက် | ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၅)၊ အမှတ်(၁၃၄)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

# Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ) ဖွင့်ပွဲအခမ်းအနားကျင်းပ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖွင့်လှစ်

## Naypyitaw State Academy ၏ ခံ့ညားထည်ဝါသည့် ဂုဏ်သတင်းကို ထိန်းသိမ်းမြှင့်တင်ပြီး နောင်နှစ်ပေါင်းများစွာတိုင် ကမ္ဘာ့အဆင့်မီ ထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❑









ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❑ *ရှေ့ဖုံးမှ*

အဆိုပါ အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် Naypyitaw State Academy သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားရိုးရာအစားအစာရောင်းချပွဲတွင် ခင်းကျင်းပြသထားမှုများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) ရှေ့တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

**“ယခုဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံဒီဇိုင်းများကို မဲစနစ်ဖြင့် ကျောင်းသားကျောင်းသူများ ကိုယ်တိုင်ရွေးချယ်စေခဲ့ပြီး ရွေးချယ်မှု မဲအများဆုံးရရှိသည့် ဒီဇိုင်းဖြင့် တည်ဆောက်ခဲ့ခြင်းသည် ယခု ဘွဲ့နှင်းသဘင်ခန်းမကြီး၏ ထူးခြားချက်ပင်ဖြစ်၊ ထိုကဲ့သို့သော ဆောင်ရွက်မှုများမှတစ်ဆင့် လူငယ်များ၏ပါဝင်မှု အခန်းကဏ္ဍကို မြှင့်တင်ပေးကြရန်နှင့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ရရှိအောင် လေ့ကျင့်ပေးကြစေလို၊ ယခုဆိုပါက ယခုဘွဲ့နှင်းသဘင်ခန်းမတွင် ဘွဲ့ရကျောင်းသား ၂၃၀ ကို မကြာမီတွင် ပထမအကြိမ်အဖြစ် ဘွဲ့အပ်နှင်းချီးမြှင့် ပေးနိုင်တော့မည် ဖြစ်သည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိ”**

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) အတွင်း လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျင်းပပြုလုပ်ရာ Naypyitaw State Academy မှ ကျောင်းသူလေးများက Naypyitaw State Academy သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် Naypyitaw State Academy ၏ ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်း Documentary အား ကြည့်ရှုကြသည်။

**ပုံဖော်ဖန်တီးပေးလျက်ရှိ**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ မြို့တော် နေပြည်တော်တွင် ပြည်ထောင်စုအဆင့် အဆောက်အအုံများ၊ ခေတ်မီမြို့ပြနေထိုင်မှုစနစ်များ၊ Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့ကဲ့သို့ အဆင့်မြင့်တက္ကသိုလ်များတည်ရှိနေမှုသည် နေပြည်တော်၏ ဂုဏ်ကျက်သရေကို တင့်တယ်ခမ်းနားစေသည့်အပြင် ခေတ်မီပညာရပ်များ သင်ကြားပို့ချရာ ပညာရေးမြို့တော်အဖြစ်လည်း ပုံဖော်ဖန်တီးပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့်အနာဂတ်ကို တည်ဆောက်နိုင်ရေး ပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိကြောင်း၊ ထိုသို့သော ရည်မှန်းချက်နှင့်အညီ နိုင်ငံတကာအဆင့်မီ Naypyitaw State Academy ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၉ ရက်တွင် တည်ထောင်ဖွင့်လှစ်ခဲ့ကြောင်း၊ ယခုတက္ကသိုလ်ကြီးသည် ဝိဇ္ဇာ၊ သိပ္ပံ၊ စီးပွားရေး၊ ဥပဒေပညာ၊ ဆေးပညာ၊ လူမှုရေးပညာ၊ သံတမန်ရေးရာ၊ အားကစားအစရှိသည့် ဘာသာရပ်နယ်ပယ်စုံလင်စွာဖြင့် ဘက်စုံပညာများကို သင်ကြားပို့ချပေးနေသည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော ပညာရပ်ပေါင်းစုံလေ့လာသင်ယူနိုင်မည့် Comprehensive University လည်း ဖြစ်ကြောင်း။

Naypyitaw State Academy သည် နိုင်ငံတော်၏ လူမှုစီးပွားဘဝမြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည့် ပညာရှင်များမွေးထုတ်ပေးနိုင်မည့် ဦးဆောင်တက္ကသိုလ်တစ်ခု ဖြစ်ကြောင်း၊ **“ပညာဓဝေ အဓိပတိ”** ဆိုသည့် ဆောင်ပုဒ်အတိုင်း ပညာကို အထွတ်အမြတ်ထား ဦးထိပ်ပန်ဆင်ပြီး ပညာအမွေကို လက်ဆင့်ကမ်းဖြန့်ဝေပေးနေသည့် တက္ကသိုလ်တစ်ခုလည်း ဖြစ်ပါကြောင်း။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

*စာမျက်နှာ ၃ မှ*

### လက်လှမ်းမီသင်ယူနိုင်ကြပြီဖြစ်

ယခင်က နေပြည်တော်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောတက္ကသိုလ်များသာရှိခဲ့ကြောင်း၊ ယခုဆိုပါက နေပြည်တော်အပါအဝင် တစ်နိုင်ငံလုံးက ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ သားသမီးများအနေဖြင့် ရှိပြီးသား အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များမှသာမက Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့တွင် အဆင့်မြင့်ပညာများကို အဆင်ပြေချောမွေ့စွာ လက်လှမ်းမီသင်ယူနိုင်ကြပြီ ဖြစ်ပါကြောင်း။

ယနေ့တွင် ထိုကဲ့သို့သော အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံပြီး ပညာပြည့်ဝနှလုံးလှသည့် ဘွဲ့ရပညာတတ် နိုင်ငံ့သားကောင်းရတနာမွန်များ မွေးထုတ်ပေးရာ Naypyitaw State Academy ၏ ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ)ကို အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ဘွဲ့နှင်းသဘင်ခန်းမဟူသည်မှာ ပညာသင်ယူမှုခရီးလမ်း၏ အောင်မြင်မှုမှတ်တိုင်အဖြစ် တက္ကသိုလ်ပညာရေးအဆင့်တစ်ခုပြီးမြောက်ကြောင်း အသိအမှတ်ပြုဘွဲ့လက်မှတ်များ အပ်နှင်းချီးမြှင့်ရာ ထွတ်မြတ်သည့်နေရာမွန်ဖြစ်ကြောင်း၊ တက္ကသိုလ်တစ်ခု၏ ဂုဏ်သိက္ခာကြီးမြတ်မှု၊ ပညာဂုဏ်သတင်းကျော်ဇောမှု၊ သမိုင်းအစဉ်အလာကောင်းမွန်မှုများကို ကမ္ဘည်းမော်ကွန်းတင်ရာ ကျက်သရေမင်္ဂလာရှိသည့်ဗိမာန်တစ်ခုလည်း ဖြစ်ကြောင်း။

ယခုဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံဒီဇိုင်းများကို မဲစနစ်ဖြင့် ကျောင်းသား ကျောင်းသူများကိုယ်တိုင်ရွေးချယ်စေခဲ့ပြီး ရွေးချယ်မှုမဲအများဆုံးရရှိသည့် ဒီဇိုင်းဖြင့်တည်ဆောက်ခဲ့ခြင်းသည် ယခုဘွဲ့နှင်းသဘင်ခန်းမကြီး၏ ထူးခြားချက်ပင်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့သော ဆောင်ရွက်မှုများမှတစ်ဆင့် လူငယ်များ၏ပါဝင်မှုအခန်းကဏ္ဍကို မြှင့်တင်ပေးကြရန်နှင့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ရရှိအောင် လေ့ကျင့်ပေးကြစေလိုကြောင်း၊ ယခုဆိုပါက ယခုဘွဲ့နှင်းသဘင်ခန်းမတွင် ဘွဲ့ရကျောင်းသား ၂၃၀ ကို မကြာမီတွင် ပထမအကြိမ်အဖြစ် ဘွဲ့အပ်နှင်းချီးမြှင့်ပေးနိုင်တော့မည် ဖြစ်သည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ အပေါ်တွင် အဓိကမူတည်ပါကြောင်း၊ လူငယ်များကို ပညာအမြော်အမြင်ရှိအောင်၊ ယုံကြည်ချက်ခံယူချက်မှန်ကန်အောင်၊ စိတ်ဓာတ်ကောင်းမွန်ပြီး အများအကျိုးသယ်ပိုးတတ်အောင် လေ့ကျင့်ပေးနိုင်မှသာ ငြိမ်းချမ်းသာယာသည့် ခေတ်မီနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အသိပညာ၊ ကျွမ်းကျင်မှု၊ ကျင့်ဝတ်တို့နှင့် ပြည့်စုံပြီး အရည်အချင်းရှိသည့် ဘွဲ့ရပညာတတ်များ အရေအတွက်များစွာ မွေးထုတ်ပေးရန်လိုကြောင်း။

### များစွာအထောက်အကူပြုမည်

ပညာဟူသည်မှာ လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေး၊ ပင်ကိုယ်စိတ်ဓာတ်နှင့် ခံယူချက်များ မြင့်မားတိုးတက်စေနိုင်သည်ဖြစ်သဖြင့် နိုင်ငံ့အတွက် အရေးပါပြီး တန်ဖိုးကြီးမားသည့် အခြေခံအရည်အချင်းဖြစ်ပါကြောင်း၊ ပညာသင်ယူမှုကတစ်ဆင့် ရရှိလာသည့် စဉ်းစားဆင်ခြင် သုံးသပ်နိုင်စွမ်းနှင့် ပြဿနာဖြေရှင်းနိုင်စွမ်းတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အုပ်ချုပ်ရေးကဏ္ဍအသီးသီးတွင် များစွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

တက္ကသိုလ်ဟူသည်မှာ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာ ဘူမိနက်သန်ဖြစ်သကဲ့သို့ ဆန်းသစ်တီထွင်သည့် နည်းပညာအခြေပြုသုတေသနများ အစပြုဖော်ဆောင်ရာနေရာလည်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်က ဦးတည်ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှုစသည့်ကဏ္ဍများ တိုးတက်ကောင်းမွန်ရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေးအတွက် တက္ကသိုလ်များသည် အဓိကအရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း။

ထို့ကြောင့် Naypyitaw State Academy ကို စတင်ဖွင့်လှစ်ခဲ့ချိန်မှစပြီး သုံးနှစ်ကျော်ကာလအတွင်း၌ ကျောင်းသားဗဟိုပြု သင်ကြား၊ သင်ယူမှုစနစ်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ နိုင်ငံတကာအဆင့်မီဓာတ်ခွဲခန်းများ၊ ရည်ညွှန်းစာအုပ်များကို ပြည့်စုံစွာ ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ထို့အပြင် တက္ကသိုလ်တစ်ခု၏ ဂုဏ်အင်္ဂါရပ်များဖြင့် ပြည့်စုံအောင် စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ ဘွဲ့နှင်းသဘင်ခန်းမ၊ စာကြည့်တိုက်၊ အပန်းဖြေရိပ်သာ၊ အားကစားကွင်း၊ ဆရာ ဆရာမဆောင်များ၊ ဝန်ထမ်းအိမ်ရာများစသည်တို့ကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ တက္ကသိုလ်ပရိဝုဏ် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်ပန်းမန်များကိုလည်း စိုက်ပျိုးပေးထားပြီး ကျောင်းသား ကျောင်းသူများ အဆင့်မြင့်ပညာရပ်များကို သင်ယူလေ့လာရင်း တက္ကသိုလ်ကျောင်းသားဘဝ University Life ကို အေးချမ်းပျော်ရွှင်စွာခံစားစေနိုင်စေရေး ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

Naypyitaw State Academy တွင် အရည်အသွေးပြည့်ဝသည့် တက္ကသိုလ်ပညာရပ်များကို ဆည်းပူးခွင့်ရစေရေး ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဥပဒေပညာမဟာဌာန၊ ဆေးပညာမဟာဌာန၊ လူမှုရေးပညာမဟာဌာန၊ အားကစားပညာမဟာဌာနဟူသည့် မဟာဌာနကြီး ခုနစ်ခုနှင့် ဘွဲ့ကြိုသင်တန်းများ၊ မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာဘွဲ့သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ စတင်ဖွင့်လှစ်စဉ်က အထူးပြုဘာသာရပ် ၁၂ ခုကို စတင်လက်ခံသင်ကြားခဲ့ခြင်းဖြစ်ပြီး ယခုအခါတွင် လူငယ်များ၏ တီထွင်ဖန်တီးနိုင်စွမ်းကို မြှင့်တင်နိုင်ရေးအတွက် ကုန်ထုတ်ဓာတုဗေဒ၊ နျူကလီးယားရူပဗေဒ စသည့် ဘာသာရပ်များ၊ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုစီမံခန့်ခွဲမှုပညာ၊ လူမှုရေးပညာ၊ စာကြည့်တိုက်နှင့် သုတပညာဘာသာရပ်များ၊ ကမ္ဘာ့အလယ်တွင် နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ဖော်ဆောင်ပေးနိုင်မည့် သံတမန်ရေးရာစသည့် ဘာသာရပ်များအပါအဝင် အထူးပြုဘာသာရပ် ၂၄ ခုအထိ တိုးချဲ့ဖွင့်လှစ် သင်ကြားနိုင်ခဲ့ပြီဖြစ်ကြောင်း။

### အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်

ထိုကဲ့သို့ အထူးပြုဘာသာရပ်များကို တိုးချဲ့သင်ကြားရုံသာမက တက္ကသိုလ်၏ အသက်သွေးကြောဖြစ်သည့် သုတေသနများကိုလည်း ဆောင်ရွက်ကြရန်မှာကြားလိုပါကြောင်း၊ သုတေသနဆောင်ရွက်ခြင်းသည် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းမြင့်မားရေးနှင့် သုတေသနအထောက်အထား အခြေပြုမူဝါဒများ ချမှတ်ရေးတို့အတွက် အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်ပါကြောင်း။

Naypyitaw State Academy အနေဖြင့် ပညာရှင်များ၏ သုတေသနရပ်ဝန်းတစ်ခုအဖြစ် ဖော်ဆောင်နိုင်ရေး သုတေသနစာတမ်းဖတ်ပွဲများ၊ ကျောင်းသားလူငယ်များ၏ သုတေသနပရောဂျက်များကို အားပေးမြှင့်တင်ပေးနေသည့်အပြင် လူငယ်များ အတွေးအခေါ်မြင့်မားပြီး စွမ်းရည်ပြည့်ဝစေရန် လူငယ်စကားဝိုင်းများ၊ ပြပွဲပြိုင်ပွဲများ၊ လုပ်ငန်းခွင်လက်တွေ့လေ့လာရေးအစီအစဉ်များ၊ အလုပ်အကိုင်အခွင့်အလမ်းပြပွဲနှင့် ဆွေးနွေးပွဲများကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းသည် ကျောင်းသားများကို ဘွဲ့ဒီဂရီတစ်ခုရရှိရန်အတွက်သာမဟုတ်ဘဲ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ပြည့်စုံကောင်းမွန်သည့် လူနေမှုဘဝကို တည်ဆောက်နိုင်ရေး တက္ကသိုလ်နှင့် Industry တို့၏ မိတ်ဖက်ချိတ်ဆက်မှုတစ်ခု ဖြစ်ပါကြောင်း။

*စာမျက်နှာ ၅ သို့*



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) အတွင်း လှည့်လည်ကြည့်ရှုစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ) ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ)ရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၄ မှ*

တက္ကသိုလ်တစ်ခု ရေရှည်တည်မြဲရေးဟူသည်မှာ စီမံခန့်ခွဲသူများ၏ မှန်ကန်ထိရောက်သည့် ဦးဆောင်မှု၊ ဆရာ ဆရာမများ၏ အရည်အသွေးပြည့်ဝမှု၊ ကျောင်းသားများ၏ အမိတက္ကသိုလ်အပေါ် မြတ်နိုးတန်ဖိုးထားမှုနှင့် ကြိုးစားအားထုတ်မှု၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားမှုများအပေါ် အများကြီး တည်မှီနေကြောင်း၊ ထို့ကြောင့် Naypyitaw State Academy ၏ ခံ့ညားထည်ဝါသည့် ဂုဏ်သတင်းကို ထိန်းသိမ်းမြှင့်တင်ပြီး နောင်နှစ်ပေါင်းများစွာတိုင် ကမ္ဘာ့အဆင့်မီ ထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ ကျောင်းသားများကို အသိပညာ၊ အတတ်ပညာ၊ ကျင့်ဝတ်သိက္ခာ ပြည့်စုံပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်နှင့် စစ်မှန်သည့် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိသည့်၊ စိတ်ဓာတ်မြင့်မားသည့်၊ စည်းကမ်းပြည့်ဝသည့်၊ အသိပညာ အတတ်ပညာနှင့် ပြည့်စုံသည့် နိုင်ငံကိုဦးဆောင်မည့် ဘွဲ့ရပညာတတ်များကို မွေးထုတ်ပေးကြရန် အလေးအနက် တိုက်တွန်းပြောကြားလိုကြောင်း။

Naypyitaw State Academy ၏ ဘွဲ့နှင်းသဘင်ခန်းမကြီးကို ယခုကဲ့သို့ ပြခန်းများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးနိုင်သည့်အတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယခုဘွဲ့နှင်းသဘင်ပရိဝုဏ်မှ နှစ်စဉ်နှစ်ဆက်ပေါ်ထွက်လာကြမည့် ဘွဲ့ရမောင်မယ်များအနေဖြင့် နိုင်ငံတော်က အားကိုးအားထားပြုနိုင်ပြီး နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးနိုင်မည့် လူတော်လူကောင်းများ ဖြစ်လာကြမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပိုမိုကောင်းမွန်သည့် အနာဂတ်လူ့ဘောင်ကို တည်ဆောက်နိုင်ရေး ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်မည့် အသိပညာ အတတ်ပညာနှင့်ပြည့်စုံသည့်၊ နှလုံးရည်ပြည့်ဝသည့် ပညာတတ် လူရည်ချွန် လူရည်မွန်များကို ယခုဘွဲ့နှင်းသဘင်ခန်းမကြီးမှ ဆက်လက်မွေးထုတ်ပေးနိုင်ပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး က Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းကို ပေးအပ်သည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) အား လွှဲပြောင်းပေးအပ်သည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ၊ အနုပညာဦးစီးဌာနမှ တေးသံရှင်များ၊ နိုင်ငံကျော်တေးသံရှင်များ၊ Naypyitaw State Academy မှ ကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ သရုပ်ဖော်များ၊ ယိမ်းအကအလှများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် အလုပ်အကိုင်အခွင့်အလမ်းပြခန်းများအား လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) အဆောက်အအုံကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အလျား ၃၀၂ ပေ၊ အနံ ၂၁၈ ပေ ရှိကာ စုစုပေါင်းစတုရန်းပေ ၁၆၇၀၀၀ ကျော်ရှိ သုံးထပ်သံကူကွန်ကရစ် အဆောက်အအုံဖြစ်ကြောင်း၊ ဘွဲ့နှင်းသဘင်အခမ်းအနားများ ကျင်းပနိုင်ရန်သာမက အခြားသော အခမ်းအနားများနှင့် ဖျော်ဖြေတင်ဆက်မှုများ ကျင်းပဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လူဦးရေ ၁၂၀၄ ဦးဆံ့ ဘက်စုံသုံးခန်းမကြီးအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

- **ယခုဘွဲ့နှင်းသဘင်ပရိဝုဏ်မှ နှစ်စဉ် နှစ်ဆက်ပေါ်ထွက်လာကြမည့် ဘွဲ့ရမောင်မယ်များအနေဖြင့် နိုင်ငံတော်က အားကိုးအားထားပြုနိုင်ပြီး နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးနိုင်မည့် လူတော်လူကောင်းများ ဖြစ်လာကြမည်ဟု ယုံကြည်မျှော်လင့်**
- **မြန်မာနိုင်ငံ၏ ပိုမိုကောင်းမွန်သည့် အနာဂတ်လူ့ဘောင်ကို တည်ဆောက်နိုင်ရေး ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်မည့် အသိပညာ အတတ်ပညာနှင့်ပြည့်စုံသည့်၊ နှလုံးရည်ပြည့်ဝသည့် ပညာတတ် လူရည်ချွန် လူရည်မွန်များကို ယခုဘွဲ့နှင်းသဘင်ခန်းမကြီးမှ ဆက်လက်မွေးထုတ်ပေးနိုင်ပါစေဟု ဆန္ဒပြု**

ဒို့ညီနောင်ထု တည်ထောင်ပြု
ပြည်ထောင်စုအတွက် လက်ချင်းဆက်

စည်းလုံးချစ်ကြည် မြဲခိုင်ကျည်
ပေါင်းစုညီညာ ပြည်သာယာ

## နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

# ၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ရှိ ပြခန်းများအား သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နေပြည်တော်ရင်ပြင်၌ ကျင်းပပြုလုပ်လျက်ရှိရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ လှည့်လည်ကြည့်ရှုရာတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ခင်းကျင်းပြသထားသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ပဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့ပြခန်း၊ ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့ပြခန်း၊ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့ ပြခန်းများအတွင်း MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များ၏ ပြည်တွင်းပြည်ပဈေးကွက်ရရှိရေး တွေ့ဆုံဆွေးနွေး ချိတ်ဆက်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်



### ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။ (အပေါ်ပုံနှင့် ဝဲပုံ)

ပြည်ထောင်စုဝန်ကြီးဌာန ပြခန်းများနှင့် အရောင်းပြခန်း တစ်ခုချင်းစီ အလိုက် စိတ်ပါဝင်စားစွာ ရင်းရင်းနှီးနှီး လိုက်လံကြည့်ရှုလေ့လာခဲ့ကြပြီး ပြခန်းတာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများကလည်း လိုက်ပါ၍ ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။

# လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၀

**လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပလျက်ရှိသည့် နေပြည်တော်ရင်ပြင် ကွပ်ကဲရေးရုံး၌ ကျင်းပသည်။**

ဆွေးနွေးပွဲသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးများ၊ လုပ်ငန်းကော်မတီအသီးသီးမှ အဖွဲ့ဝင်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က MSME များ ထုတ်လုပ်မှုလုပ်ငန်း စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောကုန်ကြမ်းများကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသောမြေနေရာရရှိရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် စိုက်နည်းစနစ်များ မှန်ကန်မှသာ အထွက်နှုန်းတိုးတက်မည်ဖြစ်၍ နည်းပညာများကိုလည်း မျှဝေဖြန့်ဝေပေးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများအား ပြည်ပမှတင်သွင်းရမှုကို လျှော့ချနိုင်ရန်အတွက် သုတေသနပြုလုပ်ခြင်း၊ စမ်းသပ်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ရရှိလာသည့် နည်းပညာများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယခုပြပွဲတွင် ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ၏ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ပြီးဖြစ်၍ အားနည်းချက်များကို ပြုပြင်ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက စပါးများစိုက်ပျိုးရာတွင် ကြဲပက်သည့်စနစ်နှင့် အစေ့ချ စိုက်ပျိုးသည့်စနစ်တို့သည် အထွက်နှုန်း တူညီမှုမရှိပါကြောင်း၊ ထို့ကြောင့် အထွက်နှုန်းပိုမိုကောင်းမွန်သည့် အစေ့ချစိုက်ပျိုးသည့်စနစ်၊ ကောက်စိုက်စက်တို့ဖြင့် စိုက်ပျိုးနိုင်ရေး တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပေါင်းနုတ်ပေါင်းရှင်း စက်ပစ္စည်းကိရိယာများကိုလည်း သုတေသနပြု၍ စမ်းသပ်တီထွင်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သီးနှံများ လေလွင့်ဆုံးရှုံးမှု နည်းပါးစေရေးအတွက် အချိန်မီရိတ်သိမ်းနိုင်ရေးအတွက်ကိုလည်း စီမံဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း၊ လက်ဆွဲမျိုးစေ့ချစက်အသုံးပြု၍ စိုက်ပျိုးပါက သတ်မှတ်ထားသည့် ပမာဏအတိုင်း အသုံးပြုနိုင်ရေး ချိန်ညှိဆောင်ရွက်သွားရန်လိုကြောင်း၊ လယ်ယာသုံးစက်ကိရိယာများကို အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်မီစိုက်ပျိုးရိတ်သိမ်းနိုင်၍ လေလွင့်မှုမရှိသဖြင့် အထွက်နှုန်းတိုးတက်လာပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က ထုတ်ကုန်ပစ္စည်းများ အမြောက်အမြား ထုတ်လုပ်နိုင်ရေးအတွက် အခြေခံဖြစ်သည့် ဒီဇိုင်းပုံစံများကို စနစ်တကျရေးဆွဲ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် ဆောင်ရွက်လျှင် အောင်မြင်တိုးတက်မည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများသည် လက်တွေ့နယ်ပယ်တွင် အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ခြင်း၊ သုံးစွဲသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ခြင်း၊ ထိုက်သင့်သည့် ကာလတစ်ခုအထိ အသုံးပြုနိုင်ရန် လိုအပ်ခြင်း၊ စက်အရန်ပစ္စည်း လွယ်ကူစွာရရှိရန်လိုအပ်ခြင်း၊ ဈေးနှုန်းသက်သာခြင်း စသည်တို့နှင့် ပြည့်စုံရမည်ဖြစ်ကြောင်း၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက ယခုကျင်းပသည့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်သည် သာမန်ထုတ်ကုန်ပစ္စည်း ပြသရောင်းချခြင်းမဟုတ်ဘဲ နိုင်ငံတော်အကြီးအကဲ၏ ချမှတ်ထားသည့်မူဝါဒကို အကောင်အထည်ဖော်လက်တွေ့ပြသသည့် အမျိုးသားအဆင့်ပြပွဲတစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့်ထွက်ကုန်များကို အသုံးပြု၍ ထုတ်လုပ်မှုနည်းစဉ်များဖြင့် ပေါင်းစပ်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေးပြည့်မီသည့် လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်ပေးရန်လိုအပ်ကြောင်း၊ ပြည်တွင်း၌ လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများအား ပြည်တွင်း၌ ထုတ်လုပ်နိုင်လျှင် သွင်းကုန်အစားထိုးနိုင်ခြင်း၊ ထုတ်လုပ်မှုအချိန်တိုတောင်းခြင်း၊ စက်အရန်ပစ္စည်းများ လိုအပ်သည့်အချိန်တွင်ရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ တက်ရောက်လာသည့် လုပ်ငန်းရှင်များအနေဖြင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် ဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်းနှင့် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌများ၊ လုပ်ငန်းရှင်များက တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်နေမှု၊ စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် နီကာရာဂွါနိုင်ငံတို့ သံရုံးများအပြန်အလှန် ဖွင့်လှစ်နိုင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နီကာရာဂွါသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ ဆီဂွမ်ဒို မာတင် ကယ်လီရို အက်စကို စီယာနှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး မစ္စတာ ဟာရီရှ်ချန်ဒရာ ဂီမီရေး တို့အား ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီလက်ခံတွေ့ဆုံသည်။



မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ ဆီဂွမ်ဒို မာတင် ကယ်လီရို အက်စကို စီယာနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း ပြောကြားပြီး နှစ်နိုင်ငံမြို့တော်များတွင် သံရုံးများအပြန်အလှန် ဖွင့်လှစ်နိုင်ရေး၊ နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး အပါအဝင် မြန်မာ-နီကာရာဂွါ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေးတို့ အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။ (ဝဲပုံ)

မြန်မာနိုင်ငံဆိုင်ရာ နီပေါ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံနှင့် ပြည်သူများအကြား ကာလရှည်ကြာ တည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ပိုမိုတိုးမြှင့်စေရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**သတင်းစဉ်**

## တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊

(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်း မပြုလုပ်ရန်၊

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊

(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း၊

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊

(ဂ) မြေဆီလွှာဇီဝဓာတ်ခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# ဖုန်းတစ်လုံးရှိရုံနဲ့ မလုံလောက်တော့တဲ့ခေတ် AI Literacy နဲ့ စမတ်မိသားစု တည်ဆောက်ခြင်း

မောင်မောင်လင်း

**ဒီကနေ့ခေတ် မြန်မာနိုင်ငံမှာ စမတ်ဖုန်းတစ်လုံးရှိရုံနဲ့ ကမ္ဘာကြီးနဲ့ အချိန်မရွေးချိတ်ဆက်လို့ ရနေပါပြီ။ ဒါပေမယ့် ဖုန်းကိုင်ထားရုံနဲ့ 'စာတတ်သူ' လို့ မသတ်မှတ်နိုင်တော့တဲ့ ခေတ်သစ်တစ်ခုကို ကျွန်တော်တို့ ရောက်ရှိနေပါတယ်။ စမတ်ဖုန်းကို ကိုင်ထားပေမယ့် AI က ပေးတဲ့ သတင်းအချက်အလက်ကို မစိစစ်တတ်ရင်၊ ကိုယ်ရေးအချက်အလက်ကို မကာကွယ်တတ်ရင်၊ နည်းပညာကို မိမိဘဝတိုးတက်ဖို့ အသုံးမချတတ်သေးရင်တော့ ဒါဟာ '၂၁ ရာစုရဲ့ စာမတတ်မှုအသစ် (The New Illiteracy)' ပဲ ဖြစ်နေပါလိမ့်မယ်။**

### AI Literacy ဆိုတာ နိုင်ငံတော်ကသာ ပေးရမယ့်အရာ မဟုတ်တော့ပါ

မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းမှာ ဂုဏ်ရောင်ထင်ရှားလှတဲ့ 'စာတတ်မြောက်ရေး လှုပ်ရှားမှု' ကြီးဟာ နိုင်ငံတစ်ဝန်းလုံးကို စာရေးတတ်၊ ဖတ်တတ်အောင် ပြောင်းလဲပေးနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ၂၁ ရာစုမှာတော့ 'စာတတ်မြောက်ခြင်း' ရဲ့ အဓိပ္ပာယ်ဟာ AI အသိပညာ (AI Literacy) နဲ့ ဒစ်ဂျစ်တယ်နိုင်ငံသားကောင်းဖြစ်မှု (Digital Citizenship) မရှိရင် မပြည့်စုံနိုင်တော့ပါ။

အရင်က AI Literacy ကို နိုင်ငံတော်အစိုးရရဲ့ မူဝါဒစာတမ်းတွေမှာပဲ တွေ့ရလေ့ရှိပေမယ့် ဒီကနေ့ခေတ်မှာတော့ ဒါဟာ အိမ်တိုင်း၊ မိသားစုတိုင်းက စတင်ရမယ့် 'ခေတ်သစ် လူမှုအလေ့အကျင့်' တစ်ရပ် ဖြစ်လာပါတယ်။ AI Literacy ကို အစိုးရကပဲ လုပ်ဆောင်ပေးရမယ့်အရာလို့ မြင်နေသရွေ့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့ အပြောင်းအလဲက နှေးကွေးနေဦးမှာပါ။ တကယ့်လက်တွေ့ဘဝမှာ AI Literacy ဆိုတာ အဝေးကြီးမှာ မဟုတ်ဘဲ အောက်ပါအချက်တွေကို မိမိဘာသာ ဆုံးဖြတ်နိုင်စွမ်းရှိခြင်း ဖြစ်ပါတယ်–

(က) **ဘေးကင်းမှု**။ စမတ်ဖုန်းကို အန္တရာယ်ကင်းကင်းနဲ့ ထိရောက်စွာ အသုံးချတတ်ခြင်း၊

(ခ) **ဝေဖန်ပိုင်းခြားမှု**။ အွန်လိုင်း သတင်းမှန်/မှားကို ကိုယ်တိုင်ခွဲခြားနိုင်ခြင်း၊

(ဂ) **လုံခြုံမှု**။ မိမိရဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်ကို ကာကွယ်တတ်ခြင်း၊

(ဃ) **ယုံကြည်စိတ်ချရမှု**။ AI က ထုတ်ပေးတဲ့ အချက်အလက်တွေကို ဘယ်လောက်အထိ ယုံကြည်ရမလဲဆိုတာ ဝေဖန်ဆန်းစစ်နိုင်ခြင်း။

ဒါတွေဟာ မူဝါဒစာရွက်ပေါ်က စာသားတွေထက် အိမ်တွင်းကနေ စတင်ပျိုးထောင်ရမယ့် '၂၁ ရာစု လူ့စွမ်းရည်'တွေပဲ ဖြစ်ပါတယ်။

### AI Literacy – ဖြေရှင်းရမယ့် ပြဿနာလား၊ ကိုင်တွယ်ရမယ့် ကိရိယာလား

AI (Artificial Intelligence) ဆိုတဲ့ ဉာဏ်ရည်တုနည်းပညာက ကျွန်တော်တို့ ပတ်ဝန်းကျင်ကို မမြင်ရပေမယ့် နက်နက်ရှိုင်းရှိုင်း ပြောင်းလဲနေပါပြီ။ ကျောင်းစာမှသည် စီးပွားရေး၊ ကျန်းမာရေး၊ အဲဒီကနေမှ စိုက်ပျိုးရေးအထိ AI ဟာ နေရာတိုင်းမှာ စိမ့်ဝင်နေပါတယ်။ ဒီနည်းပညာဟာ အခွင့်အလမ်းသစ်တွေ ယူဆောင်လာသလို တစ်ဖက်မှာလည်း ကြီးမားတဲ့ 'ဒစ်ဂျစ်တယ်ထောင်ချောက်' တွေကို ဖန်တီးလာနိုင်ပါတယ်–

(က) **သတင်းတုနဲ့ ရုပ်သံအတု (Deepfake) အန္တရာယ်**။ AI နဲ့ ဖန်တီးထားတဲ့ စာသား၊ ဓာတ်ပုံနဲ့ ဗီဒီယိုတွေဟာ အစစ်လား၊ အတုလား ခွဲခြားဖို့ ခက်ခဲလာပါတယ်။

(ခ) **ဒစ်ဂျစ်တယ်ကွာဟချက် (Digital Divide)**။ နည်းပညာ နားလည်သူနဲ့ နားမလည်သူအကြား အခွင့်အလမ်းကွာဟမှုက လူမှုစီးပွားအဆင့်အတန်း ကွာဟမှုကို ပိုမိုနက်ရှိုင်းစေပါတယ်။

(ဂ) **အဆင့်မြင့်လိမ်လည်မှုများ (Vishing)**။ AI သုံးပြီး မိသားစုဝင်တစ်ဦးရဲ့ အသံအတိုင်း တုပကာ ဖုန်းဆက်ငွေတောင်းတဲ့ Voice Phishing တွေဟာ ဒီနေ့ ခေတ်ရဲ့ ကြောက်စရာအကောင်းဆုံး လက်နက် ဖြစ်လာပါတယ်။

(ဃ) **ကိုယ်ရေးအချက်အလက် လုံခြုံရေး**။ ကျွန်တော်တို့ရဲ့ အချက်အလက်တွေကို AI က ဘယ်လို အသုံးချနေသလဲဆိုတာ သိရှိဖို့ အရေးကြီးလာပါတယ်။

(င) **အလုပ်အကိုင်အပြောင်းအလဲ**။ AI ကြောင့် အလုပ်အချို့ ပျောက်ကွယ်သွားနိုင်သလို၊ AI ကို ကျွမ်းကျင်စွာ အသုံးချတတ်သူတွေအတွက် အခွင့်အလမ်းသစ်တွေလည်း ပွင့်လာမှာပါ။

ဒီစိန်ခေါ်မှုတွေကို ကြောက်ရွံ့ပြီး ထွက်ပြေးလို့ မရတော့ပါ။ ပြဿနာအဖြစ် ရှုမြင်မယ့်အစား အခွင့်အလမ်းအဖြစ် ကိုင်တွယ်ဖို့ဆိုရင် ကျွန်တော်တို့မှာ 'လက်နက်' ရှိဖို့ လိုအပ်ပါတယ်။

- **အင်္ဂလိပ်စာအခက်အခဲရှိသူတွေအတွက် မြန်မာဘာသာနဲ့ ခိုင်းစေနိုင်တဲ့ AI ကိရိယာတွေဟာ ဒစ်ဂျစ်တယ်ကွာဟချက်ကို အလျင်အမြန်ကျဉ်းမြောင်းစေပါတယ်။ 'အင်္ဂလိပ်စာတတ်မှ နည်းပညာသုံးနိုင်မယ်' ဆိုတဲ့ အတွေးအခေါ်ဟောင်းကို AI က ချေဖျက်ပေးလိုက်ပါပြီ**
- **စာရိုက်ရတာခက်ခဲတဲ့ လူကြီးမိဘတွေ ဒါမှမဟုတ် မြန်မာစာရိုက်ရတာနှေးသူတွေအတွက် အသံနဲ့ မြန်မာလို တိုက်ရိုက်မေးမြန်းနိုင်တာက နည်းပညာကို လူတိုင်းလက်လှမ်းမီစေတဲ့ အကြီးမားဆုံးသော့ချက်ဖြစ်ပါတယ်။ ဒါဟာ ဖုန်းကို ရိုးရိုးဖုန်းခေါ်ရုံပဲ သုံးတတ်တဲ့သူတွေကိုတောင် AI ခေတ်ရဲ့ အကျိုးကျေးဇူးတွေကို ခံစားရစေမှာဖြစ်**

### AI Literacy နဲ့ Digital Citizenship – ၂၁ ရာစုရဲ့ မရှိမဖြစ် လက်နက်နှစ်သွယ်

နည်းပညာကို သုံးစွဲသူအဆင့်မှ နည်းပညာကို ထိန်းချုပ်မောင်းနှင်သူဖြစ်လာဖို့ အခြေခံစွမ်းရည်နှစ်ရပ် လိုအပ်ပါတယ်–

(က) **ဉာဏ်ရည်တု အသိပညာ**။ AI ရဲ့ အလုပ်လုပ်ပုံကို အခြေခံနားလည်ခြင်းဖြစ်ပါတယ်။ AI က မှားယွင်းတဲ့ အချက်အလက်တွေ ထုတ်ပေးနိုင်တယ်ဆိုတာကို သိရှိပြီး AI ကို 'ကြောက်စရာ' ထက် 'သင်ယူစရာတစ်ခု'အဖြစ် ရှုမြင်တတ်တဲ့ စိတ်နေစိတ်ထားရှိဖို့ ဖြစ်ပါတယ်။

(ခ) **ဒစ်ဂျစ်တယ် နိုင်ငံသားပီသမှု**။ အင်တာနက်ပေါ်မှာ ကျင့်ဝတ်နဲ့အညီ နေထိုင်ခြင်း ဖြစ်ပါတယ်။ သတင်းတစ်ခုကို မဖြန့်ဝေခင် စိစစ်ခြင်း၊ ကိုယ်ရေးကိုယ်တာ အချက်အလက် တွေကို ကာကွယ်ခြင်းနဲ့ တာဝန်သိစိတ်ရှိရှိ ပါဝင်လှုပ်ရှားခြင်းတွေ ပါဝင်ပါတယ်။

### 'အိမ်တိုင်းမှ စတင်ရမယ်' – မျိုးဆက်များအကြား သင်ယူမှုရဲ့ စွမ်းအား

AI Literacy ဆိုတာ ပညာရှင်တွေပဲ နားလည်နိုင်တဲ့ မြင့်မားတဲ့ နည်းပညာရပ် မဟုတ်တော့ပါ။ သူဟာ ၁၉၆၉ ခုနှစ်က 'လူတိုင်း စာတတ်မြောက်ရေး လှုပ်ရှားမှု'လိုမျိုး အိမ်တိုင်း၊ ကျေးရွာတိုင်းသို့ ရောက်ရှိရမယ့် 'ခေတ်သစ် အခြေခံပညာ' ဖြစ်ပါတယ်။ အိမ်တွင်းမှာတင် လူကြီး၊ လူငယ် အတူတကွ သင်ယူခြင်းဖြင့်–

(က) **မိမိကိုယ်ကို ကာကွယ်နိုင်မည်**။ အွန်လိုင်းလိမ်လည်မှုနဲ့ ဘေးကင်းရေးကို ကိုယ်တိုင် ကိုင်တွယ်နိုင်မယ်။

(ခ) **ဘဝကို မြှင့်တင်နိုင်မည်**။ ပညာရေးနဲ့ အလုပ်အကိုင်အတွက် AI ကို ကူညီသူအဖြစ် အသုံးချနိုင်မယ်။

(ဂ) **မိသားစုကို စည်းလုံးစေမည်**။ နည်းပညာကို အတူတကွလေ့လာဆွေးနွေးခြင်းဖြင့် မျိုးဆက်တွေရဲ့အကြားမှာ နားလည်မှု ပိုမိုရရှိစေမယ်။

ဒါကြောင့် AI Literacy ကို နိုင်ငံတော်အဆင့် မဟာဗျူဟာအဖြစ်သာ မဟုတ်ဘဲ မိသားစုတိုင်းရဲ့ 'နေ့စဉ် လက်တွေ့ကျင့်သုံးမှု'အဖြစ် ပြောင်းလဲဖို့ အချိန်တန်ပါပြီ။ ဒါမှသာ ကျွန်တော်တို့ဟာ နည်းပညာကို ကြောက်ရွံ့နေသူများအဖြစ်မှ နည်းပညာကို ပိုင်ပိုင်နိုင်နိုင် အသုံးချတတ်တဲ့ 'စမတ်မိသားစုများ' အဖြစ်သို့ ကူးပြောင်းနိုင်မှာ ဖြစ်ပါတယ်။

### မိသားစုအတွင်း အပြန်အလှန်သင်ယူမှု

AI ခေတ်မှာ 'ငါက လူကြီး၊ ငါ ပိုသိတယ်' ဆိုတဲ့ ပုံစံထက် ပြောင်းပြန်လမ်းပြ ဖော်ဆောင်ပေးမှုက ပိုထိရောက်ပါတယ်။ နည်းပညာကို ကျွမ်းကျင်တဲ့ သားသမီးနဲ့ ဘဝအတွေ့အကြုံရှိတဲ့ မိဘတို့ ပေါင်းစည်းမိလိုက်တဲ့အခါမှာတော့–

(က) **သားသမီးများ–နည်းပညာရှေ့ပြေး**။ သူတို့က AI Tools တွေရဲ့ အလုပ်လုပ်ပုံနဲ့ နောက်ဆုံးပေါ် လုပ်ဆောင်ပုံတွေကို လျင်မြန်စွာ ဖမ်းဆုပ်နိုင်ပါတယ်။ မိဘတွေကို နည်းပညာ 'ဘယ်လိုသုံးရမလဲ' ဆိုတာကို ပြသပေးနိုင်တဲ့ လမ်းပြသူတွေ ဖြစ်ပါတယ်။

(ခ) **မိဘများ – ကျင့်ဝတ်ရှေ့ဆောင်**။ နည်းပညာကို ဘယ်လိုသုံးရမလဲဆိုတာထက် 'ဘယ်အချိန်မှာ သုံးသင့်သလဲ၊ ဘယ်လောက်အထိ ယုံကြည်သင့်သလဲ' ဆိုတဲ့ ဝေဖန်ပိုင်းခြားမှုကို မိဘတွေက ပေးနိုင်ပါတယ်။ မိဘတွေရဲ့ ဘဝအတွေ့အကြုံက AI ရဲ့ ကျင့်ဝတ်ဆိုင်ရာနဲ့ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ အမှားတွေကို ထောက်ပြပေးနိုင်တဲ့ 'အမှားစစ်ဆေးသူ' ဖြစ်လာပါတယ်။

ဒီလိုနည်းလမ်းမျိုးနဲ့ အိမ်တိုင်းမှာ မိဘနဲ့သားသမီး AI ခေါင်းဆောင်တွေ ပေါ်ထွက်လာပြီး မိသားစုဟာ ဒစ်ဂျစ်တယ်ဒိုင်းကာ တစ်ခုကို အလိုအလျောက် တည်ဆောက်ပြီးသား ဖြစ်သွားပါလိမ့်မယ်။

### ကျောင်းနဲ့ အိမ်ကို ချိတ်ဆက်ပေးသော 'အသိအမြင်စနစ်'

AI ကို တားမြစ်ခြင်းက ဖြေရှင်းချက်မဟုတ်ဘဲ 'လမ်းညွှန်မှုပေးခြင်း'သာ အဖြေဖြစ်ပါတယ်။ ဒါကြောင့်–

(က) **ဆရာများရဲ့ အခန်းကဏ္ဍ**။ ဆရာတွေဟာ အချက်အလက်ပေးသူ အဆင့်ကနေ ကျောင်းသားတွေရဲ့ AI အသုံးချမှုကို စစ်ဆေးဝေဖန်ပေးသူအဖြစ် ပြောင်းလဲရပါမယ်။

(ခ) **စနစ်တကျ စီးဆင်းမှု**။ ကျောင်းမှာ သင်ယူခဲ့တဲ့ AI Literacy ဟာ ကလေးတွေကနေတစ်ဆင့် အိမ်ကမိဘတွေဆီ ရောက်သွားပြီး အိမ်မှာမိဘတွေနဲ့ ဆွေးနွေးမှုကတစ်ဆင့် ကျောင်းသားရဲ့ နည်းပညာအမြင် ပိုမိုရင့်ကျက်လာပါတယ်။ ဒါဟာ **ကျောင်း–မိဘ–သားသမီး သုံးဖက်ပေါင်းစပ်ထားတဲ့ အသိပညာဂေဟစနစ်တစ်ခု** ဖြစ်ပါတယ်။

### ဘေးကင်းလုံခြုံသော 'Smart Life' ကို တည်ဆောက်ခြင်း

စမတ်ဖုန်းရှိရုံနဲ့ Smart မဖြစ်နိုင်ပါ။ AI Literacy ရဲ့ အနှစ်သာရမှာ အောက်ပါအချက်အလက်တွေကို ထပ်လောင်းသတိပြုရပါမယ်–

(က) **ဉာဏ်ရည်တုရဲ့ လုပ်ကြံဖန်တီးမှု**။ AI ဆိုတာ အမှန်တရားကို ရှာဖွေတဲ့ စက် မဟုတ်ဘဲ ရှေ့နောက်ဆက်စပ်မှုအလိုက် 'ဖြစ်နိုင်ခြေအရှိဆုံး စကားလုံး' ကို ခန့်မှန်းပေးတဲ့ စနစ်ဖြစ်ပါတယ်။ ဒါကြောင့် AI က ယုံကြည်ချက်အပြည့်နဲ့ ပြောနေတဲ့ စကားတွေထဲမှာ အမှားတွေ ပါနိုင်တယ်ဆိုတာကို သိရှိထားမှသာ ကျွန်တော်တို့ဟာ AI ရဲ့ လွှမ်းမိုးမှုအောက် မကျရောက်မှာ ဖြစ်ပါတယ်။

(ခ) **ဒေတာလုံခြုံရေး**။ အခမဲ့သုံးစွဲခွင့်ရှိတဲ့ AI ကိရိယာတိုင်းမှာ ကျွန်တော်တို့ရဲ့ ဒေတာတွေက 'ပေးဆပ်မှု' ဖြစ်နေတတ်ပါတယ်။ မိမိရဲ့ လျှို့ဝှက်ချက်၊ ဓာတ်ပုံနဲ့ ကိုယ်ပိုင်အချက်အလက်တွေကို AI ထဲ ဘယ်လောက်အထိ ထည့်သွင်းမလဲဆိုတာကို သိရှိခြင်းက AI Literacy ရဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။

ဒီနေရာမှာ သတိပြုဖို့ လိုအပ်နေတဲ့ အရေးကြီးဆုံးအချက်ကတော့ **AI အပေါ် အလွန်အကျွံ အမှီပြုခြင်းမဖြစ်ဖို့ပဲ ဖြစ်ပါတယ်။** AI Literacy ဆိုတာ AI ကို သုံးတတ်ဖို့တင်မဟုတ်ဘဲ 'ဘယ်အချိန်မှာ AI ကို မသုံးဘဲ ကိုယ်တိုင်စဉ်းစားရမလဲ' ဆိုတာကို သိဖို့လည်း လိုအပ်ပါတယ်။ အထူးသဖြင့် ကလေးငယ်တွေရဲ့ ပညာရေးမှာ AI ဟာ အဖြေထုတ်ပေးတဲ့ စက်သက်သက်ဖြစ်မသွားဖို့ အရေးကြီးပါတယ်။

နည်းပညာက ကျွန်တော်တို့ရဲ့ ဖန်တီးနိုင်စွမ်းနဲ့ စဉ်းစားတွေးခေါ်မှုကို အစားထိုးဖို့ မဟုတ်ဘဲ ပိုမိုအားကောင်းလာအောင် ပံ့ပိုးပေးဖို့သာ ဖြစ်သင့်ပါတယ်။ **AI ကို 'အစပြုသူ' အဖြစ် သုံးနိုင်ပေမယ့် 'အဆုံးအဖြတ်ပေးသူ'ကတော့ လူသားရဲ့ ဦးနှောက်**သာ ဖြစ်ရပါမယ်။

*စာမျက်နှာ ၉ သို့*

# (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားအသင်းအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားအသင်းအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယမန်နေ့က နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ ဘက်စုံသုံးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အလှူရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားအဖွဲ့မှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး (၃၃)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေးအတွက် ငွေကျပ်သိန်း ၇၀၀ ပေးအပ်လှူဒါန်းခဲ့သည့် အောင်မြန်မာဟိန်းကုမ္ပဏီလီမိတက်မှ ဦးရဲမင်းသူထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်တို့က (၃၃)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ ဂုဏ်ပြုပွဲတွင် ဂုဏ်ပြုဆုချီးမြှင့်ရန်အတွက် ငွေကျပ်သိန်း ၁၀၀ စီ ပေးအပ်လှူဒါန်းခဲ့သည့် သိရောမဏိကုမ္ပဏီလီမိတက်နှင့် မဟာရွှေဇမ္ဗူကုမ္ပဏီလီမိတက်မှ ဒေါက်တာဇော်ထွန်းနိုင်နှင့် စီးပွားရေးလုပ်ငန်းရှင် ဦးလောတီတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက အမျိုးသမီး(-၇၈) ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် အေးအေးအောင်၊ အမျိုးသား (-၅၅) ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု ရရှိခဲ့သည့် ထိုက်ထိုက်ကျော်၊ အမျိုးသားနှစ်ယောက်တွဲ ခတပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် လရောင်ရှန်နှင့် လှိုင်မင်းခန့်၊ အမျိုးသား+အမျိုးသမီး အသင်းလိုက် (Mixed Team) ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် အားကစားသမားများ၊ (-၅၇)ခတနှင့် အတိုက် ပြိုင်ပွဲနှစ်ခုလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အမျိုးသမီးအငယ်ဆုံးအားကစားသမားဆုရရှိသည့် အိအိသဇင်ဇော်တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး ဆုရအားကစားသမားများကိုယ်စား ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် တစ်ခု ရရှိခဲ့သည့် အေးအေးအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံဂျူဒိုအားကစားအဖွဲ့ချုပ်အနေဖြင့် ဂျူဒိုအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အောင်ပွဲရမြန်မာဂျူဒိုနည်းပြများနှင့် အားကစားသမားများအတွက် စုစုပေါင်း ငွေကျပ်သိန်း ၂၃၀ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့ပြင် ယမန်နေ့က ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၌ ကျင်းပသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများ၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသို့ တက်ရောက်အားပေးခဲ့ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးများနှင့် အမှတ်ပေးဒိုင်လူကြီးများက ပြိုင်ပွဲဝင်အသင်းများ ခင်းကျင်းထားသည့် ပါဝင်ပစ္စည်းများနှင့် အချိုးအစားအလိုက် ပြင်ဆင်ထားရှိမှုကို စစ်ဆေးအတည်ပြုကြပြီး ပြိုင်ပွဲကို စတင်ကျင်းပသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဌာနခွဲများအလိုက် ကိုယ်စားပြုအသင်းများ၏ ထမနဲထိုးယှဉ်ပြိုင်နေမှုနှင့် ဝန်ထမ်းများက အဖွဲ့လိုက် ပြိုင်ပွဲဝင်အသင်းများအား သံချပ်များ၊ အိုးစည်၊ ဒိုးပတ်များဖြင့် အားပေးနေမှုကို ကြည့်ရှုအားပေးကြပြီး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကြည့်ရှုအကဲဖြတ် အမှတ်ပေးကာဆုရရှိသည့် အသင်းများအား ဆုံးဖြတ်ရွေးချယ်ပေးသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက နှစ်သိမ့်ဆုနှင့် ဂုဏ်ပြုဆုများရရှိခဲ့သည့် အသင်းများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က တတိယဆုရရှိသည့် အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲအသင်းကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးထိန်လင်းက ဒုတိယဆုရရှိသည့် ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၁) အသင်းကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ပထမဆုရရှိသည့် စီမံရေးရာနှင့်ဘဏ္ဍာရေးရာဌာနခွဲအသင်းကိုလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တောင်ကြီးတက္ကသိုလ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တက္ကသိုလ်များ ဆောင်းပါးပြိုင်ပွဲကျင်းပ



**တောင်ကြီး ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုဖွား တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ ပိုမိုရရှိပြီး ပြည်ထောင်စုစိတ်ဓာတ်များ အမြဲရှင်သန်နိုးကြားစေရန် ရည်ရွယ်၍ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တက္ကသိုလ်များ ဆောင်းပါးပြိုင်ပွဲကို တောင်ကြီးတက္ကသိုလ် သင်ကြားရေးခန်းမ၌ ယနေ့ ကျင်းပခဲ့သည်။

ထိုသို့ကျင်းပရာတွင် ရှမ်းပြည်နယ် တောင်ကြီးတက္ကသိုလ်၊ ဆေးတက္ကသိုလ်(တောင်ကြီး)၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် တောင်ကြီးပညာရေးဒီဂရီကောလိပ်တို့မှ “သွေးချင်းချစ်ကြည် ပြည်ထောင်စုဆီသို့” ခေါင်းစဉ်ဖြင့် တက္ကသိုလ်ကျောင်းသား/ကျောင်းသူ ၅၅ဦးတို့က ပါဝင်ယှဉ်ပြိုင်ဖြေဆိုခဲ့ကြောင်း သိရသည်။

**ထက်ဝေအောင်(ပြန်/ဆက်)**

## လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်

**ဇလွန် ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ နန်းတော်ကျွန်းကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာအုပ်စု၊ တောင်ပို့တရာကျေးရွာအုပ်စုတို့တွင် လေပြင်းဘေး ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ဟသ်ာတခရိုင်ဦးစီးမှူးရုံးအနေဖြင့် လာမည့်မိုးကြိုကာလအတွက် လေပြင်းဘေးကြောင့် နေအိမ်များ ထိခိုက်ပျက်စီးမှုမှ ကြိုတင်ကာကွယ်ရန်အတွက် ခိုင်ခံ့မှုမရှိသည့် နေအိမ်များ မွမ်းမံပြင်ဆင်ရန် ဖေဖော်ဝါရီ ၆ ရက်မှစ၍ အိမ်အလုံး ၃၀၀ အတွက် ၂၁ သိန်း တန်ဖိုးရှိ ဓနိနှင့် ထရံများအား ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇလွန် (ပြန် /ဆက်)**

*စာမျက်နှာ ၈ မှ*

**AI ကို အသုံးချပြီး ဘဝအရည်အသွေး မြှင့်တင်ခြင်း**

AI ကို ‘ပြိုင်ဘက်’ အဖြစ် မဟုတ်ဘဲ ‘လက်ထောက် ’ အဖြစ် အသုံးချ ခြင်းဖြင့် အောက်ပါ အကျိုးကျေးဇူးတွေကို ရရှိနိုင်ပါတယ်–

| ကဏ္ဍ | AI အသုံးချမှုပုံစံ | ရရှိမယ့် ရလဒ် |
|---|---|---|
| **ပညာရေး** | ChatGPT/ Gemini ကို Personal Tutor အဖြစ် သုံးပြီး မိမိအားနည်းချက်ကို မေးမြန်းခြင်း။ | သင်ယူမှုအရှိန်မြှင့်တင်နိုင်ပြီး ဝေဖန်ပိုင်းခြားနိုင်စွမ်း မြင့်မားလာခြင်း။ |
| **စီးပွားရေး** | ဒေသထွက်ကုန်တွေအတွက် Logo ဒီဇိုင်း၊ ကြော်ငြာစာသားနဲ့ ဗီဒီယိုတွေကို AI သုံးပြီး ဖန်တီးခြင်း။ | ကုန်ကျစရိတ် သက်သာစွာဖြင့် ဈေးကွက်ချဲ့ထွင်နိုင်ပြီး ဝင်ငွေတိုးလာခြင်း။ |
| **ကျန်းမာရေး** | ရောဂါလက္ခဏာတွေကို AI ဖြင့် အကြမ်းဖျင်း စစ်ဆေးပြီး လိုအပ်သလို ဆရာဝန်နဲ့ ပြသဖို့ ပြင်ဆင်ခြင်း။ | ကျန်းမာရေးဗဟုသုတ တိုးပွားပြီး ဆုံးဖြတ်ချက်တွေ ပိုမိုမှန်ကန်လာခြင်း။ |
| **စိုက်ပျိုးရေး** | AI သုံးပြီး မြေဆီလွှာခွဲခြမ်းခြင်း၊ သီးနှံ ရောဂါရှာဖွေခြင်းနဲ့ ရာသီဥတုခန့်မှန်းချက်တွေကို ရယူခြင်း။ | အလေအလွင့် နည်းပါးပြီး ကုန်ထုတ်လုပ်မှုစွမ်းအားမြင့်မားလာခြင်း။ |

**မိုဘိုင်းဖုန်းတစ်လုံးဖြင့် စတင်နိုင်တဲ့ ကိုယ်ပိုင်ဖွံ့ဖြိုးမှု**

မြန်မာနိုင်ငံရဲ့ မိုဘိုင်းဖုန်းသုံးစွဲမှု မြင့်မားခြင်းက နည်းပညာခုန်ပျံကျော်လွှားဖို့ အခွင့်အလမ်းကောင်း တစ်ခု ဖြစ်ပါတယ်–

(က) **ဘာသာစကား အတားအဆီးကို ကျော်လွှားခြင်း။** အင်္ဂလိပ်စာ အခက်အခဲရှိသူတွေအတွက် မြန်မာဘာသာနဲ့ ခိုင်းစေနိုင်တဲ့ AI ကိရိယာတွေဟာ ဒစ်ဂျစ်တယ် ကွာဟချက်ကို အလျင်အမြန် ကျဉ်းမြောင်းစေပါတယ်။ ‘အင်္ဂလိပ်စာတတ်မှ နည်းပညာသုံးနိုင်မယ်’ ဆိုတဲ့ အတွေးအခေါ်ဟောင်းကို AI က ချေဖျက်ပေးလိုက်ပါပြီ။

(ခ) **အသံဖြင့် ခိုင်းစေခြင်း ။** စာရိုက်ရတာ ခက်ခဲတဲ့ လူကြီးမိဘတွေ ဒါမှမဟုတ် မြန်မာစာရိုက်ရတာ နှေးသူတွေအတွက် အသံနဲ့ မြန်မာလို တိုက်ရိုက်မေးမြန်းနိုင်တာက နည်းပညာကို လူတိုင်းလက်လှမ်းမီစေတဲ့ အကြီးမားဆုံးသော့ချက်ဖြစ်ပါတယ်။ ဒါဟာ ဖုန်းကို ရိုးရိုးဖုန်းခေါ်ရုံပဲ သုံးတတ်တဲ့သူတွေကိုတောင် AI ခေတ်ရဲ့ အကျိုးကျေးဇူးတွေကို ခံစားရစေမှာ ဖြစ်ပါတယ်။

(ဂ) **စဉ်ဆက်မပြတ်သင်ယူမှု ကွန်ရက်။** သင်တန်းတစ်ခုတက်ရုံနဲ့ မပြီးဘဲ Telegram ဒါမှမဟုတ် Facebook Group တွေမှာ အချင်းချင်းမေးမြန်းဆွေးနွေးခြင်းဖြင့် မိုဘိုင်းဖုန်းဦးစားပေးသင်ယူမှု ယဉ်ကျေးမှုတစ်ခုကို တည်ဆောက်နိုင်ပါတယ်။ *(ဆက်လက်ဖော်ပြပါမည်)*

> **AI ဆိုတာ အမှန်တရားကို ရှာဖွေတဲ့စက်မဟုတ်ဘဲ ရှေ့နောက်ဆက်စပ်မှုအလိုက် ‘ဖြစ်နိုင်ခြေအရှိဆုံး စကားလုံး’ ကို ခန့်မှန်းပေးတဲ့ စနစ်ဖြစ်ပါတယ်။ ဒါကြောင့် AI က ယုံကြည်ချက်အပြည့်နဲ့ ပြောနေတဲ့ စကားတွေထဲမှာ အမှားတွေပါနိုင်တယ်ဆိုတာကို သိရှိထားမှသာ ကျွန်တော်တို့ဟာ AI ရဲ့ လှည့်စားမှုအောက် မကျရောက်မှာဖြစ်**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) တတိယနေ့တွင် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ MSME လုပ်ငန်းရှင်များနှင့် ပြည်သူများ တစ်ခဲနက် လာရောက်လေ့လာ



နေပြည်တော် ဖေဖော်ဝါရီ ၁၀

**(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် တတိယနေ့ကို ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော် ရင်ပြင်၌ ကျင်းပရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာ ကြည့်ရှုကြသည်။**

"ပြပွဲကို သူငယ်ချင်းတွေနဲ့ အတူ ဒုတိယအကြိမ် လာရောက်တာပါ။ ပြပွဲမှာ ရောင်းချတဲ့ပစ္စည်းတွေရဲ့ ဈေးနှုန်းက အပြင်ကထက် ပိုပြီးသက်သာပါတယ်။ ဒါကြောင့် ကိုယ်နှစ်သက်တဲ့ ရိုးရာအစားအစာတွေ ဝယ်ဖြစ်ပါတယ်။ ဒေသအစုံက လာရောက်ပြသတဲ့ ထုတ်ကုန်တွေကို တစ်နေရာတည်းမှာ ကြည့်ရှုလေ့လာခွင့်ရတယ်။ ဒီမှာ လေ့လာပြီး သတိထားမိတာက မြန်မာ့ထုတ်ကုန်တွေက အရင်လို သမားရိုးကျ မဟုတ်တော့ဘူး။ ဝယ်ယူသူကို ဝယ်ချင်အောင် အရည်အသွေးပိုင်း၊ ထုပ်ပိုးမှု အပိုင်းအားလုံးကို အဆင့်မြှင့်တင်လာကြတာကို တွေ့ရပါတယ်" ဟု သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ မအေးမြတ်သွယ်က ပြောသည်။

MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်ကုန်ပစ္စည်းများကို ပြခန်းအလိုက် အမျိုးအစားစုံလင်စွာ ခင်းကျင်းပြသ ရောင်းချလျက်ရှိသည့်အတွက် ပြပွဲတတိယနေ့တွင် အနယ်နယ်အရပ်ရပ်မှ ပြပွဲလာပြည်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပါဝင်ပြသလျက်ရှိသည့် ပြခန်းပေါင်း ၁၂၀ ကျော်တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ ပါဝင်သည့်အပြင် ပြည်တွင်း စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထုတ်ကုန်များ၊ MSME ထုတ်ကုန်များအတွက် နည်းပညာအထောက်အကူပြု ပြခန်းများလည်း ပါဝင်သည်။



မအေးမြတ်သွယ်



ဦးစန်းကို



ဦးဇော်ထွန်းအောင်

"ကျွန်တော်တို့နိုင်ငံရဲ့ ရိုးရာရက်ကန်းတွေရဲ့ အရည်အသွေးမြှင့်တင်နိုင်ဖို့ ဆိုးဆေးနဲ့ပတ်သက်တာတွေ အထောက်အပံ့ပေးနိုင်အောင် ဆောင်ရွက်နေပါတယ်။ အဓိကတော့ သမားရိုးကျလက်နဲ့ ဆိုးဆေးဆိုးတာထက် အရည်အသွေးပိုကောင်းအောင် နည်းပညာနဲ့ စက်ကိရိယာအသုံးပြုနိုင်အောင်၊ လူနဲ့ ပတ်ဝန်းကျင်ကို မထိခိုက်တဲ့ အရည်အသွေးကောင်းတဲ့ ဆိုးဆေးတွေ သုံးအောင်၊ အသုံးပြုပြီးသား ဆိုးဆေးရည်တွေကို စနစ်တကျစွန့်ပစ်အောင် ဆောင်ရွက်နေပါတယ်။ ပထမဆုံးအကြိမ် ပါဝင်ပြသတာဖြစ်ပေမယ့် ထိရောက်မှုရှိတဲ့ ပြပွဲဖြစ်ပါတယ်။ ဒီပြပွဲကနေ တစ်ဆင့် ရိုးရာချည်ထည်လုပ်ငန်းတွေ တွေ့ဆုံပြီး ဆွေးနွေးဖြစ်ကြတယ်။ အတွေ့အကြုံတွေ ဖလှယ်ကြတယ်။ ကျွန်တော်တို့ လုပ်ငန်းမှာ အများစုက ဆိုးဆေးကို ပြည်ပဆိုးဆေး အသုံးပြုတာဖြစ်တဲ့အတွက် လုပ်ငန်းရှင်တွေ အဆင်ပြေအောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူတွေက လမ်းညွှန်ပူးပေါင်းပြီး ကူညီပေးစေလိုပါတယ်။ အခုပြပွဲမှာ ကျွန်တော်တို့ လုပ်ငန်းရှင်တွေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့လည်း ပွင့်ပွင့်လင်းလင်း နှီးနှောတိုင်ပင်ခွင့်ရရှိပါတယ်။ သက်ဆိုင်ရာ ဌာနတာဝန်ရှိသူတွေကလည်း လှိုက်လှိုက်လှဲလှဲ ကူညီဆောင်ရွက်ပေးကြတဲ့အတွက် အားတက်ရပါတယ်။ ဒါကြောင့် တခြားလုပ်ငန်းရှင်တွေကိုလည်း လာမယ့်နှစ်မှာ ပါဝင်ပြသဖို့ အကြံပေးချင်ပါတယ်" ဟု မန်းဇေယျာအောင် ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးမင်းထက်က ပြောသည်။

ထိုကဲ့သို့ ပြခန်းများအလိုက် ခင်းကျင်းပြသထားသည့် ဒေသအလိုက် ထွက်ရှိသောတိုင်းရင်းသားရိုးရာအစားအစာများ၊ One Region One Product ထုတ်ကုန်များအပါအဝင် ပြည်ပသို့ တင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်များအကြောင်းကို ပြခန်းတာဝန်ရှိသူများက သက်ဆိုင်ရာပြခန်းအလိုက် ရှင်းလင်းဆွေးနွေးပေးလျက်ရှိသည်။

"ကိုယ့်ဒေသက ထုတ်ကုန်တွေကိုပြည်သူတွေဆီကိုတိုက်ရိုက် ရောင်းချခွင့်ရသလို တိုက်ရိုက်ထိတွေ့ပြီး ကြော်ငြာခွင့်ရတဲ့ ပြပွဲပါ။ လုပ်ငန်းရှင်တွေအတွက် အများကြီး အကျိုးပြုပါတယ်။ ဒီလိုအကျိုးကျေးဇူးတွေ ရရှိအောင် နိုင်ငံတော် အကြီးအကဲတွေက MSME လုပ်ငန်းတွေကို ဦးစားပေး အားပေးတယ်၊ မြှင့်တင်ပေးတယ်၊ အချိတ်အဆက်ပေးပြီး ဈေးကွက်ရရှိအောင် ကြိုးပမ်းပေးတဲ့အတွက် လုပ်ငန်းရှင်တွေကလည်း ပြပွဲကို အားတက်သရော ပူးပေါင်းပါဝင်ကြတယ်။ ပြခန်းမှာ ဒေသထွက် ကုန်ကြမ်းအရင်းအမြစ်တွေကို ကုန်ချောအဖြစ် ထုတ်လုပ်ထားတဲ့ ထုတ်ကုန်တွေကို ခင်းကျင်းပြသထားတယ်။ ဒေသအရင်းအမြစ် ဆန်စပါး၊ ရော်ဘာ၊ ကော်ဖီ၊ OROP ထုတ်ကုန်တွေ၊ အိမ်တွင်းလုပ်ငန်းတွေက ထုတ်လုပ်တဲ့ ဒေသအစားအသောက်တွေ၊ သစ်မွှေးနဲ့ စက်မှုထုတ်ကုန်ပစ္စည်းတွေ၊ ပြည်နယ်စက်မှုဇုန်မှာ တပ်ဆင်ပြီး မြန်မာတစ်နိုင်ငံလုံး တပ်ဆင်ဖြန့်ဝေနေတဲ့ BAJA အမှတ်တံဆိပ်သုံးဘီးနဲ့ မော်တော်ယာဉ်တွေ၊ အော်ဂဲနစ်မြေဩဇာနဲ့ ဥစားကြက်တွေအတွက် ကယ်စီယမ်အားဖြည့်ကြက်စာတွေလည်း ပါဝင်ပြသထားပါတယ်။ ဒါ့အပြင် တိုင်းရင်းသားရိုးရာ အစားအစာတွေကိုလည်း ဈေးနှုန်းသက်သာစွာနဲ့ ရောင်းချပေးသွားမယ့်အပြင် ကရင်ပြည်နယ်ရဲ့ တောတောင်ရေမြေသဘာဝအလှအပကိုလည်း တစ်ခါတည်းပေါင်းပြီး ပြသထားပါတယ်။ ဒါကြောင့် လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုက ပြောကြားသည်။

ယနေ့တွင် ပြပွဲလာပရိသတ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာအရောင်းဆိုင်များရှိ ဒေသအလိုက် အစားအသောက်များ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန် ပစ္စည်းများနှင့် တိုင်းရင်းသားရိုးရာဝတ်စုံများကို နှစ်သက်စွာ ဝယ်ယူအားပေးခဲ့ကြပြီး ပြခန်းများနှင့် အရောင်းဆိုင်များတွင် ဝယ်ယူအားပေးသူ ပြည်သူများဖြင့် စည်ကားနေသည်။

"ကျွန်တော်တို့ ပြခန်းမှာ ပြသရောင်းချတဲ့ မကွေးဒေသထွက်ပစ္စည်းတွေကို လူကြိုက်များတယ်။ ဒေသအစားအစာတွေကို အားပေးကြတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး ကိုယ်စားပြုပြခန်းမှာ စားသောက်ကုန်ပစ္စည်းတွေ၊ လူသုံးကုန်ပစ္စည်းတွေ၊ လယ်ယာသုံး စက်ကိရိယာတွေပါ ပါတယ်။ ပြီးတော့ ကျွန်တော်တို့ တိုင်းဒေသကြီးကနေ ပြည်ပကို တင်ပို့နေတဲ့ သနပ်စင်ပြီး နှမ်း၊ နှမ်းလှော်မှုန့်၊ အခွံချွတ်နှမ်း၊ ချည်ထည်ပစ္စည်း၊ ဆီးဖျော်ရည်၊ မန်ကျည်းဖျော်ရည် စတာတွေလည်း ပါပါတယ်။ လုပ်ငန်းရှင်တွေအတွက် ပြည်တွင်းဈေးကွက်ကနေ ပြည်ပဈေးကွက်ကို တက်လှမ်းပြီး နိုင်ငံကို အကျိုးပြုနိုင်ဖို့ ဒီပြပွဲက အများကြီးအထောက်အကူပြုပါတယ်။ ဒါကြောင့် ပါဝင်ပြသကြတဲ့ လုပ်ငန်းရှင်တွေက တက်တက်ကြွကြွ ရှိကြတယ်။ MSME လုပ်ငန်းရှင်တွေနဲ့ ဘဏ်တွေအကြား B2B Business Matching ကဏ္ဍတွေမှာ ချေးငွေရရှိမှုအပိုင်းတွေ၊ ဈေးကွက်ရရှိမှုအပိုင်းတွေမှာ အဆင်ပြေချောမွေ့အောင် ဒီပြပွဲကနေ ချိတ်ဆက် ဆောင်ရွက်နိုင်ခဲ့ကြတယ်။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ ဒီလိုပြပွဲတွေကို စဉ်ဆက်မပြတ် လုပ်ဆောင်ပေးပါလို့ ပြောလိုပါတယ်" ဟု မကွေးတိုင်းဒေသကြီးကိုယ်စားပြု ပြခန်းတာဝန်ခံညွှန်ကြားရေးမှူး ဦးဇော်ထွန်းအောင်က ပြောသည်။

ပြပွဲလာပြည်သူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေနိုင်ရန် ညပိုင်းတွင် နိုင်ငံကျော် အနုပညာရှင်များက ပရိသတ်အကြိုက် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေပေးသည့် ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်သည်။

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ပထမနေ့၊ ဒုတိယနေ့နှင့် တတိယနေ့ သုံးရက်တာအတွင်း ပြခန်းများနှင့် အရောင်းဆိုင်များမှ ကျပ်သန်းပေါင်း ၁၀၀၀၀ ကျော် ရောင်းချခဲ့ရပြီး ယနေ့ပြပွဲ တတိယနေ့သို့ လာရောက်ကြည့်ရှုလေ့လာကြသည့် ပြည်သူ တစ်သိန်းရှစ်ထောင်ကျော်ရှိကြောင်း သိရသည်။**အောင်မင်းဟန်၊ ကျော်စွာဝင်း၊**

**ဓာတ်ပုံ-အောင်မင်းထွန်း**



# ကျွန်မတို့လိုမျိုး MSME လုပ်ငန်းရှင်တွေအနေနဲ့ အခုလို လာရောက်ပြသခြင်းအားဖြင့် Client တွေ အများကြီးရတယ်၊ ပြီးတော့ ချိတ်ဆက်မှုတွေ အများကြီးလည်း ရရှိတယ်၊ အဲဒါကြောင့်မို့လို့ လာရောက်ပြသဖို့လည်း ဖိတ်ခေါ်ပါတယ်

ဒေါ်သီရိရတနာလှိုင်

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) ကို နေပြည်တော်ရင်ပြင်၌ ကျင်းပလျက်ရှိပြီး ပြခန်းပေါင်း ၁၂၀ ကျော်နှင့် ပြင်ပကုမ္ပဏီ ၂၉ ခုတို့က ပါဝင်ပြသရောင်းချလျက်ရှိသည်။ အဆိုပါပြပွဲသို့ လာရောက်ပြသရောင်းချကြသည့် လုပ်ငန်းရှင်များ၏ စကားသံများကို ဖော်ပြလိုက်ရပါသည် -



ဒေါ်သီရိရတနာလှိုင်



ဒေါ်မာမာအောင်



ဒေါ်တင်ဌေး



ဦးမြင့်ကို



ဒေါ်ခင်ခင်မြင့်



ဒေါ်သန်းသန်းစိန်

**ဒေါ်သီရိရတနာလှိုင်**
**လုပ်ငန်းရှင်၊ ရိုးရာမောင် ချည်ထည်လုပ်ငန်း**

ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ထုတ်ကုန်အနေနဲ့ အခုပြပွဲနဲ့ဆိုရင် လေးနှစ်မြောက် MSME လာရောက်ပြသတာဖြစ်ပါတယ်။ လက်ရှိမှာကတော့ ပြည်တွင်းချည် နှစ် ၈၀ ချည်ကိုပဲ အဓိကထား ထုတ်ပြီးတော့ နိုင်ငံခြားချည် နှစ် ၁၀၀ နဲ့ ပေါင်းပြီး Collaborate လုပ်ပြီးတော့ ဒီဇိုင်းအသစ်ထုတ်ထားတာ ဖြစ်ပါတယ်။ မနှစ်ကတော့ One Region One Product (OROP) အနေနဲ့ ဝင်ပြိုင်ခဲ့ပါတယ်။ အခုလို ထုတ်ကုန်တွေ ပြသခွင့်ရတဲ့အတွက်ကြောင့် အကျိုးကျေးဇူးအများကြီးရရှိပါတယ်။ ဘာလို့လဲဆိုတော့ ဒီမှာလုပ်ငန်းရှင်တွေအားလုံး လာရောက်စုစည်းတယ်၊ ပြီးတော့ တစ်နေရာတည်းမှာပဲ Client တွေ အများကြီး တွေ့ရတယ်။ ဝယ်ယူသုံးစွဲသူတွေဘက်ကလည်း ထုတ်ကုန်အစစ်အမှန်၊ ပစ္စည်းရဲ့ အရည်အသွေးကို တိုက်ရိုက်ကြည့်ပြီးတော့ တိုက်ရိုက်ဝယ်ယူခွင့်ရတယ်။ ဒါကြောင့်မို့လို့ ဈေးကွက်လည်းရပါတယ်။

နိုင်ငံတော်က ချည်ထည်ကဏ္ဍကနေရရှိမယ့် အကျိုးရလဒ်ကို Local သာမက ပြည်ပကို Export တင်ပို့နိုင်တဲ့အထိ မျှော်မှန်းထားပါတယ်။ ကျွန်မက အခုလက်ရှိမှာတော့ ကိုယ့်နိုင်ငံအတွင်းက ချည်ကိုပဲ ကုန်ကြမ်းအဖြစ် သုံးတယ်။ Local ကနေ နောက်တစ်ဆင့် Export တင်ပို့နိုင်တဲ့အထိ ဖြစ်လာအောင် ကြိုးစားနေပါတယ်။ ပြပွဲမှာ အားလုံး အဆင်ပြေကြပါတယ်။ ကျွန်မတို့လိုမျိုး MSME လုပ်ငန်းရှင်တွေအနေနဲ့ အခုလို လာရောက်ပြသခြင်းအားဖြင့် Client တွေ အများကြီးရတယ်၊ ပြီးတော့ ချိတ်ဆက်မှုတွေ အများကြီးလည်း ရရှိတယ်။ အဲဒါကြောင့် မို့လို့ လာရောက်ပြသဖို့လည်း ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာအောင်**
**လုပ်ငန်းရှင်၊ P & M မြန်မာ့ရိုးရာချည်ထည်လုပ်ငန်း**

ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုနေနဲ့ လာရောက်ပြသတာပါ။ မြန်မာ့ရိုးရာ ချည်ထည်လုပ်ငန်းပါ၊ ကျွန်မကိုယ်တိုင်ပဲ ဒီဇိုင်းကို ထုတ်ပါတယ်၊ Cutting ကအစ ကျွန်မကိုယ်တိုင် သေချာလုပ်ထားတာပါ။ အဲဒါကို ပြသချင်တဲ့အတွက် ပါဝင်ပြသဖြစ်တာပါ။ Handmade အနေနဲ့ ကျွန်မတို့ အဆင့်ဆင့်လုပ်တာပါ။ ကုန်ကြမ်းကို အင်းလေးကနေ ယူထားတာပါ။ တစ်ခါတလေကျရင် ကျွန်မတို့ ကုန်ကြမ်းမှာယူတဲ့အခါ အခက်အခဲ နည်းနည်းရှိတယ်။ အဲဒီလိုအခက်အခဲလေးတွေကြောင့် ဈေးနှုန်းမှာ ငါးရာ၊ တစ်ထောင်ကွာသွားတာ ရှိပါတယ်။ ကျန်တဲ့ အခက်အခဲတော့ မရှိပါဘူး။ မြန်မာ့ရိုးရာချည်ထည်ကို မြန်မာမိန်းကလေးတွေအတွက် ထုတ်လုပ်ထားတယ်ဆိုတဲ့ ကျွန်မတို့ရဲ့ အဓိကရည်ရွယ်ချက်ကို ဒီပြပွဲက အများကြီးအထောက်အကူပြုပါတယ်။ ကျွန်မတို့လို MSME လုပ်ငန်းတွေက ဒီလို နိုင်ငံတော်ရဲ့ အားပေးမှုမပါရင် ကျွန်မတို့ကို ဘယ်သူမှမသိဘူးလေ။ အရင်တုန်းက ကျွန်မတို့ဆိုင်မှာ လုပ်တာထက်စာရင် ရောင်းအားကအစ အများကြီးအဆင်ပြေပါတယ်။

**ဒေါ်တင်ဌေး လုပ်ငန်းရှင်၊ မခါနှင့် ညီမများ**
**သဘာဝဆိုးဆေး ၁၀၀ ရာခိုင်နှုန်း ပိတ်၊ ပဝါရောင်းဝယ်ရေး**

ကျွန်မတို့ရဲ့ လုပ်ငန်းက သဘာဝဆိုးဆေးနဲ့ ပိတ်ပဝါကို ထုတ်လုပ်တဲ့အခါ ဝါဂွမ်းကနေစပြီး ချည်ဖြောင့်၊ ဖိုင်းငင် အဆင့်ဆင့်သွားပါတယ်။ အဲဒါကနေမှ ကိုယ်တိုင်ကိုယ်ကျ ရက်ကန်းခတ်အထည်ဖြစ်တဲ့အထိ အဆင့်ဆင့်လုပ်ဆောင်တာပါ။ အသုံးပြုတဲ့ကုန်ကြမ်းအနေနဲ့ ၅၀ ရာခိုင်နှုန်းလောက်က ကိုယ့်ဒေသ ကျေးရွာဒေသကထွက်တဲ့ ဝါဂွမ်းကိုပဲ အသုံးပြုပါတယ်။ ကျွန်မတို့ ကျေးရွာထွက် ဝါဂွမ်းကို ကိုယ်တိုင်ဖိုင်းငင်ပြီး အဲဒီလို ထုတ်လုပ်တယ်။ ကျန်တဲ့ ၅၀ ရာခိုင်နှုန်း ဝါဂွမ်းနဲ့ ချည်ကိုတော့ ချည်ဆိုင်တွေကနေ ပြန်ဝယ်ရတယ်။ အထည်တွေ၊ ပိတ်ပဝါတွေ ရက်ကန်းခတ်တာက လုပ်သားအနည်းအများအပေါ် မူတည်ပါတယ်။ ထုတ်လုပ်မှုအနေနဲ့ လူတစ်ယောက်က တစ်နေ့ကို ပဝါဆိုရင် ငါးထည်၊ ပိတ်စဆိုရင် ၁၀ ကိုက်၊ ၁၂ ကိုက် အဲဒီလို လုပ်နိုင်တယ် ။ ၂၀၁၉ ခုနှစ် ၁ လပိုင်း ၁၀ ရက်နေ့က ဒီလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့တာပါ။ စစချင်းမှာ အမျိုးသားလုပ်သား ငါးယောက်၊ အမျိုးသမီး ငါးယောက်နဲ့ စခဲ့တယ်။ အခုတော့ အမျိုးသမီး ဦးရေ ၇၅ နဲ့ ၈၀ ဝန်းကျင်လောက် ရှိလာပါတယ်။ ဒါကြောင့် ပျမ်းမျှအနေနဲ့ တစ်နေ့ကို ပဝါဆိုရင် အထည် ၅၀ ကနေ ၁၀၀ ဝန်းကျင်အထိ၊ ပိတ်စကတော့ ၁၀ အုပ်ကနေပြီးတော့ အုပ် ၅၀ ဝန်းကျင်ထွက်တယ်၊ ပုံမှန်တော့မရှိဘူး။

ပြပွဲလာပြတာက လေးကြိမ်မြောက် ပြသတာဖြစ်သွားပြီ။ MSME ပြပွဲကိုလာရတဲ့ အကျိုးကျေးဇူးကတော့ ဖောက်သည်တွေနဲ့တွေ့ရတယ်။ ပြီးတော့ ဘဏ်တွေနဲ့ ချိတ်ဆက်ပေးတာတို့၊ ဈေးကွက်ချိတ်ဆက်ပေးတာတို့ကြောင့် အဲဒီအကျိုးကျေးဇူးတွေကတော့ လုပ်ငန်းရှင်တွေ ယူတတ်ရင် ယူတတ်သလို ရကြပါတယ်။ အဆင်ပြေတဲ့သူ များပါတယ်။ ကျွန်မတို့ထုတ်ကုန်ကို ဝယ်ယူသုံးစွဲနေတာက ကျွန်မတို့ဆီက ပိတ်စကို ယူတယ်၊ ပြီးရင် သူတို့က ချုပ်ထည်ပိုင်းကိုသွားကြတဲ့ ဒီဇိုင်နာတွေက ပိုများပါတယ်။ ဒီပြပွဲမှာ အဓိက လာရောက်ဝယ်ယူတာက မန္တလေးနဲ့ ရန်ကုန်က များပါတယ်။ အခု လောလောဆယ် ပြည်ပတော့မပို့ဖြစ်သေးပါဘူး။

**ဦးမြင့်ကို**
**လုပ်ငန်းရှင်၊ ခေတ်စံအိမ် မွန်ရိုးရာအထည်လုပ်ငန်း**

ရိုးရာဝတ်စုံ အမျိုးပေါင်း ၁၀၀ ကျော်လောက် ပါဝင်ပြသထားတာပါ။ “ခေတ်စံအိမ်” အနေနဲ့ကတော့ ပုဆိုးမှာဆိုရင် ချည်ပေါင်းသားရှိတယ်၊ နှစ် ၄၀၊ နှစ် ၆၀၊ နှစ် ၈၀၊ နှစ် ၁၀၀ ဆိုတဲ့ ချည်တွေပါ။ ပြီးတော့ အဆင့်ဆင့်ပေါင်းပြီးတဲ့ ချည်သားနဲ့ ချည်ရဲ့အသားအပေါ်မူတည်ပြီးတော့ ဈေးအပြောင်းအလဲရှိတာပါ။ အခုနှစ်မှာ စတင်ပြီး လာရောက်ပြသတာ ဖြစ်ပါတယ်။ အခုမှစပြီး ပါဝင်တာဖြစ်ပြီး ဒီလိုပြပွဲမျိုးမှာ ပထမဆုံးပြသတဲ့အခါ စိတ်လှုပ်ရှားမိတယ်။ အဆင်ပြေမလား၊ မပြေဘူးလား ဆိုပြီးတော့ပါ။ အများကြီးပူပင်သောကရောက်ခဲ့ပေမယ့် အခုတော့ အေးအေးဆေးဆေးပါပဲ။ အဆင်ပြေပြီ၊ ကျွန်တော် စလုပ်နိုင်သွားပါပြီ။ အခုလိုမျိုး ပြပွဲလုပ်ပေးတာက တိုင်းရင်းသားအားလုံးရဲ့ စည်းလုံးညီညွတ်မှုကို ပြသရာရောက်တယ်။ ဒီပွဲမှာဆိုရင် ဈေးနှုန်းဆိုရင် သက်သာမှန်ကန်တဲ့ဈေးနှုန်းနဲ့ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်က နိုင်ငံခြားကိုတင်ပို့ဖို့အထိ ရည်ရွယ်တဲ့အတွက်ကြောင့် ကိုယ့်နိုင်ငံရဲ့ အထည်ကို ကမ္ဘာကိုချပြလို့ရတယ်။ လက်ရှိ ကျွန်တော်ကတော့ ပြည်ပကို မဖြန့်သေးဘူး။ မော်လမြိုင်နဲ့ နေပြည်တော်ပဲ ရှိပါသေးတယ်။ ရှေ့လျှောက်ပြီး အစီအစဉ်တွေ အများကြီးရှိပါသေးတယ်။ အကုန်လုံးနဲ့ ချိတ်ဆက်ပြီး တစ်နိုင်ငံလုံးကို ဖြန့်မှာပါ။

**ဒေါ်ခင်ခင်မြင့်**
**လုပ်ငန်းရှင်၊ အထည်ချုပ်လုပ်ငန်း**

ချည်ထည်ကို အင်းလေးရက်ကန်းစင်ကနေ တိုက်ရိုက်ယူပြီးတော့ အိမ်မှာ ကိုယ်တိုင်ချုပ်တာပါ။ ကိုယ်ပိုင်ဒီဇိုင်းနဲ့ ကိုယ်တိုင်ဦးစီးပြီး အထည်ချုပ်လုပ်ငန်းကို လုပ်ကိုင်ပြီး ရောင်းချတာဖြစ်ပါတယ်။ ပြပွဲခင်းကျင်းပြသတာက သုံးကြိမ်မြောက် ရှိပါပြီ။ အကျိုးကျေးဇူး အများကြီး ရှိပါတယ်။ ဒီမှာ အခုလို ရောင်းချခွင့်ရတဲ့အတွက် မိတ်ဆွေတွေ တိုးပါတယ်၊ လုပ်ငန်းရှင် အချင်းချင်းဖလှယ်ခွင့် ရပါတယ်။ ရိုးရာချည်ထည်တွေက ကိုယ့်နိုင်ငံထွက်ပစ္စည်းဖြစ်လို့ တန်ဖိုးထားအမြတ်တနိုးနဲ့ ရောင်းချတာဖြစ်ပါတယ်။ အဲဒီအတွက် ဝယ်ယူဝတ်ဆင်တဲ့သူတွေကို ကျေးဇူးတင်ပါတယ်။ တချို့နိုင်ငံခြားသွားတဲ့သူတွေဆို အော်ဒါတွေ မှာကြတယ်။ ပြီးတော့ မန္တလေးနဲ့ ရန်ကုန်ကလည်း တော်တော်များများ မှာကြပါတယ်။ MSME မှာ အခုလို လာပြခွင့်ရတဲ့အတွက် အဆက်အသွယ်တွေရပြီး ဒီလိုမျိုးတွေ ပို့ခွင့်ရတာဖြစ်ပါတယ်။ ဒါကြောင့် ဒီလို ပွဲမျိုးလုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**ဒေါ်သန်းသန်းစိန်**
**လုပ်ငန်းရှင် ၊ UKK ပိုးထည်လုပ်ငန်း**

ပုဆိုးတွေကို အဆင့်ဆင့်ထုတ်လုပ်ရပါတယ်။ ကုန်ကြမ်းကနေ ကုန်ချောအဆင့်ဆင့် ထုတ်လုပ်တဲ့အခါမှာ အထည်တစ်ကွင်း ဖြစ်ဖို့ဆိုတာ အင်မတန်ခက်ပါတယ်။ အထည်တစ်ကွင်းဖြစ်ဖို့အတွက် အဆင့်ဆင့် လုပ်ရတာပါ။ ပထမချည်ဆိုးရတယ်၊ ရက်ဖောက်ရတယ်၊ တန်းပေါ်တင်ရတယ်၊ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းလာတဲ့ ရက်ကန်းလုပ်ငန်းကို ကျွန်မလက်ထက်မှာ ခေတ်နဲ့အညီ စက်တွေနဲ့ ဖြစ်လာတယ်။ နောက်တတိယမျိုးဆက် ကျွန်မသားလက်ထက်မှာတော့ အားလုံးက အော်တိုစက်တွေ ဖြစ်သွားတယ်။ အဲဒီတော့ စက်တစ်စင်ဆိုရင် ကွင်း ၃၀၀ ထွက်တယ်။

MSME ပြပွဲက အမရပူရကနေ နိုင်ငံတကာဆီသို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။ အားလုံးကို မြင်စေချင်တယ်၊ Product တွေ အကုန်လုံး ဒီမှာ စုစည်းတယ်၊ အများကြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်ထုတ်ကုန်တွေ အစုံပါတယ်။ Marketing က ကျယ်ပြန့်သွားတာပေါ့။ ကျွန်မတို့ပစ္စည်းကို ဒီဇိုင်းမျိုးစုံနဲ့ ထုတ်တဲ့အခါကျ အားလုံးက အားပေးကြတယ်၊ နှစ်သက်ကြတယ်။ နိုင်ငံတကာပြပွဲတွေအထိ ထိုးဖောက်နိုင်သွားပါပြီ။ ကမ္ဘောဒီးယားနဲ့ အင်ဒိုနီးရှားနိုင်ငံတွေမှာ Register လုပ်တာကို သူတို့က လက်ခံလိုက်တယ်။ အခု လတ်တလောကတော့ သူတို့လာလာ ဝယ်ကြတယ်။ ကမ္ဘောဒီးယားနဲ့ဆိုရင် ချိတ်ကလေးတွေကဆင်တော့ တိုက်ရိုက်အားပေးသွားတယ်၊ အများကြီးဝယ်သွားကြတယ်၊ အောင်မြင်တဲ့ အဆင့်ရောက်လာပါပြီ။

နိုင်ငံတကာအထိ ထိုးဖောက်ပြီးတော့ ဆောင်ရွက်မှာဖြစ်တဲ့အတွက် MSME ပြပွဲတွေမှာ ပြသခြင်းဖြင့် စီးပွားရေးချိတ်ဆက်ရေးကော်မတီတွေကတစ်ဆင့် နိုင်ငံတကာသံရုံးတွေနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်ခွင့်ရတယ်။ ဒီလိုချိတ်ဆက်လုပ်ကိုင်ခွင့်ရပြီး အားလုံးကနှစ်သက်ကြတဲ့အတွက် ကိုယ့်မြို့ဖြစ်တဲ့ အမရပူရအတွက် အများကြီးဝမ်းသာပါတယ်။

ကျွန်မတို့ခေတ်အလွန်မှာလည်း ဒီပညာကို ဆက်လက်ထိန်းသိမ်းပြီး ကျယ်ပြန့်စေချင်ပါတယ်။ အမရပူရကနေ မန္တလေးဈေးချို၊ ဈေးချိုကနေ ရန်ကုန်၊ ရန်ကုန်ကနေ အခုနိုင်ငံတကာအထိ ထိုးဖောက်ခဲ့တယ်။ ဆုတွေလည်း အများကြီးရခဲ့ပါတယ်။ ASEAN Award လည်း ရတယ်။ ၂၀၂၄ ခုနှစ်ကလည်း ကမ္ဘောဒီးယားမှာ အမျိုးသမီးစွမ်းဆောင်ရှင်အနေနဲ့ သွားတဲ့အခါ စွမ်းဆောင်ရည်ဆု UKK နဲ့ ဆုရခဲ့တယ်။ ပြီးတော့ နေပြည်တော် မာရဝိဇယဘုရား မသိုးသင်္ကန်းပြိုင်ပွဲမှာ မန္တလေးတိုင်း ကိုယ်စားပြုပြီး နှစ်နှစ်ဆက်တိုက် ပထမရခဲ့တယ်။

**ဇော်မျိုး (မြဝတီ)၊ ဓာတ်ပုံ - ဖိုးနိုင်**

# ဒုတိယဝန်ကြီး ဦးသိုက်စိုး တပ်ကုန်းမြို့နယ် အုန်းပင်-တောင်ပို့သာ ရေနိမ့်တံတား ပေ ၃၀၀ ဖွင့်ပွဲ တက်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိခရိုင် တပ်ကုန်းမြို့နယ် အုန်းပင်-တောင်ပို့သာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ရေနိမ့်တံတား ပေ ၃၀၀ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါတံတားတည်နေရာ၌ကျင်းပရာ ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ကျေးရွာသူကျေးရွာသားများ တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ကျရေးလုပ်ငန်းများသည် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မှုအပေါ် များစွာအခြေခံနေခြင်းကြောင့် ကျေးလက်လမ်းပန်းဆက်သွယ်ရေးသည် အဓိကအရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ရည်မှန်းချက်များ၊ မဟာဗျူဟာများ ရေးဆွဲချမှတ်ပြီး ကျေးလက်လမ်းတံတား စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၃၈၈၉ ရွာရှိပြီး ဦးစီးဌာနက ကျေးလက်လမ်းအရှည် မိုင်ပေါင်း ၄၃၉၇၇ မိုင်ကို တာဝန်ယူတည်ဆောက်ထိန်းသိမ်းလျက်ရှိပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေများဖြင့် လမ်းမိုင်ပေါင်း ၄၂၃ မိုင်၊ တံတားအစင်းရေ ၂၆၂ စင်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခု တံတားကို တည်ဆောက်ပေးခဲ့ခြင်းဖြင့် တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ကိုးရွာမှ အိမ်ခြေ ၂၁၉၄ အိမ်၊ လူဦးရေ ၈၇၅၅ ဦး၊ စိုက်ပျိုးမြေဧက ၈၂၀၀ ကို အကျိုးပြုမည်ဖြစ်ကြောင်း၊ ထို့အပြင် ကျေးရွာသူကျေးရွာသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများလည်း အကျိုးဖြစ်ထွန်းမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ စံချိန်စံညွှန်းနှင့်အညီ အဆင့်မြှင့်တင်တည်ဆောက်ခဲ့သော ကျေးလက်လမ်းတံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများက စနစ်တကျအသုံးပြုပြီး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်၊ ယာဉ်များကို ခွင့်ပြုတန်ချိန်များအတိုင်းသာ ဖြတ်သန်းမောင်းနှင်ကြရန်နှင့် တာဝန်ရှိသူများကလည်း စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး ကျေးရွာသူကျေးရွာသားများကိုယ်စား ကျေးရွာသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် အုန်းပင်-တောင်ပို့သာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ပေ ၃၀၀ ရေနိမ့်တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




**❂ ကျောဖုံးမှ**

ဒေသအချို့တွင် ညအပူချိန်များ လျော့နည်းနိုင်ခြင်းနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်း စသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။

လာနီညာဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည် ဖြစ်ပါသည်။

**မိုး/ဇလ**

## ရောဝတီမြစ်ရေ မန္တလေးမြို့တွင် လက်ရှိရေမှတ်အောက် ပေဝက်ခန့် ကျဆင်းလာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ရောဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၂၄၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယ (၁၀) ရက်ပတ်အတွင်း လက်ရှိရေမှတ်အောက် ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

## ကျောက်ဆည်တက္ကသိုလ်၌ ပျားမွေးမြူရေးဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်

**စဉ့်ကိုင် ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ ကျောက်ဆည်တက္ကသိုလ်နှင့် ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲတို့ ပူးပေါင်းကာ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် သတ္တဗေဒဌာနမှ ကြီးမှူးကျင်းပသော ပျားမွေးမြူရေးဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို အဆိုပါတက္ကသိုလ်ရှိ THEATER ခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာလဲ့လဲ့ဝေက အမှာစကားပြောသည်။ ထို့နောက် သတ္တဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာကြူကြူစန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ မန္တလေးတိုင်းဒေသကြီး ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်တင့်က ပျားမွေးမြူရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာ ဆရာမများက သင်တန်းသား သင်တန်းသူ ၁၂၁ ဦးအား ပျားမွေးမြူရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို စာတွေ့လက်တွေ့ ပို့ချသင်ကြားပေးသည်။ အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၁ ရက်အထိ ဖွင့်လှစ်ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

## ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ ၁၀-၂-၂၀၂၆ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီ ဆဲလ်စီးယပ် | ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၀.၀ | ၃၂.၀ |
| တီးတိန်မြို့ | ၅.၀ | ၄၁.၀ |
| မိုင်းယန်းမြို့ | ၅.၇ | ၄၂.၃ |
| ပူတာအိုမြို့ | ၈.၆ | ၄၇.၅ |
| လားရှိုးမြို့ | ၈.၈ | ၄၇.၈ |
| မချမ်းဘောမြို့နှင့် နမ့်စန်မြို့(ရှမ်းတောင်) | ၉.၀ | ၄၈.၂ |
| သီပေါမြို့ | ၉.၄ | ၄၈.၉ |
| မိုင်းညှင်းမြို့ | ၉.၈ | ၄၉.၆ |

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# နေပြည်တော်ရင်ပြင်တွင် ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် လုပ်ငန်းစီးပွားချိတ်ဆက် (Business Matching) ပြခန်း ဆက်လက်ပါဝင်ပြသ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရင်ပြင်၌ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပါဝင်ပြသလျက်ရှိသည့် လုပ်ငန်း/စီးပွားချိတ်ဆက် (Business Matching) ပြခန်းတွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို လုပ်ငန်းစတင်တည်ထောင်သည့် အချိန်မှစ၍ ပြည်တွင်းဈေးကွက်တွင် ရောင်းချခြင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည်အထိ ချိတ်ဆက်နိုင်မည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။



ပြပွဲကာလအတွင်း MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာဌာနများဖြစ်သည့် ကုန်သွယ်ရေးဦးစီးဌာနတွင် ပို့ကုန်၊သွင်းကုန်လုပ်ငန်းရှင်လက်မှတ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် FDA လက်မှတ်၊ မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့် အခြားဦးစီးဌာနများ၌ တင်သွင်း၊ တင်ပို့မှုဆိုင်ရာ ထောက်ခံချက်ကိစ္စရပ်များကို ရှင်းလင်းဆောင်ရွက်ပေးသည့် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဒေသထုတ်ကုန်များကို ပြည်တွင်းရှိ လက်လီ၊လက်ကားဆိုင်များဖြစ်သည့် MaKro၊ City Mart၊ One Stop Mart၊ Aeon စသည်တို့တွင် ကုန်ပစ္စည်းများ ပြသရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ပေးသည့် ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းသစ်တစ်ခု စတင်တည်ထောင်ခြင်းနှင့် လုပ်ငန်းတိုးချဲ့ရေးဆောင်ရွက်ရာတွင် လိုအပ်သည့်ဘဏ္ဍာငွေကြေးနှင့် ချေးငွေရရှိနိုင်ရေးတို့အတွက် ပြည်တွင်းရှိ Bank များဖြစ်သည့် ကမ္ဘောဇဘဏ်၊ CB ဘဏ်၊ AYA ဘဏ်၊ SME Development ဘဏ် စသည့်ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့် ရင်းနှီးမတည်ငွေချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်များ ပြည်ပဈေးကွက်ဝင်ရောက်နိုင်ရေးအတွက် နိုင်ငံပေါင်း ၁၂ နိုင်ငံတွင် တာဝန်ပေးစေလွှတ်ထားသည့် စီးပွားရေး သံမှူး ၁၆ ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့် ပြည်ပဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်း အဖွဲ့တို့ဖြင့် ဝန်ဆောင်မှုများပေးလျက်ရှိသည်။

ပြပွဲ တတိယမြောက်နေ့တွင် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ MSME လုပ်ငန်းရှင် (၉၀)၊ ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ လက်လီ၊ လက်ကား ၁၁ ဆိုင်နှင့်တွေ့ဆုံသည့် လုပ်ငန်းရှင် ၅၉ ဦး၊ ရင်းနှီးမတည်ငွေချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ ဘဏ် ၁၄ ခုနှင့် တွေ့ဆုံသည့် လုပ်ငန်းရှင် ၅၆ ဦး၊ ပြည်ပဈေးကွက် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ လုပ်ငန်းရှင် ခုနစ်ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဒဂုံတက္ကသိုလ်၌ တိုင်းရင်းသားရိုးရာအစားအစာရောင်းချပွဲနှင့် ပဒေသာကပွဲကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာအစားအစာရောင်းချပွဲနှင့် ပဒေသာကပွဲအခမ်းအနားကို အဆိုပါတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်/ဌာနများမှ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားကို ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားရိုးရာအစားအစာများ ရောင်းချနေမှုများကို လှည့်လည်ကြည့်ရှုခဲ့သည်။ **ဇွဲမင်းထက်(ပြန်/ဆက်)**

## သဘာဝဘေးဒဏ်ခံနိုင်သော ရပ်ရွာအသိုက်အဝန်းဖြစ်ပေါ်စေရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**မုဒုံ ဖေဖော်ဝါရီ ၁၀**

မွန်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ဦးဆောင်၍ မုဒုံမြို့နယ် ကတုံးပေါ်ကျေးရွာနှင့် မြို့မ(၄) ရပ်ကွက်အတွင်းရှိ ဆင်းရဲနွမ်းပါးပြီး သဘာဝဘေးကျရောက်လျှင် ကြံ့ခိုင်မှုမရှိသော နေအိမ်များအား အားဖြည့်ပြင်ဆင်ခြင်းလုပ်ငန်းများကို ယမန်နေ့က ကတုံးပေါ်ကျေးရွာ၌ စတင်ပြုလုပ်ပေးသည်။

နွေဦးကာလနှင့် မိုးကြိုကာလရာသီပြောင်းချိန်တွင် မုန်တိုင်းကျရောက်လေ့ရှိသဖြင့် အသိပညာပေးရန်နှင့် ရပ်ကွက်/ကျေးရွာအတွင်းရှိ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများ၊ အိုမင်းမစွမ်းအိမ်ထောင်စုများ၏ နေအိမ်များကို လေပြင်းဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးမှု နည်းနိုင်သမျှနည်းပါးစေရန် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အတွင်းရှိ မော်လမြိုင်၊ ကျိုက်မရော၊ ချောင်းဆုံနှင့် မုဒုံမြို့နယ်အတွင်းရှိ ရပ်ကွက် (၉)ရပ်ကွက်၊ကျေးရွာ(၇)ရွာမှ သတ်မှတ်ချက်နှင့်ကိုက်ညီသော အိမ်ခြေ ၁၆၀၀ ကျော်ကို လေပြင်းဒဏ်ခံကြံ့ခိုင်စွမ်းအားရှိစေရန် အိုးအိမ်များအား အားဖြည့်ပြင်ဆင်မှုဖြင့် သွပ်နန်းကြိုးများ ချည်နှောင်ပေးခြင်း၊ကျားကန်ထောင်မတ်ပေးခြင်း၊ ဝါးထရံ၊ ဓနိ၊ သက်ငယ်များ အသုံးပြုပြီး အားဖြည့်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။ **ရာမည(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

နေဖြူမြို့နယ်၌ မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဖေဖော်ဝါရီ ၁၀ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးကျော်ဝင်းလှိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးစဉ်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



## ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ( ၂-၂-၂၀၂၆ ရက်နေ့မှ ၈-၂-၂၀၂၆ ရက်နေ့အထိ) ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာ ဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟိုဌာန၊ ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# နေတိုးကွပ်ကဲရေးဌာနနှစ်ခု၏ ကွပ်ကဲရေးအာဏာ အမေရိကန်မှ ဥရောပနိုင်ငံများသို့ လွှဲပြောင်းပေးမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၀**
နေတိုး (NATO) ကွပ်ကဲရေးဌာနနှစ်ခု၏ ကွပ်ကဲရေးအာဏာကို အမေရိကန်ပြည်ထောင်စုမှ နေတိုးမဟာမိတ်နိုင်ငံများသို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောကြားလိုက်သည်။

ပူးတွဲကွပ်ကဲမှုဌာန နေပယ်လ်နှင့် အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ်ရှိ ပူးတွဲကွပ်ကဲမှုဌာန နော်ဖော့ခ်တို့၏ ကွပ်ကဲရေးအာဏာများကို လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၉ ရက်တွင် အင်န်အိတ်ချ်ကေသတင်းဌာနသို့ ပြောကြားသည်။

လတ်တလောတွင် ပူးတွဲကွပ်ကဲမှုဌာန နေပယ်လ်ကို အမေရိကန်ရေတပ်ဗိုလ်ချုပ်ကြီးတစ်ဦးက ကွပ်ကဲနေပြီး ပူးတွဲကွပ်ကဲမှုဌာန နော်ဖော့ခ်ကို အမေရိကန်ရေတပ် ဒုတိယဗိုလ်ချုပ်ကြီးတစ်ဦးက ကွပ်ကဲလျက်ရှိကြောင်း သိရသည်။ ပူးတွဲကွပ်ကဲမှုဌာန နော်ဖော့ခ်တာဝန်ယူရသည့် နယ်မြေဒေသတွင် အမေရိကန်၊ ဗြိတိန်နှင့် နော်ဒစ်နိုင်ငံအချို့ ပါဝင်သည်။

အဆိုပါ ဆုံးဖြတ်ချက်ကို နေတိုးမဟာမိတ်နိုင်ငံများအားလုံး စုပေါင်းပြီး ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ထို့ပြင် အဆိုပါ ဆုံးဖြတ်ချက်က ဥရောပ၏ ကာကွယ်ရေးကဏ္ဍတွင် ဥရောပ၏ ဦးဆောင်မှုကို ပြသခြင်းနှင့် ဥရောပကာကွယ်ရေးစွမ်းပကားများကို မြှင့်တင်ခြင်းဖြင့် မဟာမိတ်များကို ပိုမိုခိုင်မာတောင့်တင်းစေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**




# ပါကစ္စတန်နိုင်ငံက ဒစ်ဂျစ်တယ်စီးပွားရေးကို မြှင့်တင်ရန် အေအိုင်တွင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

**အစ္စလာမာဘတ် ဖေဖော်ဝါရီ ၁၀**
ပါကစ္စတန်အစိုးရအနေဖြင့် နိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးကို မြှင့်တင်ရန်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများကို တိုးတက်ကောင်းမွန်စေရန် ၂၀၃၀ ပြည့်နှစ် မတိုင်မီ ဉာဏ်ရည်တု (အေအိုင်) နည်းပညာ၌ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှီဘတ်ဇ်ရှာရစ်ဖ်က ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားသည်။


ပါကစ္စတန်ဝန်ကြီးချုပ် ရှီဘတ်ဇ်ရှာရစ်ဖ်။ ဓာတ်ပုံ – Anadolu

အဆိုပါ ရင်းနှီးမြှုပ်နှံမှုက ပါကစ္စတန်နိုင်ငံတစ်ဝန်း အားကောင်းသည့် အေအိုင်ဂေဟစနစ်တစ်ခုဖြစ်ထွန်းလာစေရန် ကူညီပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းရှိသည့် လူငယ်ထုကိုလည်း စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ရှာရစ်ဖ်က ညီလာခံတစ်ခုတွင် ပြောကြားသည်။

ထို့ပြင် ၎င်းက ဦးစားပေးကဏ္ဍများကို အလေးပေး ပြောကြားရာတွင် အေအိုင်နည်းပညာကို စိုက်ပျိုးရေး၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှု၊ ကုန်သွယ်ရေးနှင့် လူငယ်များစွမ်းရည်မြှင့်တင်ရေးကဏ္ဍတို့တွင် အဓိကထားအသုံးပြုသွားမည် ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

အစိုးရ၏ စီမံဆောင်ရွက်မှုများကို အလေးပေးပြောကြားရာ၌လည်း အစိုးရစာသင်ကျောင်းအားလုံးတွင် အေအိုင်သင်ရိုးညွှန်းတမ်းတစ်ရပ်ကို မိတ်ဆက်သွားမည်ဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်မတိုင်မီတွင် နိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများကို အလုံးစုံထောက်ပံ့ပေးထားသော အေအိုင်ဘာသာရပ်ဆိုင်ရာ PhD ပညာသင်ဆု ၁၀၀၀ ကို ပေးအပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှီဘတ်ဇ်ရှာရစ်ဖ်က ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံ၌ နီပါးရ်ဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်အဟုန်မြှင့်လုပ်ဆောင်

**ကိုလံဘို ဖေဖော်ဝါရီ ၁၀**
အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင် နီပါးရ်ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း သတင်းဖော်ပြချက်များကို အလေးထားတုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် သီရိလင်္ကာကျန်းမာရေးအာဏာပိုင်များသည် နီပါးရ်ဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေးအစီအမံများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိသည်ဟု အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ကျန်းမာရေးဝန်ကြီး နာလင်ဒါဂျာယာတစ်ဆာက ပြောသည်။

နိုင်ငံတွင်းသို့ နိုင်ငံခြားသားဝင်ရောက်မှု တဖြည်းဖြည်းတိုးလာခြင်းကို ကိုးကားဖော်ပြပြီး ကျန်းမာရေးဝန်ကြီးဌာနသည် လေဆိပ်များနှင့် အခြားဝင်ပေါက်နေရာများတွင် နီပါးရ်ဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဖေဖော်ဝါရီ ၁၀ ရက် အပတ်စဉ်ကျင်းပပြုလုပ်သော အစိုးရအဖွဲ့ သတင်းစာရှင်းလင်းပွဲတွင် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။ ပြည်ပအဝင်ခရီးစဉ်များမှတစ်ဆင့် နီပါးရ်ဗိုင်းရပ်စ်ကူးစက်နိုင်ခြေကို လျှော့ချရန် စောင့်ကြည့်ရေးယန္တရားများကို အားကောင်းလာအောင် ဆောင်ရွက်လျက်ရှိသည်ဟု ၎င်းက ဆက်လက်မှတ်ချက်ပြုပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် နီပါးရ်ဗိုင်းရပ်စ်အတည်ပြုလူနာများနှင့် သေဆုံးသူများရှိကြောင်း ဖော်ပြပြီးနောက် နိုင်ငံ့ကျန်းမာရေးဌာနက အဆိုပါဗိုင်းရပ်စ်နှင့်ပတ်သက်ပြီး အနီးကပ်စောင့်ကြည့်လျက်ရှိသည်ဟု ကျန်းမာရေးဝန်ကြီး နာလင်ဒါဂျာယာတစ်ဆာက ပြောသည်။

နိုင်ငံ၏ကျန်းမာရေးအာဏာပိုင်များက အထူးသဖြင့် ကိုလံဘိုတွင် ကျင်းပရန် စီစဉ်ထားသော နိုင်ငံတကာ အားကစားပွဲကြီးများအတွက် နိုင်ငံခြားဧည့်သည်များ ရောက်ရှိလာမည်ဆိုသည့်ကိစ္စနှင့် ပတ်သက်ပြီး အရေးပေါ်လိုအပ်ပါက ဆောလျင်စွာတုံ့ပြန်နိုင်ရန် ပြင်ဆင်ထားကြောင်းလည်း ၎င်းက ပြောသည်။ **ဆင်ဟွာ**

# ကွန်ဂိုနိုင်ငံအရှေ့ပိုင်းတွင် အပစ်အခတ်ရပ်စဲရန် အင်ဂိုလာသမ္မတနှင့် အာဖရိကသမဂ္ဂ ဥက္ကဋ္ဌ တောင်းဆို

**လုအန်ဒါ ဖေဖော်ဝါရီ ၁၀**
အင်ဂိုလာသမ္မတနှင့် အာဖရိကသမဂ္ဂ(AU)ဥက္ကဋ္ဌ Joao Lourenco သည် ဖေဖော်ဝါရီ ၉ ရက်တွင် လုအန်ဒါမြို့၌ အာဖရိကခေါင်းဆောင် အများအပြားနှင့် တွေ့ဆုံခဲ့ပြီး ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအရှေ့ပိုင်းတွင် အပစ်အခတ်ရပ်စဲရန် တောင်းဆိုခဲ့သည်။

Lourenco သည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ Felix Tshisekedi၊ Togo ဝန်ကြီးများကောင်စီဥက္ကဋ္ဌနှင့် AU ကြားဝင်စေ့စပ်ညှိနှိုင်းသူ Faure Essozimna Gnassingbe တို့နှင့်သာမကယခင်နိုင်ဂျီးရီးယားသမ္မတဟောင်း Olusegun Obasanjo တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဒေသတွင်း လုံခြုံရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဆွေးနွေးခဲ့သည်။

အစည်းအဝေးပြီးနောက် ထုတ်ပြန်ကြေညာလိုက်သော ကြေညာချက်တွင် ခေါင်းဆောင်များက အပစ်အခတ်ရပ်စဲရေးကို အကောင်အထည်ဖော်ရန် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှ လက်နက်ကိုင်အဖွဲ့အားလုံးကို တောင်းဆိုခဲ့သည်။ အပစ်အခတ်ရပ်စဲရေး၏ တိကျသောအချိန်နှင့် ပုံစံများကို သက်ဆိုင်ရာ ပါတီများအကြား ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ဆုံးဖြတ်မည်ဖြစ်ကြောင်းလည်း မှတ်ချက်ပြုပြောကြားခဲ့သည်။



၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် ဒိုဟာမြို့၌ သဘောတူညီထားသည့် အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်ရေးနှင့် စိစစ်အတည်ပြုရေး ယန္တရားအား အရှိန်မြှင့်ဆောင်ရွက်သွားရန်လည်း ကြေညာချက်တွင် တိုက်တွန်းထားသည်။ **ဆင်ဟွာ**

# တောင်အာဖရိကအရှေ့ပိုင်း၌ ပြင်းထန်သည့် ရာသီဥတုကြောင့် သေဆုံးသူ ငါးဦးရှိလာ

**ကိပ်တောင်း ဖေဖော်ဝါရီ ၁၀**
တောင်အာဖရိကအရှေ့ပိုင်း ကိပ်ပြည်နယ်တွင် မကြာသေးမီက ဖြစ်ပွားခဲ့သော ပြင်းထန်သည့်ရာသီဥတုအခြေအနေများကြောင့် သေဆုံးသူငါးဦးအထိ ရှိလာပြီဖြစ်ကြောင်း အာဏာပိုင်များက ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောသည်။

အိုအာရ်တမ်ဘိုဒေသရှိ နေရာများတွင် ရက်အတန်ကြာ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်းနှင့် မိုးသက်မုန်တိုင်းများ ကျရောက်ခြင်းတို့ဖြစ်ပေါ်ခဲ့ပြီးနောက် ရာသီဥတုနှင့် ဆက်နွှယ်သည့် သေဆုံးသူဦးရေမြင့်တက်လာခြင်းဖြစ်သည်။ ရာသီဥတုဆိုးရွားပြင်းထန်မှုကြောင့် လူနေအိမ်ခြေ ၂၆၀ ကျော်လည်း ပျက်စီးခဲ့သည်။ မြို့နယ်အုပ်ချုပ်ရေးမှူးက ရာသီဥတုဆိုးရွားပြင်းထန်မှုကြောင့် သေဆုံးခဲ့သည့် မိသားစုများထံ ဝမ်းနည်းကြောင်း သတင်းစကား ဖော်ပြခဲ့သည်။ **ဆင်ဟွာ**

## မန္တလေးမြို့၌ (၃၇)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၃၇)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိမဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မင်းကျောင်းပထမပြန်စာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသော ပင့်သံဃာတော် ဆရာတော်များ၊ စာအောင် သံဃာတော်၊ သီလရှင်၊ လူပုဂ္ဂိုလ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဧည့်ပရိသတ်များက သန်လျင်မြို့နယ် မင်းကျောင်းပထမပြန်စာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၏သမ္ဗောဒနီယ သာရဏီယ ဩဝါဒကထာကို နာယူကြည်ညို၍ ဒုတိယဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သန်လျင်မြို့နယ် မင်းကျောင်းပထမပြန် စာသင်တိုက်ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ၁၃၈၆ ခုနှစ် (၂၀၂၅ ခုနှစ်) အစိုးရဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် ဓမ္မာစရိယ အထူးအောင် လေးပါး၊ ပါဠိဂုဏ်ထူးအောင် တစ်ပါး၊ ပါဠိပထမပြန် အထူးအောင် ၁၆ ပါးတို့အား ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်အပ်နှင်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဓမ္မာစရိယ မြန်မာဂုဏ်ထူးအောင် ၁၃ ပါး၊ ဓမ္မာစရိယ ရိုးရိုးအောင် ၁၁၄၇ ပါး/ဦး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် အထူးအောင် (လူပုဂ္ဂိုလ်) ကိုးဦးတို့ကို ဘွဲ့လက်မှတ်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းပြီး အလှူရှင်များနှင့် ဧည့်ပရိသတ်များက စာအောင်ပုဂ္ဂိုလ်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပွဲကျင်းပ



**တောင်ငူ ဖေဖော်ဝါရီ ၁၀**

မန္တလေး မြေလျှင်ကြီးကြောင့် ထိခိုက်ယိုယွင်းခဲ့သည့် တောင်ငူဘုရင်မင်းခေါင် တည်ထားကိုးကွယ်ခဲ့သော တောင်ငူမြို့ ရှေးဟောင်း သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး စိန်ဖူးတော်သစ်၊ ငှက်မြတ်နားတော်သစ်၊ ရွှေထီးတော် တင်လှူပွဲ၊ ခေါင်းလောင်းတော်၊ ငှက်ပျောဖူးတော်တွင် ရွှေစင်ရွှေပြားကပ်လှူပူဇော်ခြင်းမင်္ဂလာနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ စိန်ဖူးတော်သစ်၊ ငှက်မြတ်နားတော်သစ်၊ ရွှေထီးတော်တင်လှူပွဲ၊ ရွှေစင်ရွှေပြားများ ကပ်လှူခြင်း၊ ရွှေပြား ၂၇၈ ချပ် ရွှေခက်ခများ လှူဒါန်းခြင်း၊ ကြာမှောက်ကြာလန်၊ ကိုယ်လုံးတော်နှင့် ပစ္စယံများ ပြန်လည်ပြုပြင်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲ ကျင်းပနိုင်ရေးအတွက် အလှူတော်ငွေကျပ်သိန်းပေါင်း ၆၀၀၀ ကျော် မတည်လှူဒါန်းခြင်းနှင့် ၂၀၁၈ ခုနှစ်တွင်လည်း စိန်တစ်ပွင့်၊ ရွှေစင်ရွှေပြားအခေါက် ရွှေ ၅၅ ကျပ်သား လှူဒါန်းပေးခဲ့သော အလှူဒါယကာ CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေး – ဇနီး ဒေါ်ဝင့်ရည်အေး မိသားစုနှင့် ခုနစ်ရက်သားသမီး အလှူရှင်များက သံဃာတော်အရှင်မြတ်များထံမှ ကိုးပါးသီလ ခံယူဆောက်တည်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်သည်။

ထို့နောက် ခုနစ်ရက် သားသမီး အလှူရှင်များက သတ်မှတ်နေရာ အသီးသီးတွင်နေရာယူ၍ ထီးတော်၊ ဘုံအဆင့်များ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ပန်းရထားဖြင့် အစီအစဉ်အတိုင်း တင်လှူပူဇော်ပြီး ဆရာတော်အရှင်သူမြတ်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူခဲ့သည်။ **ဇော်ကိုကို (တောင်ငူ)**

❍ ***ကျောဖုံးမှ***

ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စု ခြောက်လောင်းကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၃ ဧကခန့်အားလည်းကောင်း။

အလားတူ နံနက် ၉ နာရီ မိနစ် ၂၀ မှ မွန်းလွဲ ၂ နာရီခွဲထိ ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ် ထီပေါင်းကျေးရွာအုပ်စု တီလုံကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၃၁ ဧက ခန့်အား လည်းကောင်း။

ထို့အတူ နံနက် ၁၀ နာရီခွဲမှ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ထိ မိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က မိုင်းတုံမြို့နယ် လွယ်ခမ်းလုံကျေးရွာအုပ်စု အထက်လွယ်ခါးကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၀ ဧကခန့်အား လည်းကောင်း အသီးသီး ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

❒ ***ကျောဖုံးမှ***

ထိရောက်မှုရှိခဲ့ပြီး အဆုံးသတ်သေချာမှုများကြောင့် သွင်းဂိုးများ ရယူနိုင်ခဲ့သည်။

ရက်ဖီးလ်အသင်းသည် ဒုတိယပိုင်းတွင် တိုက်စစ်ကစားသမား ပက်ထရစ်ဘမ်းဖို့ဒ်၏ ချေပဂိုးကြောင့် ပွဲမှာ ပိုပြီးအကြိတ်အနယ် ရှိလာခဲ့သည်။ သို့သော်လည်း လူစားဝင်ကွင်းလယ်ကစားသမား ရှသ်ဝဲလ် အနီကတ်ပြထုတ်ပယ်ခံခဲ့ရပြီးနောက် ပြိုင်ဘက် မစ်ဒယ်ဘရော့အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကို ဟန့်တားကာကွယ်ခဲ့ရသည်။

မစ်ဒယ်ဘရော့အသင်းသည် အကောင်းဆုံးပုံစံကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကာ ငါးပွဲဆက် နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့ပြီး နည်းပြ လမ်းပတ်၏ ကိုဗင်ထရီအသင်းကို ကျော်ဖြတ်ကာ အမှတ်ပေးဇယားကို ဦးဆောင်ခွင့် ရရှိခဲ့သည်။ ရက်ဖီးလ်အသင်းက ဒုတိယပိုင်းတွင် အသင်းကစားပုံကောင်းမွန်မှု ရှိခဲ့သော်လည်း အနီကတ်ပြခံရမှုနှင့် အဆုံးသတ်မသေချာမှုများကြောင့် ရှုံးပွဲတွေ့ကြုံခဲ့ရသည်။ **အောင်ဇော်**

## ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်း ရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နှစ်ရက်မှ သုံးရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် သုံးရက်မှ ခြောက်ရက်ခန့်နှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် တစ်ရက်မှ နှစ်ရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးလက်မခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးလက်မခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ပေခွဲခန့်နှင့် မဒေါက်မြို့တွင် သုံးလက်မခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးလက်မခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ဘောဂဗေဒဘာသာရပ် သိကောင်းစရာများ

ဒေါက်တာစုစုမြတ်၊ ပါမောက္ခ(ဌာနမှူး) အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ဘောဂဗေဒဘာသာရပ်နှင့်ပတ်သက်သော အထောက်အကူပြုသိကောင်းစရာများအနေဖြင့် အပိုင်း(၂)ပိုင်းခွဲ၍ ဖော်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို ဖော်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ဖြေဆိုပုံ ဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းပါမည်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ**

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာတွင် မေးခွန်းအမျိုးအစား (၅)မျိုး ပါဝင်သည့် မေးခွန်း(၅)ပုဒ်ပါရှိပါသည်။ မေးခွန်း (၅)ပုဒ်လုံးကို ဖြေဆိုကြရမည်ဖြစ်သည်။ မေးခွန်းအမျိုးအစား (၅)မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မှတ်စုရှည်မေးခွန်းနှင့် (၅) တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှုများပြုလုပ်ရသည့်မေးခွန်းတို့ဖြစ်သည်။

**မေးခွန်းလွှာအမှတ်ခွဲဝေမှုပုံစံ**

| စဉ် | မေးခွန်းနံပါတ် | မေးခွန်းအမျိုးအစား | | ပေးမှတ် | |
|---|---|---|---|---|---|
| ၁ | ၁။ | ဓမ္မဓိဋ္ဌာန်<br>(က) မှား/မှန်<br>( ခ ) အဖြေမှန်ရွေးချယ်<br>( ဂ ) ကွက်လပ်ဖြည့် | <br>(၁၀)ခု<br>(၁၀) ခု<br>(၁၀) ခု | အားလုံးဖြေ<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု) | (၃၀) မှတ် |
| ၂ | ၂။ | အဓိပ္ပာယ်ဖွင့်ဆိုချက် | (၁၀) ခု | (၅) ခု ရွေးချယ်ဖြေဆို<br>(၂ မှတ် x ၅ ခု) | (၁၀) မှတ် |
| ၃ | ၃။ | မှတ်စုတို | (၄) ပုဒ် | (၂ ) ပုဒ်<br>ရွေးချယ်ဖြေဆို<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀) မှတ် |
| ၄ | ၄။ | မှတ်စုရှည် | (၂) ပုဒ် | (၁) ပုဒ်<br>ရွေးချယ်ဖြေဆို<br>(၂၀ မှတ် x ၁ ပုဒ်) | (၂၀) မှတ် |
| ၅ | ၅။ | တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှု | (၂) ပုဒ် | (၂ ) ပုဒ်ဖြေ<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀) မှတ် |
| | | | | **စုစုပေါင်း** | **(၁၀၀)မှတ်** |

အထက်ပါဇယားအရ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာတွင် ပါဝင်သော မေးခွန်းပုံစံ(၅)မျိုးသည် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာတွင် ပါဝင်သောမေးခွန်းပုံစံများနှင့် တူညီပါသည်။ သို့သော် **သတိပြုရမည့်အချက်မှာ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ်တွင် အချို့သော မေးခွန်းနံပါတ်များ၌ ရွေးချယ်ဖြေဆိုရန်ပေးထားသည့် အရေအတွက်ပြောင်းသွားခြင်းပင်ဖြစ်သည်။ မေးခွန်းနံပါတ်(၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ**ကို (၁၀)ခုပေးထားပြီး ကြိုက်နှစ်သက်ရာ(၅)ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ အလားတူပင် **မေးခွန်းနံပါတ်(၄) မှတ်စုရှည်မေးခွန်းတွင်** (က)နှင့် (ခ)ဟူ၍ ရွေးချယ်စရာ(၂)ပုဒ် ပေးထားပြီး ကြိုက်နှစ်သက်ရာ(၁)ပုဒ်ကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ **မေးခွန်းနံပါတ်(၅) တွင်** တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို (က)နှင့် (ခ) ဟူ၍ မေးခွန်း (၂)ပုဒ် မေးထားပြီး ရွေးချယ်စရာမရှိဘဲ (၂)ပုဒ်လုံးကို ဖြေဆိုရပါမည်။

**ဖြေဆိုပုံဖြေဆိုနည်း**

**မေးခွန်းနံပါတ် (၁)**သည် ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်သည်။ မေးခွန်းနံပါတ်(၁) ကို ဖြေဆိုနိုင်ရန်အတွက် သင်ခန်းစာတိုင်း၏အဆုံးတွင် ဘောင်ခတ်၍ ဖော်ပြထားသော အဓိကအချက်များကို လေ့လာရုံမျှဖြင့် မလုံလောက်ကြောင်း သတိပြုရပါမည်။ သင်ခန်းစာတွင်ပါရှိသော သဘောတရားများနားလည်သဘောပေါက်မှုကို ဆန်းစစ်သည့် မေးခွန်းဖြစ်သည့်အတွက် သင်ခန်းစာကို ကောင်းစွာနားလည်မှသာ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ မေးခွန်းနံပါတ်(၁)အတွက် စုစုပေါင်းပေးမှတ်မှာ (၃၀)မှတ်ဖြစ်သည်။ မေးခွန်းနံပါတ် (၁)ကို (က)၊ (ခ) နှင့် (ဂ) ဟူ၍ (၃) ပိုင်းခွဲထားသည်။

**မေးခွန်း (၁-က)** ။ ။ ဤမေးခွန်းတွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ပေးထားသောဖော်ပြချက်ကို **မှား** သို့မဟုတ် **မှန်** ဖြေဆိုရန်ဖြစ်ပါသည်။ မေးခွန်းစာကြောင်းပြန်ရေးရန်မလိုဘဲ အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ - 'အစွန်းထွက်ထုတ်ကုန်တိုးတက်လာခြင်းသည် ထုတ်လုပ်မှုတွင် အသုံးပြုသည့် ပုံသေသွင်းအားစုနှင့် သွင်းအားစုရှင်အချိုးမြင့်မားနေသည့်အဆင့်များတွင်သာဖြစ်ပေါ်မည်။' ဟူသော ဖော်ပြချက်အတွက် အဖြေမှာ 'မှန်' ဖြစ်သည့်အတွက် 'မှန်' ဟုသာ ဖြေဆိုရန်ဖြစ်သည်။ အဖြေလွှာစစ်ဆေးသူ (စာစစ်သူ) ဖတ်၍ မရသော၊ မှား/မှန် မကွဲပြားသော အဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် ဖြေဆိုသူက အဖြေကို ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ မေးခွန်းဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်း ပေးမှတ်မှာ (၁၀)မှတ်ဖြစ်သည်။

**မေးခွန်း (၁-ခ)** ။ ။ ဤမေးခွန်းတွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ အဖြေ (၃)မျိုး ပေးထားသည့်အနက် အဖြေမှန်တစ်ခုကိုသာ ရွေးချယ်ရန်ဖြစ်သည်။ မေးခွန်းစာကြောင်းပြန်ရေးရန်မလိုဘဲ အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ 'ကုန်စည်တစ်ခုအတွက် ဝယ်လိုအား၏ဝင်ငွေအလျော့အတင်းသည် အနုတ်လက္ခဏာဆောင်ပါက ထိုကုန်စည်သည် (က) မရှိမဖြစ်ကုန်စည် (ခ) သာမန်ကုန်စည် (ဂ) ကုန်ညံ့ဖြစ်သည်။' ဟူသော ဖော်ပြချက်တွင် အဖြေမှာ (ဂ) ကုန်ညံ့ဖြစ်သည်။ ထို့ကြောင့် အဖြေကို **(၁) (ဂ)** သို့မဟုတ် **(၁)(ဂ)** ကုန်ညံ့ ဟု ဖြေဆိုရန်ဖြစ်သည်။ မေးခွန်း ဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းပေးမှတ် (၁၀)မှတ် ဖြစ်သည်။

**မေးခွန်း (၁-ဂ)** ။ ။ ဤမေးခွန်းတွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် ဖြေဆိုသူက ပေးထားသောဖော်ပြချက်စာကြောင်း၏ လိုအပ်သည့်ကွက်လပ်အတွက် အဖြေမှန်ကို ဖြည့်စွက်ပေးရန်ဖြစ်သည်။ မေးခွန်းစာကြောင်းကို ပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့်အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ တိကျသော အဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန် လိုအပ်ပါသည်။ ဥပမာ'ငွေကြေးမူဝါဒ၏ ကန့်သတ်ချက်အနေဖြင့် အတိုးနှုန်းပြောင်းလဲမှုအပေါ် စီးပွားရေးလုပ်ဆောင်ချက်များက တုံ့ပြန်ရာတွင် --------ရှိနေသည်။' ဟူသော မေးခွန်းအတွက်အဖြေမှာ 'အချိန်ကွာဟမှု' ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းဖော်ပြချက် (၁)ခုလျှင် (၁)မှတ်ဖြင့် (၁၀)ခုအတွက် စုစုပေါင်း ပေးမှတ် (၁၀)မှတ်ဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိတိကျကျပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် တိကျမှန်ကန်ပြည့်စုံပါက အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုအတွက် (၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက (၁)မှတ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် မှားယွင်းပါက (၀)မှတ်ဟု အမှတ်ပေးစည်းမျဉ်း ချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန်ဖြစ်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက် တစ်ခုလျှင် (၂)မှတ်နှင့် (၅)ခု ဖြေဆိုရသည့်အတွက် စုစုပေါင်းပေးမှတ်မှာ (၁၀)မှတ် ဖြစ်သည်။

**မေးခွန်းနံပါတ်(၃)**တွင် (၁၀)မှတ်တန် မှတ်စုတို (၄)ပုဒ် ပေးထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ်(၃)အတွက် မှတ်စုတို(၁)ပုဒ်လျှင်(၁၀)မှတ်နှင့် (၂)ပုဒ်အတွက် ပေးမှတ်မှာ (၂၀)မှတ်ဖြစ်သည်။ **မေးခွန်းနံပါတ် (၄)**တွင် အမှတ်(၂၀)မှတ်တန် မှတ်စုရှည် (၂)ပုဒ်ပေးထားပြီး နှစ်သက်ရာ(၁)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မှတ်စုတိုနှင့် မှတ်စုရှည်မေးခွန်းများကို ဖြေဆိုနိုင်ရန်မှာ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နှံ့စပ်စွာဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။ အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက အဖြေလွှာစစ်ဆေးသူ ရှင်းလင်းစွာစစ်ဆေးနိုင်ရန် မေးထားသည့်အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁)ချက်ချင်းစီကို ရှင်းလင်းဖြေဆိုသင့်ပါသည်။

**မေးခွန်းနံပါတ် (၅)**တွင် တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို (က)နှင့် (ခ) ဟူ၍ မေးခွန်း(၂)ခု မေးထားပြီး (၂)ခုလုံးကို ဖြေဆိုရပါမည်။ မေးခွန်းနံပါတ်(၅)အတွက် ပေးမှတ်မှာ (၂၀) မှတ် ဖြစ်သည်။ မေးခွန်းနံပါတ်(၅)တွင် ပေးထားသောကိန်းဂဏန်းများနှင့် အချက်အလက်များကို အသုံးပြု၍ တွက်ချက်ခြင်း၊ မျဉ်းကွေးများ ရေးဆွဲခြင်း၊ သုံးသပ်ခြင်းများ ပြုလုပ်ဖြေဆိုရသည့်အတွက် သင်ခန်းစာပါ သဘောတရားများအပေါ် နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သောမေးခွန်းများဖြစ်သည်။ တိကျမှန်ကန်စွာဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့်သုံးသပ်ချက်များ မှားယွင်းပါက အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်းနံပါတ်(၅)နှင့် ပတ်သက်၍ အထူးအလေးပေး ရှင်းလင်းပါမည်။

မေးခွန်းနံပါတ်(၅)တွင် တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှု ပြုလုပ်ရသည့်မေးခွန်းများကို မေးနိုင်သည့် အခန်းမှာ (၄)ခန်းရှိသည်။ ယင်းအခန်းများမှာ သင်ခန်းစာ အခန်း(၁)၊ အခန်း(၂)၊ အခန်း(၃)နှင့် အခန်း(၇) တို့ဖြစ်ကြသည်။

**အခန်း(၁)'ဝယ်လိုအားအလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်း'** အခန်းတွင် အလျော့အတင်းပုစ္ဆာပုံစံ(၅)မျိုးရှိသည်။ (က) ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း၊ (ခ) စုစုပေါင်း ရောင်းရငွေနှင့်ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်းဆက်စပ်ပုံ၊ (ဂ)ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်း၊ (ဃ) ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းနှင့် (င) ရောင်းလိုအားအလျော့အတင်းတို့ဖြစ်သည်။

ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း၊ ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်း၊ ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်းများကို တွက်ချက်စေသော မေးခွန်းများတွင် မေးထားသည့် အလျော့အတင်း၏အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖော်ပြ ဖြေဆိုရပါမည်။ ထို့နောက် တွက်ချက်မှုနှင့် သုံးသပ်မှုကိုပြုလုပ်ရပါမည်။ ဥပမာ - ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း ပုစ္ဆာမေးခွန်းကို ဖြေဆိုရာတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ တွက်ချက်ရပါမည်။ ထို့နောက် တွက်ချက်ရရှိသောအဖြေကို ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း သဘောတရားများအရ သုံးသပ်ဖြေဆိုရမည်။ ထို့အတူ အခြားသောအလျော့အတင်း ပုစ္ဆာမေးခွန်းများကို ဖြေဆိုရာတွင်လည်း အထက်ပါအတိုင်းဖြေဆိုရမည်။ အလျော့အတင်း ပုစ္ဆာမေးခွန်းများအတွက် သုံးသပ်ရာတွင် မှတ်သားရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

**(က) ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း(Ed )**အတွက် အချက်(၃)ချက် သုံးသပ်ရပါမယ်။

(၁) ကုန်စည်၏ဝယ်လိုအားအလျော့အတင်း အနည်း/အများကို သုံးသပ်ရပါမည်။ ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း (Ed) အနည်း/အများကို သုံးသပ်ရာတွင် အနုတ်လက္ခဏာကိုမစဉ်းစားဘဲ ပကတိတန်ဖိုးကို စဉ်းစားရမှာဖြစ်သည်။ ဥပမာ Ed ရဲ့တန်ဖိုး -၁.၆ ဖြစ်ပါက Ed သည် ၁ ထက်ကြီးသဖြင့် အလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။ Ed ၏တန်ဖိုး - ၀.၆ ဖြစ်ပါက ပကတိတန်ဖိုးအရ Ed သည် ၁ ထက်ငယ်သောကြောင့် အလျော့အတင်းနည်းသည်ဟု သုံးသပ်နိုင်သည်။

(၂) ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းတန်ဖိုးသည် အမြဲတမ်း အနုတ်လက္ခဏာဖြစ်ရသည့် အကြောင်းရင်းကို ဖော်ပြရမည်။ (ကုန်စည်၏ဈေးနှုန်းနှင့်ဝယ်ယူသောအရေအတွက်သည် ပြောင်းပြန်ဆက်စပ်သဖြင့် Ed တန်ဖိုးသည် အမြဲလို အနုတ်တန်ဖိုးဖြစ်သည်။)

(၃) ဈေးနှုန်း ၁% မြင့်တက်သွားပါက ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်းမည်မျှ လျော့နည်းသွားသည် (သို့မဟုတ်) ဈေးနှုန်း ၁% ကျဆင်းသွားပါက ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်း မည်မျှတိုးသွားသည်ကို သုံးသပ်ရပါမည်။

**(ခ) စုစုပေါင်းရောင်းရငွေနှင့် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းဆက်စပ်ပုံ**ကိုလည်း လေ့လာထားရန်လိုအပ်ပါသည်။ တွက်ချက်ရရှိသော ဝယ်လိုအားအလျော့အတင်းတန်ဖိုးအရ ကုန်စည်၏ ဝယ်လိုအားအလျော့အတင်းအနည်း/အများကို သုံးသပ်နိုင်သကဲ့သို့ အလျော့အတင်းတန်ဖိုးကို မတွက်ချက်ဘဲ ဈေးနှုန်းပြောင်းလဲမှုနှင့် စုစုပေါင်းရောင်းရငွေ ပြောင်းလဲမှုအရလည်း ကုန်စည်၏ဝယ်လိုအားအလျော့အတင်းအနည်း/အများကို ခန့်မှန်းနိုင်ကြောင်း သိရှိထားရန်လိုအပ်သည်။ **ဇယားတွင် ဖော်ပြထားသည့်**

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

**အချက်အလက်များအရ ဈေးနှုန်း၊ စုစုပေါင်းရောင်းရငွေနှင့် ဝယ်လိုအား အလျော့အတင်းတို့၏ ဆက်စပ်မှုများကို ရှင်းလင်းဖြေဆိုပါဟူသော မေးခွန်းမျိုးတွင်  ဝယ်လိုအား၏ ဈေးနှုန်း အလျော့အတင်း (Ed )ကို တွက်ချက်ဖော်ပြရန်မလိုအပ်ပါ**။ ဥပမာ အောက်ဖော်ပြပါ ဇယားတွင် ဈေးနှုန်းနှင့် ဝယ်ယူသည့် အရေအတွက်များကို ဖော်ပြထားသည်

| ဈေးနှုန်း (ကျပ်) | အရေအတွက် ယူနစ် | စုစုပေါင်း ရောင်းရငွေ (ကျပ်) | အလျော့အတင်း (Ed) |
|---|---|---|---|
| ၇၀ | ၂ | ၁၄၀ | - |
| ၆၀ | ၄ | ၂၄၀ | များ |
| ၅၀ | ၆ | ၃၀၀ | များ |
| ၄၀ | ၈ | ၃၂၀ | များ |
| ၃၀ | ၁၀ | ၃၀၀ | နည်း |
| ၂၀ | ၁၂ | ၂၄၀ | နည်း |

ဇယားပါအချက်အလက်များအရ **ဈေးနှုန်းနှင့်အရေအတွက်ကိုမြှောက်ခြင်းဖြင့် စုစုပေါင်းရောင်းရငွေကိုတွက်ချက်ရရှိမည်**။ ဇယားတွင် ဈေးနှုန်းများကိုကြည့်ပါက ကျဆင်းနေကြောင်းကို တွေ့ရသည်။ ရောင်းရငွေကိုကြည့်ပါက ရောင်းရငွေတိုးလာပြီး **ဈေးနှုန်း (၄၀)ကျပ်မှာ (၃၂၀)ကျပ်ဖြစ်ပြီး အများဆုံးဖြစ်ပါသည်**။ ဈေးနှုန်း (၃၀)ကျပ်မှစ၍ ရောင်းရငွေ ကျဆင်းသွားပါသည်။ ထို့ကြောင့် **ဆက်စပ်မှုကိုကြည့်သောအခါ** ဈေးနှုန်း (၇၀)ကျပ်မှ (၄၀)ကျပ်အထိတစ်ပိုင်း၊ ဈေးနှုန်း (၄၀)ကျပ်မှ (၂၀)ကျပ်အထိ တစ်ပိုင်း ပိုင်းခြားပြီး သုံးသပ်ရပါမည်။ **သုံးသပ်ပုံမှာ** – ဈေးနှုန်းသည် (၇၀)ကျပ်မှ (၆၀)ကျပ်၊ (၅၀)ကျပ်နှင့် (၄၀)ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသောအရေအတွက်များသည် တိုးလာပြီး ရောင်းရငွေမှာလည်း (၁၄၀)ကျပ်မှ (၂၄၀)ကျပ်၊ (၃၀၀)ကျပ်နှင့် (၃၂၀)ကျပ်သို့ တိုးသွားသည်။ ဝယ်ယူသည့် အရေအတွက်တိုးလာခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားများသောကြောင့် ရောင်းရငွေတိုးလာခြင်းဖြစ်သည်။ **ဈေးနှုန်းသည် (၇၀)ကျပ်မှ (၆၀)ကျပ်၊ (၅၀)ကျပ်နှင့် (၄၀)ကျပ်သို့ ကျဆင်းသွားသောအခါ** ဈေးနှုန်းပြောင်းလဲမှုနှင့် ရောင်းရငွေပြောင်းလဲမှု ပြောင်းပြန်ဆက်စပ်နေသဖြင့် ဝယ်လိုအားအလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။

**ဈေးနှုန်းသည် (၄၀)ကျပ်မှ (၃၀)ကျပ်နှင့်  (၂၀)ကျပ်သို့ ဆက်လက်ကျဆင်းသွားသောအခါ** ဝယ်ယူသောအရေအတွက်များသည် တိုးလာပြီး ရောင်းရငွေမှာ (၃၂၀)ကျပ်မှ (၃၀၀)ကျပ်နှင့် (၂၄၀)ကျပ်သို့ ကျဆင်းသွားသည်။ ဝယ်ယူသည့်အရေအတွက်တိုးလာခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားနည်းသောကြောင့် ရောင်းရငွေလျော့နည်းသွားခြင်းဖြစ်သည်။ ထို့ကြောင့် ဈေးနှုန်းသည် (၄၀)ကျပ်မှ(၃၀)ကျပ်နှင့် (၂၀)ကျပ်သို့ ကျဆင်းသွားသောအခါ ရောင်းရငွေကျဆင်းသွားသည်။ ဈေးနှုန်းပြောင်းလဲမှုနှင့် ရောင်းရငွေပြောင်းလဲမှု တိုက်ရိုက်ဆက်စပ်နေသဖြင့် ဝယ်လိုအား အလျော့အတင်းနည်းသည်ဟု သုံးသပ်နိုင်သည်။

**(ဂ) ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်း (Exy)** ကို သုံးသပ်ရာတွင်လည်း အချက် (၃)ချက် သုံးသပ်ရပါမည်။

(၁)  ကုန်စည်၏ဝယ်လိုအားအလျော့အတင်း အနည်း/အများကို သုံးသပ်ရမည်။ Exy ၏ တန်ဖိုး ၁ ထက်ကြီးပါက အလျော့အတင်းများပြီး၊ Exy ၏တန်ဖိုး ၁ ထက်ငယ်ပါက အလျော့အတင်းနည်းသည်ဟု သုံးသပ်ရမည်။

(၂)  တွက်ချက်ရရှိသော အပြန်အလှန်အလျော့အတင်း (Exy) ၏ လက္ခဏာကိုသုံးသပ်ရမည်။ Exy သည် အပေါင်း (+)  လက္ခဏာဆောင်ပါက ကုန်စည် X ကိုဝယ်ယူသောအရေအတွက်နှင့် ကုန်စည် Y ၏ ဈေးနှုန်းတိုက်ရိုက်ဆက်စပ်သဖြင့် ကုန်စည် X နှင့်  ကုန်စည် Y သည် အစားထိုးကုန်စည်များဖြစ်ကြသည်ဟုသုံးသပ်ရမည်။  Exy သည် အနုတ်(-) လက္ခဏာဆောင်ပါက ကုန်စည် X ကို ဝယ်ယူသောအရေအတွက်နှင့် ကုန်စည် Y ၏ဈေးနှုန်း ပြောင်းပြန်ဆက်စပ်သဖြင့် ကုန်စည် X  နှင့်  ကုန်စည် Y သည် တွဲဖက်ကုန်စည်များဖြစ်ကြသည်ဟုသုံးသပ်ရမည်။

(၃) ကုန်စည် Y ၏ဈေးနှုန်း ၁% ပြောင်းလဲခြင်း (တက်ခြင်း/ကျခြင်း)ကြောင့် ကုန်စည် X ကိုဝယ်ယူသော အရေအတွက် ရာခိုင်နှုန်းမည်မျှပြောင်းလဲသွားသည်(တိုးသွားသည်/လျော့သွားသည်)ကို သုံးသပ်ရမည်။

**(ဃ) ဝယ်လိုအား၏ဝင်ငွေအလျော့အတင်း (Ey)** ကို သုံးသပ်ရာတွင်လည်း အချက်(၃)ချက် သုံးသပ်ရပါမည်။

(၁)  ကုန်စည်၏ဝယ်လိုအားအလျော့အတင်း အနည်း/အများကို သုံးသပ်ရမည်။ Ey  ၏ တန်ဖိုး  ၁ ထက်ကြီးပါက အလျော့အတင်းများပြီး၊ Ey ၏ တန်ဖိုး ၁ ထက်ငယ်ပါက အလျော့အတင်းနည်းသည်ဟု သုံးသပ်ရမည်။

(၂) တွက်ချက်ရရှိသော ဝင်ငွေအလျော့အတင်းတန်ဖိုး၏ လက္ခဏာကိုသုံးသပ်ရမည်။

(၃) ဝင်ငွေ ၁% ပြောင်းလဲခြင်းကြောင့် ဝယ်ယူသောအရေအတွက်ပြောင်းလဲမှုရာခိုင်နှုန်းကို သုံးသပ်ရမည်။ Ey တန်ဖိုး အပေါင်းလက္ခဏာ(+) လက္ခဏာဆောင်ပါက ဝင်ငွေတိုးလျှင် ကုန်စည်အတွက် ဝယ်လိုအားတိုးသည်။ ထို့ကြောင့် သာမန်ကုန်စည်ဟုသုံးသပ်နိုင်သည်။ Ey တန်ဖိုး အနုတ်လက္ခဏာ (–) ဆောင်ပါက ဝင်ငွေတိုးလျှင် ကုန်စည်အတွက်ဝယ်လိုအားကျဆင်းသွားသည်။  ထို့ကြောင့် ကုန်စည်သည် ကုန်ညံ့ဖြစ်သည်ဟုသုံးသပ်နိုင်သည်။ Ey တန်ဖိုးသည် သုည (၀) ဖြစ်ပါက ဝင်ငွေပြောင်းလဲမှုသည်  ဝယ်လိုအားအပေါ် အကျိုးသက်ရောက်မှုမရှိပါ။ ထို့ကြောင့် ကုန်စည်သည် မရှိမဖြစ်လိုအပ်သော ကုန်စည်၊ အခြေခံကုန်စည်ဖြစ်ကြောင်း သုံးသပ်ရမည်။

(၃) သာမန်ကုန်စည်ဖြစ်ပါက ဝင်ငွေ ၁ % (တက်)သွားလျှင် ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်းမည်မျှ (တက်)သွားသည်။ ကုန်ညံ့ဖြစ်ပါက ဝင်ငွေ ၁ % (တက်)သွားလျှင် ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်းမည်မျှ(ကျဆင်း)သွားသည် စသဖြင့်သုံးသပ်ရမည်။

**(င) ရောင်းလိုအား၏ ဈေးနှုန်းအလျော့အတင်း(Es)**ကို သုံးသပ်ရာတွင်လည်း အချက် (၃)ချက် သုံးသပ်ရမည်။

(၁) ရောင်းလိုအား၏ ဈေးနှုန်းအလျော့အတင်း အနည်း/အများ ကိုသုံးသပ်ရမည်။ (Es သည် ၁ ထက်ကြီးပါက အလျော့အတင်းများသည်ဟုသုံးသပ်နိုင်သည်။  Es သည် ၁ ထက်ငယ်ပါက အလျော့အတင်းနည်းသည် ဟုသုံးသပ်နိုင်သည်။)

(၂) ရောင်းလိုအားအလျော့အတင်းတန်ဖိုးသည် အမြဲတမ်းအပေါင်းကိန်းဖြစ်ရသည့် အကြောင်းရင်းကို သုံးသပ်ရမည်။ (ကုန်စည်၏ဈေးနှုန်းနှင့် ရောင်းချသောအရေအတွက် တိုက်ရိုက်ဆက်စပ်သဖြင့် Es တန်ဖိုးသည် အပေါင်းကိန်းဖြစ်သည်။)

(၃) ဈေးနှုန်း ၁ %(တက်ခြင်း/ကျခြင်း)ကြောင့် ရောင်းချသောအရေအတွက် (အတိုး/အလျော့) ရာခိုင်နှုန်းများကို သုံးသပ်ရမည်။

**အလျော့အတင်းပုစ္ဆာများတွက်ရာတွင် သတိပြုရမည့်အချက်များမှာ** ပုံသေနည်းကိုဖော်ပြရာတွင် မှားယွင်းမှုမရှိစေရန် ၊ ΔQ နှင့် ΔP တန်ဖိုးများကို မှားယွင်းထည့်သွင်းခြင်း ၊ ΔQ နှင့် ΔY တန်ဖိုးများကို မှားယွင်းထည့်သွင်းခြင်းမရှိစေရန်နှင့် တွက်ချက်ရရှိသောအလျော့အတင်းတန်ဖိုးတွင်(%)မထည့်ရန်တို့ ဖြစ်ကြသည်။

**အခန်း(၂) ‘ထုတ်လုပ်မှုသီအိုရီ’ အခန်းတွင်**  စုစုပေါင်းထုတ်ကုန်၊ ပျမ်းမျှထုတ်ကုန်နှင့် အစွန်းထွက်ထုတ်ကုန်ဆိုင်ရာမေးခွန်းမျိုးတွင် ပေးထားသော ကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ ထုတ်ကုန်များတွက်ချက်ပုံ၊ ထုတ်ကုန်မျဉ်းကွေးများရေးဆွဲပုံ၊ ထုတ်ကုန်မျဉ်းကွေးများ၏ ဆက်စပ်ပုံနှင့် ထုတ်လုပ်မှုအဆင့်များ ပိုင်းခြားသတ်မှတ်ပုံများကို သိရှိထားရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသောကိန်းဂဏန်းအချက်အလက်များအရ တွက်ချက်ရရှိသည့် ထုတ်ကုန်အရေအတွက်များကို ဇယားတွင် ဖြည့်စွက်ဖြေဆိုရပါသည်။

**မျဉ်းကွေးများရေးဆွဲထားသောပုံတွင် ထုတ်လုပ်မှုအဆင့်များ ပိုင်းခြားရာ၌** မူရင်းမှတ်မှ AP အမြင့်ဆုံး (သို့မဟုတ်) AP နှင့် MP မျဉ်းကွေးများ ဖြတ်သောအမှတ်ထိသည် အဆင့်(၁)ဟု ပိုင်းခြား သတ်မှတ်ရပါမည်။ TP အမြင့်ဆုံး (သို့မဟုတ်) MP= 0 ဖြစ်သောအမှတ်အထိ ထုတ်လုပ်မှုအဆင့်(၂) ဖြစ်ပြီး MP တန်ဖိုး အနုတ်(–)ဖြစ်သောအပိုင်းသည် ထုတ်လုပ်မှုအဆင့်(၃)ဟု သတ်မှတ်ရပါမည်။ ထုတ်လုပ်သူသည် အဆင့်(၂) အတွင်း၌သာ ထုတ်လုပ်မှာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဆင့် (၂)အတွင်း AP နှင့် MP နှစ်မျိုးလုံး အပေါင်းလက္ခဏာဖြစ်ပြီး အဆင့် (၂) ၏ အဆုံးအမှတ်သည် TP အမြင့်ဆုံးဖြစ်သော အမှတ်ဖြစ်ပါသည်။ ထို့ကြောင့် AP အမြင့်ဆုံးအမှတ်နှင့် MP သုည(၀)ဖြစ်သော အမှတ်ကြားရှိ အဆင့်(၂)တွင် လုပ်ငန်းလည်ပတ်ခြင်းသည် အသင့်လျော်ဆုံးဖြစ်သည်။ လုပ်သားဦးရေ မည်မျှငှားရမ်းအသုံးပြုရမည်ကိုလည်း ဆုံးဖြတ်တတ်ရပါမည်။

လျော့နည်းသွားသော ပြန်ရချက်ဥပဒေသရဲ့သဘောကို သိရှိရပါမည်။ **မည်သည့် ထုတ်ကုန်အပိုင်းက လျော့နည်းသွားသော ပြန်ရချက်ဥပဒေသကို ဖော်ပြနေသလဲ** ဆိုတာကိုလည်း သိရှိရပါမည်။ ကျဆင်းနေသော အစွန်းထွက်ထုတ်ကုန်အပိုင်းသည် လျော့နည်းသွားသော ပြန်ရချက်ဥပဒေသကို ဖော်ပြနေပါသည်။ **တွက်ချက်မှုအရ လုပ်သားဦးရေဘယ်လောက်မှာ MP စတင် ကျဆင်းသွားသည်ဆိုတာကို ကြည့်ရပါမည်။** ဥပမာ ဇယားမှ MP တန်ဖိုးများကိုကြည့်ရာတွင် လုပ်သားဦးရေ ၄ ဦးမှာ MP တန်ဖိုးက အများဆုံးဖြစ်နေတယ်ဆိုပါစို့၊ လုပ်သား ၄ ဦးထက်ကျော်ပါက MP စတင်ကျဆင်းပါပြီ။ လုပ်သားဦးရေ ၄ ဦးမှာ MP အမြင့်ဆုံးဖြစ်နေပြီး၊ လုပ်သားဦးရေ ၄ ဦးထက်ကျော်၍ သုံးစွဲသောအခါ ကျဆင်းနေသော အစွန်းထွက်ထုတ်ကုန်အပိုင်းသည် လျော့နည်းသွားသော ပြန်ရချက်ဥပဒေသကို ဖော်ပြသည်ဟု သုံးသပ်နိုင်ပါသည်။

**အခန်း(၃) ‘စရိတ်သီအိုရီ’ အခန်း**တွင် စုစုပေါင်းစရိတ်၊ ပျမ်းမျှစရိတ်နှင့် အစွန်းထွက်စရိတ်ဆိုင်ရာမေးခွန်းမျိုးတွင် ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ စရိတ်အမျိုးမျိုး တွက်ချက်ပုံ၊ စရိတ်မျဉ်းကွေးများရေးဆွဲပုံနှင့် စရိတ်မျဉ်းကွေးများဆက်စပ်ပုံများကို လေ့လာသိရှိထားရန် လိုအပ်သည်။ တွက်ချက်ရာတွင် ပုံသေစရိတ်နှင့် စရိတ်ရှင်သဘောကိုလည်း သိရှိနားလည်ရန် လိုအပ်ပါသည်။ ဥပမာ မေးခွန်းတွင်  ကုန်ထွက်အသီးသီးရှိ စုစုပေါင်းစရိတ်များကို  ပေးထားပါက  ကုန်ထွက်သုညရှိ စုစုပေါင်းစရိတ်သည် ပုံသေစရိတ်ဖြစ်ကြောင်း၊ ပုံသေစရိတ်သည် ကုန်ထွက်အဆင့်တိုင်းအတွက် အတူတူပင်ဖြစ်ကြောင်း စုစုပေါင်းစရိတ်မှ ပုံသေစရိတ်ကိုနုတ်ခြင်းဖြင့် စုစုပေါင်းစရိတ်ရှင်ကို ရရှိနိုင်ကြောင်း သိရှိရန်လိုသည်။ ထို့အတူ စုစုပေါင်းစရိတ်မှ စုစုပေါင်းစရိတ်ရှင်ကိုနုတ်ခြင်းဖြင့် စုစုပေါင်းပုံသေစရိတ်ကို ရရှိနိုင်ကြောင်းကိုလည်း သိရှိထားရန်လိုအပ်သည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသောကိန်းဂဏန်း အချက်အလက်များအရ  တွက်ချက်ရရှိသော စရိတ်များကို ဇယားတွင်ဖြည့်စွက်ဖြေဆိုရပါမည်။

**အခန်း(၇) ‘စီးပွားရေးတိုးတက်မှု’**တွင် အမှန် GDP တန်ဖိုးများမှ စီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့် သုံးသပ်ပုံ၊  အချိန်ကာလတစ်ခုအတွက် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့် သုံးသပ်ပုံ၊ GDP ကျုံ့ကိန်းတွက်ချက်ပုံ၊ GDP ကျုံ့ကိန်းမှ ဈေးဆနှုန်းကိန်းတွက်ချက်ပုံ၊ GDP ဈေးဆနှုန်းကိန်းမှ ငွေဖောင်းပွမှုနှုန်းတွက်ချက်ပုံနှင့် သုံးသပ်ပုံများကို လေ့လာထားရန်လိုအပ်သည်။ တွက်ချက်ရာတွင် အသုံးပြုသောပုံသေနည်းများကို ဦးစွာဖော်ပြရမည်။

**စီးပွားရေးတိုးတက်မှုနှုန်းကို တွက်ချက်သုံးသပ်ရာတွင်** စီးပွားရေးတိုးတက်မှုနှုန်းသည်  မည်သည့်ခုနှစ်များတွင် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းထက်မြင့်မားသည်၊ စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်ခုနှစ်များတွင် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းထက်နိမ့်သည် စသည်ဖြင့် သုံးသပ်နိုင်သည်။ အချို့နှစ်များတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ဆက်တိုက်တိုးတက်ခြင်းရှိပါက  စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်တိုးတက်နေသည်ကို သုံးသပ်နိုင်သည်။ အချို့နှစ်များတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ဆက်တိုက်ကျဆင်းနေပါက မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်ကျဆင်းနေသည် စသည်ဖြင့် သုံးသပ်နိုင်သည်။ စီးပွားရေးတိုးတက်မှုနှုန်းသည် အတက်အကျရှိနေပါက သုံးသပ်ရာတွင် မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းကျဆင်းပြီး မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းပြန်လည်တိုးတက်လာသည်။ မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းတိုးနေပြီး မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်ကျဆင်းသွားသည် စသည်ဖြင့် သုံးသပ်နိုင်သည်။ **သတိပြုရန်အချက်မှာ** တွက်ချက်ရရှိသော  စီးပွားရေးတိုးတက်မှုနှုန်းသည်  အနုတ်လက္ခဏာဖြစ်ပါက  ထိုနှစ်တွင်  စီးပွားရေးတိုးတက်မှုမရှိဘဲ စီးပွားရေးဆုတ်ယုတ်ကျဆင်းသည်ဟု သုံးသပ်နိုင်သည်။

ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ရာတွင် တွက်ချက်လိုသောလက်ရှိနှစ်နှင့် နှိုင်းယှဉ်လိုသည့် လွန်ခဲ့သောနှစ်အကြား ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ခြင်းဖြစ်သည်။

ငွေဖောင်းပွမှုနှုန်းတွက်ချက်သောပုံသေနည်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း} - \text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀$$

ဥပမာ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်၍ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်ရာတွင် ၂၀၁၅ ခုနှစ်သည် တွက်ချက်လိုသောလက်ရှိနှစ်ဖြစ်ပြီး ၂၀၁၄ ခုနှစ်သည် နှိုင်းယှဉ်လိုသော လွန်ခဲ့သောနှစ်ဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၄  ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆနှုန်းကိန်း} - \text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀$$ ဖြစ်သည် ။

*စာမျက်နှာ ၁၈ သို့*

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"နားယောင်လို့ပဲ စွန့်ခွာခွာ၊ ခြိမ်းခြောက်မှုအခက်အခဲကြောင့်ပဲ စွန့်ခွာခွာ၊ နိုင်ငံတော်နဲ့အစိုးရရဲ့စေတနာထား ဖြေလျှော့ပေးချိန်မှာ CDM ခေါင်းစဉ်အောက်မှ ဝန်ထမ်းများ ဂုဏ်သိက္ခာနဲ့ဘဝအတွက် ဌာနေ ပြန်ဝင်သင့်"** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်ပါသည်။ လာမည့် အပတ် ၁၈-၂-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"တော်လှန်ရေးအကြောင်းပြ အကြမ်းဖက်သမားတွေကြောင့် ပြည်သူတွေရဲ့ ခရီးသွားလာရေးမှာ အခုချိန်ထိ အခက်အခဲများ ကြုံနေရဆဲဖြစ်နေ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါ အစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေး နေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉-၈၉၉၈၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်



## နမ့်စန်မြို့နယ်၌ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နမ့်ဆွယ်ကျေးရွာ ကုန်ထုတ်လမ်းနှင့်တံတားသစ်ဖွင့်

**နမ့်စန် ဖေဖော်ဝါရီ ၁၀**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နမ့်စန်မြို့နယ် နမ့်ဆွယ်ကျေးရွာတွင် ကုန်ထုတ်လမ်းနှင့် ကုန်ထုတ်တံတားသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်နိုင်က အမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးက ကုန်ထုတ်လမ်း ဖောက်လုပ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်နိုင်၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်မြင့်လွင်ဦးနှင့် တာဝန်ရှိသူများက အဆိုပါ ကုန်ထုတ်လမ်းနှင့် တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

သူရအောင်(နမ့်စန်)

## ချောင်းဆုံမြို့နယ်၌ သဘာဝဘေးဒဏ်ခံနိုင်သော ရပ်ရွာအသိုက်အဝန်းဖြစ်ပေါ်စေရေး အားဖြည့်ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်

**ချောင်းဆုံ ဖေဖော်ဝါရီ ၁၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ သဘာဝဘေးကျရောက်လျှင် ကြံ့ခိုင်မှုမရှိသော နေအိမ်များအား မိုးကြိုကာလ လေဘေးကြိုတင်ကာကွယ်ရေး အားဖြည့်ပြင်ဆင်ခြင်းလုပ်ငန်းများကို ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဖေဖော်ဝါရီ ၃ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်တွင် ခရိုက်နီးဟုကျေးရွာ၌ နေအိမ်ပြုပြင်ရေးလုပ်ငန်းများနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

မြို့နယ်အတွင်းရှိ ဘေးသင့်နိုင်သည့် ပင်လယ်ကမ်းစပ်ကျေးရွာများဖြစ်သည့် နတ်မှော်၊ ဇီးကုန်း၊ ဆယ်ပလာ၊ ခရိုက်နီးဟု၊ ဟသ်ာကျွန်း ကျေးရွာနှင့် ချောင်းဆုံအနောက်ရပ်ကွက်တို့ရှိ ဆင်းရဲနွမ်းပါးပြီး ကြံ့ခိုင်မှုမရှိသော နေအိမ်များကို ကျေးရွာတစ်ရွာလျှင် အိမ်ခြေ ၁၀၀ နှုန်းဖြင့် အိမ်ခြေ ၆၀၀ ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေကေခိုင်လွင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက် /ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်မိ/ရပ်ဖများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)

## ကျောက်တလုံးကြီးမြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

**ကျောက်တလုံးကြီး ဖေဖော်ဝါရီ ၁၀**

ကျောက်တလုံးကြီးမြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆို



ဂုဏ်ပြုသောအားဖြင့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်တလုံးကြီးမြို့ ဦးစီးမှူး ဒေါ်သန္တာဝင်းက ပြည်ထောင်စုနေ့နှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရာများကို ဟောပြောပြီး ပုံပြင်ပြော၊ ကဗျာရွတ်၊ ကျပန်းစကားပြောနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ကျင်းပရာ ပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆရာ ဆရာမများက ဆုများ ပေးအပ်ချီးမြှင့်ကြကာ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်ကို ဖြန့်ဝေသည်။

ဇော်နိုင်လင်း

## မိုင်းယန်းမြို့၌ မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေး

**မိုင်းယန်း ဖေဖော်ဝါရီ ၁၀**

မိုင်းယန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ "မူးယစ်ဆေးဝါးအန္တရာယ်" အသိပညာပေးဆွေးနွေးပွဲကို ယနေ့တွင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်-၃ (အင်အားပြ) ဒေါ်နန်းပင်းခမ်းနှင့် အငယ်တန်းစာရေး ဒေါ်နန်းနော်ဖတ်တို့က လူငယ်များအား မူးယစ်ဆေးဝါးအမျိုးအစားများ၊ ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲ ရောဂါဆိုးကျိုးများအန္တရာယ်ဆိုင်ရာ သိကောင်းစရာများစသည့် အကြောင်းအရာများကို အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထွန်းထွန်းထူး

## ရွှေကျင်မြို့နယ်၌ မြန်မာနိုင်ငံကလေးများနေ့အကြောင်း အသိပညာပေး

**ရွှေကျင် ဖေဖော်ဝါရီ ၁၀**

ရွှေကျင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မြန်မာနိုင်ငံ ကလေးများနေ့အကြောင်း အသိပညာပေးဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဲစုအောင်က မြန်မာနိုင်ငံကလေးများနေ့အကြောင်း အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မကျည်းတန်းရပ်ကွက် ရွှေကျင် မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစုနှင်းမှုံက မြန်မာနိုင်ငံကလေးများနေ့ ဖြစ်ပေါ်လာပုံအကြောင်း၊ ကလေးများ ပြုစုပျိုးထောင်ပေးရာတွင် လိုက်နာရမည့်အချက်များ၊ ကလေးများ ဘာသာစကားဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုစုပျိုးထောင်ပေးသင့်ပုံများ စသည့် အချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)



သံတောင်ကြီးမြို့နယ်၌ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်ကို ဖေဖော်ဝါရီ ၁၀ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့၌ ပြသစဉ်။

နော်နော်မူ

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

*စာမျက်နှာ ၁၇ မှ*

အကယ်၍ နှစ်အလိုက်ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့် နှိုင်းယှဉ်၍ တွက်ချက်ပါဟု ဖော်ပြထားပါက ပုံသေနည်းတွင် လွန်ခဲ့သောနှစ်နေရာ၌ အခြေခံနှစ်ကို ထည့်သွင်းတွက်ချက်ရမည်။

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆန္နှန်းကိန်း} - \text{အခြေခံနှစ်၏ ဈေးဆန္နှန်းကိန်း}}{\text{အခြေခံနှစ်၏ ဈေးဆန္နှန်းကိန်း}} \times \text{၁၀၀}$$

ဥပမာ ၂၀၁၀ ခုနှစ်သည် အခြေခံနှစ်ဖြစ်သည်ဆိုပါစို့။ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့် နှိုင်းယှဉ်တွက်ချက်လိုလျှင်

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆန္နှန်းကိန်း} - \text{၂၀၁၀ ၏ ဈေးဆန္နှန်းကိန်း}}{\text{၂၀၁၀ ၏ ဈေးဆန္နှန်းကိန်း}} \times \text{၁၀၀} \quad \text{ဖြစ်သည်။}$$

**နှစ်အလိုက် ငွေဖောင်းပွမှုနှုန်း အတက်အကျဖြစ်ပုံအနေဖြင့်သုံးသပ်ရာတွင်** ငွေဖောင်းပွမှုနှုန်းသည် မည်သည့်ခုနှစ်တွင် မြင့်တက်ပြီး မည်သည့်ခုနှစ်တွင် ကျဆင်းသွားသည်၊ ငွေဖောင်းပွမှုနှုန်းသည် မည်သည့်နှစ်တွင် အနိမ့်ဆုံးဖြစ်ပြီး / မည်သည့်နှစ်တွင် အမြင့်ဆုံးဖြစ်သည် စသည်ဖြင့် သုံးသပ်ဖြေဆိုနိုင်ပါသည်။ **ငွေဖောင်းပွမှုနှုန်းသည် ဆက်တိုက်မြင့်တက်နေပါက** ငွေဖောင်းပွမှုနှုန်းသည် မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်မြင့်တက်နေသည်ဟု သုံးသပ်နိုင်သည်။ **ငွေဖောင်းပွမှုနှုန်းသည် ဆက်တိုက်ကျဆင်းနေပါက** မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်ကျဆင်းနေသည်ဟု သုံးသပ်နိုင်သည်။

**ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်သုံးသပ်ရာတွင် သတိပြုရန်အချက်များမှာ** GDP ကျုံ့ကိန်းကို တွက်ချက်ရာတွင် ဒသမ (၃ နေရာ)အထိ ယူရမည်။ GDP ဈေးဆန္နှန်းကိန်းကို ဒသမ (၁ နေရာ) အထိယူရမည်။ ငွေဖောင်းပွမှုနှုန်းကိုလည်း ဒသမ (၁ နေရာ) အထိယူရမည်။

**မေးခွန်းနံပါတ်(၅)ကို ဖြေဆိုရာတွင် သတိပြုရမည့်အချက်များမှာ** မေးခွန်းတွင် ဖော်ပြပါရှိသော ကိန်းဂဏန်းများကို အဖြေလွှာပေါ်သို့ပြန်လည်ကူးယူရာတွင် မှားယွင်းမှုမရှိစေရန်နှင့် Calculator ကို အသုံးပြုတွက်ချက်ရာတွင် ရရှိသောအဖြေကို နောက်ထပ်တစ်ကြိမ် ပြန်လည်စစ်ဆေးခြင်းပြုလုပ်ရန်တို့ ဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် သင်ခန်းစာများအား နှံ့စပ်စွာနားလည်တတ်မြောက်စေမှုကိုရည်ရွယ်ခြင်းဖြစ်ရာ သင်ခန်းစာများအား နှံ့စပ်စွာလေ့လာထားရန်လိုအပ်ပါသည်။ ခမ္ဘမိဌာန်မေးခွန်းနှင့် တွက်ချက်သုံးသပ်မှု မေးခွန်းများအတွက် ပေးမှတ်မှာ (၅၀)မှတ်ဖြစ်သဖြင့် ယင်းမေးခွန်းများကို ဖြေဆိုနိုင်ပါက အောင်မှတ်ရရှိနိုင်သော်လည်း အခန်းရွေးချယ်၍ အလွတ်ကျက်မှတ်ဖြေဆိုခြင်းဖြင့် ဂုဏ်ထူးမှတ်ရရှိရန် လွယ်ကူမည်မဟုတ်ကြောင်း သတိပြုစေလိုပါသည်။

ဖြေဆိုသူ ကျောင်းသား ကျောင်းသူများအားလုံး ထူးချွန်စွာအောင်မြင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သူနာပြုတက္ကသိုလ်၊ ရန်ကုန်
## (၃၀)ကြိမ်မြောက်နှင့် (၃၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင်
## လျှောက်လွှာခေါ်ယူခြင်း

၁။ သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ (၃၀) ကြိမ်မြောက်နှင့် (၃၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) အစမ်းလေ့ကျင့်မည့်ရက် - (၂၈-၃-၂၀၂၆) ရက် ( စနေနေ့ ) နံနက်ပိုင်း

( ခ ) ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် - (၂၉-၃-၂၀၂၆) ရက် ( တနင်္ဂနွေနေ့ ) နံနက်ပိုင်း

၂။ (၃၀) ကြိမ်မြောက်နှင့် (၃၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ သူနာပြုတက္ကသိုလ်၊ ရန်ကုန်မှ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများတက်ရောက်ရန် လျှောက်ထားနိုင်ပါသည်-

(က) သူနာပြုပါရဂူဘွဲ့(၈/၂၀၂၁)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

( ခ ) သူနာပြုမဟာသိပ္ပံဘွဲ့(ဘွဲ့လွန်) (၁/၂၀၂၅)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

( ဂ ) အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာ (၁/၂၀၂၅) သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(ဃ) သူနာပြုသိပ္ပံဘွဲ့ (ပေါင်းကူး) (အဝေးသင်) (၁/၂၀၂၅)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

( င ) သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး) (On-Campus)(၁/၂၀၂၅)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

( စ ) သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) (၁/၂၀၂၅)သင်တန်း စာမေးပွဲ အောင်မြင်ပြီးသူများ

(ဆ) သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)(၅/၂၀၂၅)သင်တန်း စာမေးပွဲ အောင်မြင်ပြီးသူများ

( ဇ ) အထူးပြုသူနာပြုဒီပလိုမာ (၉)လ (၁/၂၀၂၅)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
ဘွဲ့နှင်းသဘင်တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀၀ိ/- (ကျပ်တစ်သောင်းငါးထောင်တိတိ)
အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)ပေးသွင်းရမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို သူနာပြုတက္ကသိုလ်၊ ရန်ကုန် စာမေးပွဲရေးရာဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် (အမျိုးသား- မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ၊ အမျိုးသမီး - မြန်မာဝတ်စုံ ) ဖြင့် လတ်တလော ရိုက်ကူးထားသော (၁ ၃ " x၂ " ) အရွယ် ရောင်စုံဓါတ်ပုံ( ၃ )ပုံ ပူးတွဲလျက် ( ၂၃- ၂-၂၀၂၆ )မှ ( ၁၆- ၃- ၂၀၂၆) ရက်နေ့အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများ အနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ (တိုက်ပုံ၊ လုံချည်)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံအပြည့်အစုံ) တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည်မြန်မာအမျိုးသမီးဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ လည်းကောင်း တက်ရောက်ကြရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူ များကို အခမ်းအနားကို တက်ရောက်ခွင့်မပြုပါ။

၆။ ယခင်နှစ်များက ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံ မတင်သွင်းခဲ့ကြသူ များသည်လည်း အဝေးရောက်အနေဖြင့်သာ လျှောက်ထားနိုင်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သူနာပြုတက္ကသိုလ်၊ ရန်ကုန် ဖုန်းနံပါတ် ၀၉-၄၃၀၂၃၉၄၆၊ ၀၉-၇၉၁၇၉၅၀၇၈၊ ၀၉-၄၅၂၁၀၇၇၃၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဒုတိယညွှန်ကြားရေးမှူး**
**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/3463 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

---

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါအကြောင်းအရာ ပြင်ဆင်ခြင်း

(၇-၂-၂၀၂၆) ရက် မြန်မာ့အလင်းသတင်းစာပါ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွား ကြီးကုန်း ပွဲရုံဝင်း၊ ပုလဲလမ်းရှိအဆောင် (၄/၁) အခန်း (က)နှင့် အခန်း(ခ) ဆိုင်ခန်း(၂)ခန်းအား ပုဂ္ဂလိကသို့ မြန်မာကျပ်ငွေဖြင့် ငှားရမ်းနိုင်ရေး အတွက် တင်ဒါခေါ်ယူခြင်းတွင် ကာလတို (၅) နှစ်အစား ၂၀၂၆-၂၀၂၇ခု၊ ဘဏ္ဍာရေးနှစ်အတွက် တင်ဒါခေါ်ယူခြင်း ဖြစ်ကြောင်း၊ တင်ဒါပုံစံများကို ၂၃-၂-၂၀၂၆ ရက်ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်း၊ ၆-၃-၂၀၂၆ ရက် ၁၅:၀၀ နာရီအချိန် နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာန၏ Website (www.motc.gov.mm) ဖြစ်ကြောင်း ပြင်ဆင်ပါသည်။

---

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆေးရုံကြီး ဘားအံမြို့သည် ၂၀၂၅-၂၀၂၆ ခု၊ဘဏ္ဍာရေးနှစ် ခွင့်ပြု ရန်ပုံငွေဖြင့် 16 Slice CT Scanner (Hitachi) စက်၏ (၁) OPTM (Receiver) (OPTM Main PC Board with housing) ပြုပြင်လဲလှယ်ခြင်းကို မြန်မာကျပ် ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ အစိုးရ အသိအမှတ်ပြု လိုင်စင်ရ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါရောင်းချမည့်ရက်** - ၁၁-၂-၂၀၂၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၂-၂၀၂၆ ရက်ညနေ(၄:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များနှင့် ဆောင်ရွက်ရမည့် ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်း ကိစ္စရပ်များအသေးစိတ် အချက်အလက်များကို သိရှိ လိုပါက ပြည်သူ့ဆေးရုံကြီး ဘားအံမြို့ ဆေးရုံအုပ်ကြီးရုံးခန်းတွင် ရုံးချိန်အတွင်း (သို့) ဖုန်း-၀၅၈-၂၁၂၅၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်သူ့ဆေးရုံကြီး ဘားအံမြို့**

---

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းအများသိစေရန်ကြေညာခြင်း

ဦးစိုင်းနွံဆိုင်လူ ၁၃/မရမ(နိုင်)၀၁၈၇၁၇နှင့် ဒေါ်နန်းယမင်းချော ၁၃/လလန(နိုင်)၀၇၃၈၀၈ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း ကြေညာအပ်ပါသည်-

ဦးစိုင်းနွံဆိုင်လူနှင့် ဒေါ်နန်းယမင်းချောတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သဖြင့်လည်းကောင်း၊ ဆက်လက် ပေါင်းသင်းရန်ဆန္ဒမရှိကြတော့သဖြင့်လည်းကောင်း၊ ၁၇-၁၂-၂၀၂၅ ရက် တွင် နှစ်ဦးသဘောတူ အကြွင်းလင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကိုမိမိတို့၏လွတ်လပ်သောသဘောဆန္ဒအရအသိသက်သေများ ရှေ့၌ ပြုလုပ်ချုပ်ဆိုခဲ့ကြပြီး ဖြစ်ပါသည်။

ထို့ကြောင့် ဦးစိုင်းနွံဆိုင်လူနှင့် ဒေါ်နန်းယမင်းချောတို့သည် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မဋ္ဌူအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၃၂)၊ ကံသာရပ် (၁) ကွက်၊ ကံသာ(၂)လမ်း၊ ညောင်ရွှေမြို့၊**
**ဖုန်း- ၀၉-၄၂၈၃၅၉၀၉၈၊ ၀၈၁-၂၂၀၉၁၇၈**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ် (၄၀၂/က)၊ မြေကွက်တည်နေရာအမှတ် (၄၀၂/က) ဧရိယာ(၁၂၀၀)စတုရန်းပေ၊ ယသဝတီလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးအောင်ကျော်မြင့်နိုင် (၆/တသရ(နိုင်)၀၀၁၃၃၇ အမည်ပေါက် နှစ် (၆၀) မြေအား အမည်ပေါက် ဦးအောင်ကျော်မြင့်နိုင်(ဖခင်)နှင့် ဒေါ်ခင်လွယ် (မိခင်) တို့ ကွယ်လွန်သဖြင့် ဦးစည်သူမောင်မောင် (၁၂/ဥကတ(နိုင်)၁၅၈၇၈၃၊ ဦးဂျူးဂျူးကျော်(၁၂/ဥကတ (နိုင်)၁၇၉၃၇၃)၊ ဒေါ်စုမြတ်သန္တာ(၁၂/ဥကတ(နိုင်)၁၆၈၅၇၆)၊ ဒေါ်အေးချမ်းမြင့် (၁၂/ဥကတ(နိုင်)၁၆၈၅၇၇တို့မှ သား/သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ အမှတ်-၃၀၈၂/၂၀၂၅ (၁၅-၁၂-၂၀၂၅)၊ ထောက်ခံကျမ်းကျိန်လွှာ(၂) စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်း အပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/29698, WANQIANG-110,M/C ယာဉ် လက်ဝယ်ရှိသူ ဒေါ်အိအိဖြူ ၉/အမဇ (နိုင်)၀၁၅၀၈၈၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7N/6734, MAZDA TITAN LHR85, LIGHT TRUCK (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးထက်အောင် ၅/ကလန(နိုင်)၀၆၄၁၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/87548, Wanqiang 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လွင် ၉/မတရ (နိုင်)၀၉၆၃၆၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 85W/2850 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၇/ဖမန (နိုင်)၀၅၃၄၇၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

---

**အမည်မှန်ဖြစ်ကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အင်းဝကိုယ်ပိုင်အထက်တန်းကျောင်း (G-9) အတန်းမှ (ဘ) ဦးရွှန်မြင့်ယင့်၏ သား မောင်သန်းဇော်ဦး (၉/ခမဇ(နိုင်)၀၈၀၅၈၇)၏ အမည်မှန်မှာ သက်နိုင်ဦး ဖြစ်ပါကြောင်း။

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၁

ဦးရဲဟိန်း နှင့် ဦးအုန်းသန်း
(၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးတင်ကိုကို
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် ၁၁၃x၁၁၄လမ်းကြား၊ ၇၃x၇၄ လမ်းကြား၊ အကွက် (လ-၂/၃၅)၊ ချမ်းမြသာယာရပ်ကွက်နေ ဦးအုန်းသန်း(ဘ) ဦးထွန်းကြည် (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးတင်ကိုကို (ယခု နေရပ်လိပ်စာမသိ)သိစေရမည်။

တရားပြိုင် ဦးအုန်းသန်း (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးတင်ကိုကို သင့်အပေါ်၌ တရားလို ဦးရဲဟိန်းက မန္တလေးမြို့၊ ပြည်ကြီးတံခွန် မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ် (နန-၄၉)၊ ဦးပိုင်အမှတ် (၇၀)၊ ဧရိယာ ၀.၀၅၅၁ ဧကအကျယ်အဝန်းရှိ ဦးအုန်းသန်း အမည်ပေါက်ဂရန်မြေကွက် အား မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက် ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဂျူးဂျူးစံ)**
**ဒုတိယမြို့နယ်တရားသူကြီး( ၁ )**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ သံလမ်းမှတ်တိုင်၊ ကျောင်းကုန်း (၃) လမ်း၊ အမှတ် ၈၁၃၊ ပထမထပ်(A)နေ ဒေါ်ထက်ထက်ခိုင် ၁၀/သဖရ(နိုင်) ၁၄၆၇၆၇၏ ညွှန်ကြားချက်အရ ဦးဇင်မျိုးအောင် ၈/ ပခက(နိုင်)၂၄၇၂၆၅နှင့် ဒေါ်ထက်ထက်ခိုင် ၁၀/သဖရ(နိုင်)၁၄၆၇၆၇ လင်မယားနှစ်ဦးတို့၏ လက်ထပ်ပွား ပစ္စည်းများနှင့် ကုမ္ပဏီလစာတို့သည် ယခုအခါတွင် ဒေါ်ထက်ထက်ခိုင်(ဇနီး) တစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း အသိပေးကြော်ငြာခြင်းဖြစ်ပါသည်။ အထက်ဖော်ပြပါ လက်ထပ်ပွားပစ္စည်းများနှင့် လစာများကို ဒေါ်ထက်ထက်ခိုင် မသိဘဲ အလွဲသုံးစား ပြုလုပ်ခြင်း၊ ရောင်းချခြင်း၊ ပေါင် နှံခြင်းများ ပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်စိုးဝေ(LL.B,LL.M) အထက်တန်းရှေ့နေ(စဉ်-၅၃၆၂၇)**
**အမှတ် ၆၇၂၊ မင်းစေတီလမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉- ၂၆၈၃၀၈၂၅၇၊ ၀၉- ၅၀၇၉၇၂၁**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၂) ရပ်ကွက်၊ အေးရတနာလမ်း၊ အမှတ် ၄၉၄/ခ၊ အလျား ၁၈ပေ xအနံ ၅၄ပေ ၊ ပြင်ဆင်ပြီး မြေညီထပ်၊ရေမီးစုံပါ တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင် ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ညိုညိုဝင်း ၁၂/ သဃက(နိုင်) ၀၃၉၁၇၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန့်ဇင် ၁၀/ကထန(နိုင်) ၁၁၅၁၇၃ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်စိုးဝေ (LL.B,LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၆၂၇)**
**အမှတ် ၆၇၂၊ မင်းစေတီလမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉- ၂၆၈၃၀၈၂၅၇၊ ၀၉- ၅၀၇၉၇၂၁**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ဦးပိုင်အမှတ် (၁-တ)၊ ကွင်း/အကွက်အမှတ် (၅၈) တောင်ပေါ်ရပ်အကွက်၊ ဧရိယာ (၀ဒသမ၂၃၃)ဧကရှိ ဦးတင်လတ် အမည်ပေါက်၊ ဂရန်အမှတ် (၂၆၃/၂၀၁၁)၊ နှစ်(၃၀)ဂရန် သက်တမ်းရှိသော ခြံဝိုင်းမြေ ဥပစာကိုလက်ရှိပိုင်ဆိုင်သူ ဦးသန်း လွင်မြင့် (ဘ) ဦးသန်းမြင့် (အထူးကိုယ်စားလှယ် စာလွှဲအပ်ခံရသူ) ၈/ပခက (နိုင်)၁၅၈၅၀၃ အမှတ် (၂/၁၄၈)၊ ပိတောက်လမ်း၊ ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့နေထိုင်သူထံမှ (၁၁-၈-၂၀၁၇)ရက်စွဲပါ မူလပိုင်ရှင် ဦးတင်လတ်မှ လွှဲပြောင်းပေးအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် (၄၃/၂၀၁၇)အရ (၂၃-၁-၂၀၂၆) ရက်တွင် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော (၁) ဒေါ်နန်းခင်ခင်မြင့်၁၃/လခတ(နိုင်)၀၀၀၆၂၆ ပုန်းထွန်ရွာ၊ လင်းခေးမြို့နေသူ နှင့် ဦးရဲထက်အောင် ၁၄/ပသန(နိုင်)၂၂၂၉၁၂ အမှတ် [၁(ခ)]၊ သပြေလမ်း၊ ၂(က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူတို့မှ "နှစ်ဦးသဘောတူ စရန်ပေးကတိစာချုပ်" ချုပ်ဆိုပြီးဝယ်ယူခဲ့ကြပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ အရောင်းအဝယ် အပြီးသတ်စာချုပ် ကိုဆက်လက်ချုပ်ဆို ဆောင်ရွက် တော့မည်ဖြစ်ပါ၍ ယခု ခြံဝိုင်းမြေနှင့် ပတ်သက်ပြီး သက်ဆိုင်သည်ဟု ယူဆသော မည်သူမဆို တရားဝင် သက်ဆိုင်သည့် စာရွက်စာတမ်း အထောက် အထားများနှင့်တကွယခု ကြေညာ စာပါသည့်ရက်မှ(၁)လအတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(ဝယ်ယူသူများ၏လွှဲအပ်ချက်အရ)**

| | |
|---|---|
| **ဒေါ်မာမာမော် (LL.B,C.B.L,LL.M) (WIPO)** | **ဒေါ်မိုခမ်းစင် LL.B** |
| **(တရားလွှတ်တော်ရှေ့နေ)စဉ်-(၁၁၀၂၆)** | **(အထက်တန်းရှေ့နေ)** |
| **အမှတ်(၄/၅၂)၊ လွယ်ခမ်းလမ်း၊** | **(စဉ်-၅၄၉၀၅)** |
| **ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့** | **အမှတ် (ဟမ/၂၉(ခ)၊ ဝါးပြား အပေါ်လမ်း၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့** |

---

## ပျောက်ဆုံးကြောင်း

ဘုတလင်မြို့နယ်၊ ကုက္ကိုစုရွာနေ (ဘ)ဦးဝင်းရွှေ၏သား မောင်အောင် ဇော်လတ် ၅/ဘတလ(နိုင်)၁၄၇၀၄၃ ၏ နိုင်ငံကူးလက်မှတ် MG-656053 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၅၆၅၄၀၂၄

---

## ပျောက်ဆုံးကြောင်း

(ဘ) ဦးငွေဝင်း၏သမီး မအိသူဝါ ၈/နမန(နိုင်)၂၃၈၄၆၀ ၏ ပတ်စ်ပို့စာအုပ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၇၉၉၉၅၈၁၉၂**

---

## အမည်မှန်ဖြစ်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အင်းဝ ကိုယ်ပိုင် အထက်တန်းကျောင်း (G-4) အတန်းမှ (ဘ) ဦးရွှန်မြင့်ယင့်၏ သမီး မနွယ်ရည်ဝင်း (၉/ခမဇ (နိုင်)၀၈၀၅၈၈) ၏ အမည်မှန်မှာ ဝင်းအိဖြူ ဖြစ်ပါကြောင်း။

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 74W/37237 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 74W/15816 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/5467 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မိတ္ထီလာမြို့ ပြည်သာယာ(တ) ရပ်ကွက် (၅) လမ်းနေ ဦးဇာနည် အောင်၏သမီး မရွှေရတီ ၈/ခမန (နိုင်)၂၂၃၇၁ သည် မိခင်ဖြစ်သူ အားအကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သီတာအေး**
**၁၂/ဥကမ(နိုင်)၁၆၄၄၄၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် –၃

ဒေါ်အေးမိုးနှင်း နှင့် ဦးသန်းဦး

တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉) ရပ်ကွက်၊ သမာဓိ (၁) လမ်း၊ အမှတ် (၁၄၂) နေ ဦးသန်းဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက သင့်အပေါ်၌ ပဋိညာဉ်အတိုင်း မြေနှင့်အဆောက်အအုံ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေသော်သော်ဝင်း)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး(၇)၊ ကွင်း/အကွက်အမှတ်နှင့်အမည်–(RA–I၊ ကွက်ပြင်–၁)၊ ဦးပိုင်အမှတ်– (၉၉/ဃ)၊ မြေရီယာ (၀ ဒသမ ၀၈) ဧကရှိ မြေကွက်အား ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ လျှောက်ထားနိုင်ရေး ဒေါ်အေးအေးအောင် ၉/မကန(နိုင်)၁၀၂၀၉၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပြင်ဦးလွင်မြို့**

## “ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း”

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အမည်–(RA III ကွက်ပြင်–၃) ဦးပိုင်အမှတ်– (၁၂၈/၂၇၁–ဃ)၊ ရေိယာ (၀ဒသမ၀၆၅ )ဧကအကျယ်ရှိမြေအား မြေငှားဂရန်အမည်ပြောင်း လျှောက်ထားနိုင်ရေး ဒေါ်လု(၁၃/မဆတ(နိုင်)၀၅၆၁၁၇)တို့မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြေငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(န)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရွှေလင်ပန်း–၂၂)၊ သပြေလမ်း၊ မြေကွက်အမှတ် (၁၀၁၂)၊ ဧရိယာပေ (၄၀x၆၀) ရှိ ဦးဖြိုးသူရအမည်ပေါက် နှစ် (၆၀) ဂရန်မြေအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော ယင်းမြေကွက်ကို မျက်နှာမူလျှင် ဘယ်ဘက်အခြမ်း မြေကွက်အမှတ်(၁၀၁၃) နှင့်ကပ်လျက်အခြမ်းပေ (၂၀x ၆၀)ရှိ ဂရန်မိတ္တူမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ဆန်းဌေး (၈/နမန(နိုင်)၀၅၅၉၆၅)ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမျိုးကိုကို (၈/တတက(နိုင်) ၂၀၁၀၇၁)က စရန်ငွေပေးထားပြီးဖြစ်ပါသည်။

ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်မာသောအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ထွန်း (LL.B) အထက်တန်းရှေ့နေ (စဉ်–၄၉၅၇၅)**
**ဖုန်း–၀၉–၇၈၅၁၄၉၄၅၆**

## အများသိရှိစေရန် ကြေညာခြင်း

မမြတ်မနော်ချို ၉/ဇမသ(နိုင်)၀၀၇၀၆၉)နှင့် ၎င်း၏မိခင်ဖြစ်သူ ဒေါ်နွဲ့နွဲ့ဝင်း (၁၄/ဝခမ(နိုင်)၁၅၃၅၇၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မမြတ်မနော်ချိုသည် လူမှုကွန်ရက်ဖျော်ဖြေရေး စာမျက်နှာတစ်ခုဖြစ်သည့် ( Tik tok)တွင် (thatgirlmmnc)အမည် အကောင့်နှင့် ( facebook )တွင် ( Myat Manaw Cho )အမည် အကောင့်တို့ကို အသုံးပြုသူတစ်ဦးဖြစ်ကာ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)တွင် ပထမနှစ် တက်ရောက်ပညာသင်ကြားနေသော ကောင်းသောဂုဏ်ဖြင့် နေထိုင်သည့် အမျိုးသမီးကောင်းတစ်ဦး ဖြစ်ပါသည်။

ယခုအခါ မမြတ်မနော်ချို၏ ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းနစ်နာစေရန် တမင်ရည်ရွယ်ပြီး မမြတ်မနော်ချို၏ ဓာတ်ပုံများ၊ ဗွီဒီယိုများကိုအသုံးပြု၍ (Tik tok )၌ ညစ်ညမ်းသော (အင်္ဂလိပ်အမည် အကောင့် )နှင့် (မြတ်မနောပျက်ဖားမျက်နှာ) အကောင့်များဖြင့် ညစ်ညမ်းသောစာတမ်းများ၊ စာသားများရေးသားဖြန့်ဝေခြင်း၊ မမြတ်မနော်ချို၏ သူငယ်ချင်း/မိတ်ဆွေများထံသို့ မဟုတ်မမှန်သော စာများ ပေးပို့ခြင်းများ ပြုလုပ်နေသည်ကို တွေ့ရှိနေရပါသည်။ သို့ဖြစ်ရာ လူမှုကွန်ရက်စာမျက်နှာ(Tik tok )ရှိ ညစ်ညမ်းသော(အင်္ဂလိပ်အမည်အကောင့် )နှင့် (မြတ်မနောပျက်ဖားမျက်နှာ) အကောင့်တို့သည် ကျွန်ုပ်၏မိတ်ဆွေ မမြတ်မနော်ချို အသုံးပြုသောအကောင့်မဟုတ်ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မမြတ်မနော်ချို၏ဓာတ်ပုံများ၊ဗွီဒီယိုများကို အသုံးပြု၍ အမျိုးသမီးတစ်ဦး၏ဂုဏ်သိက္ခာထိပါးညှိုးနွမ်းစေသည့် ကိစ္စရပ်များကို လုံးဝမပြုလုပ်ရန်တားမြစ်ပါကြောင်းနှင့် (Tiktok )ရှိ ညစ်ညမ်းသော (အင်္ဂလိပ်အမည်အကောင့် )နှင့်(မြတ်မနောပျက်ဖားမျက်နှာ)အကောင့်အသုံးပြုသူများနှင့် မမြတ်မနော်ချို၏ ဓာတ်ပုံများ၊ ဗွီဒီယိုများကိုအသုံးပြုလာသော အခြား ( Tik tok)နှင့်( Facebook)အကောင့်အသုံးပြုသူကိုမဆို ကျွန်ုပ်၏ မိတ်ဆွေနှင့် မိသားစု ဘက်မှ တည်ဆဲဥပဒေများနှင့်အညီ အမှုဖွင့်အရေးယူမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးသန့်ဇင်ကျော် LL.B, DBL, PGDE** | **ဦးသူရဦး LL.B,** |
| **(စဉ်–၁၁၆၀၅/၂၀၁၆)** | **(စဉ်–၁၁၆၀၀/၂၀၁၆ )** |
| **(တရားလွှတ်တော်ရှေ့နေများ)** | **ဖုန်း–၀၉–၄၃၁၀၇၇၅၀** |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကသွယ်ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ်(၁၄၁)နေထိုင်သူ ဦးလှအေး ၁၂/ဒလန(နိုင်)၀၁၄၈၇၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဦးလှအေး ၁၂/ဒလန(နိုင်)၀၁၄၈၇၀သည် ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ သဇင်ဖြူ(၄)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀/ကံဘဲ့)၊ မြေကွက်အမှတ်(၃)၊ အင်းစိန်-၃၉၁/၁၉၄၈ မြေပိုင်ပြေစာအမှတ်-မထ/အထလ ၆/၉၃ (၁၆၅၃) နေ့စွဲ-(၁-၁-၉၃)အရ ထုတ်ပေးထားသည့် မြေပိုင် အမျိုးအစား-လ/န(၃/ခ)အိမ်ရာ၊ မြေဧရိယာအကျယ်အဝန်း(၁၃.၉၆၄ ကေ)ရှိ မြေကွက်အမှတ်(၆၃)အား သီရိစူဘရာ မနီယာဆွာမိဘုရားကျောင်းမှ မြေကွက် တန်ဖိုး ၂၅၀၀၀ဝိ/ကျပ်(နှစ်သိန်းငါးသောင်း ကျပ်တိတိ)ဖြင့် ဝယ်ယူပိုင်ဆိုင် ပြေစာအမည်ပေါက်ရရှိခဲ့ပြီး ဦးမောင်စိန်အား ပြန်လည်ရောင်းချခဲ့ပါသည်။

ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ သဇင်ဖြူ(၃)လမ်း၊ မြေကွက်အမှတ်(၅၃)သည် ကျွန်ုပ်မိတ်ဆွေ ဦးလှအေး အမည်ပေါက် မဟုတ်သကဲ့သို့ ပိုင်ဆိုင်၊ ရောင်းချ၊ ပေးကမ်း၊ လွှဲပြောင်းထားခြင်းမရှိပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ ဦးလှအေးအမည်အား အလွဲသုံးစားပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးလှအေး**
**၁၂/ဒလန(နိုင်)၀၁၄၈၇၀**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းထိုက်**
**အထက်တန်းရှေ့နေ(စဉ်-၄၂၇၁၀)**
**အမှတ်(၄၆၆)၊ (၆)လွှာ၊ မင်းရဲကျော်စွာ(၁)လမ်း၊**
**ဒေါပုံမြို့နယ်၊**
**ဖုန်း-၀၉-၉၅၄၈၀၀၃၂၀**

## ငွေးချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)
## မကွေးမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂

| | | |
|---|---|---|
| ဦးညိုမင်းဦး | နှင့် | ဒေါ်ခင်ဆွေလှိုင် |
| (တရားလို) | | (တရားပြိုင်) |

ဒေါ်ခင်ဆွေလှိုင် တိုက်(၅)၊ အခန်း(၈)၊ (၁)လမ်း၊ ပြည်တော်သာရပ် မကွေးမြို့နေသူ(ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တရားလိုဖြစ်သူ ဦးညိုမင်းဦးက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ခင်မြတ်သူ)**
**မြို့နယ်တရားသူကြီး**
**မကွေးမြို့နယ်တရားရုံး**

## နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မောင်ကျော်ဇင်ထက် (ဘ) ဦးစန်းကျော် ၅/စကန(နိုင်)၂၈၈၃၅၁ မှ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မောင်ကျော်ဇင်ထက် နှင့် မသစ်ဖူးဆွေ (ဘ) ဦးနန်းဆွေ ၅/ကလထ (နိုင်) ၁၁၄၄၁၃ တို့သည် ၉-၅-၂၀၂၂ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ယခုအချိန်တွင် တစ်ဦး နှင့် တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့သည့်အပြင် ရှေ့ဆက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိတော့ပါသဖြင့် ၁-၃-၂၀၂၅ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ဖြင့် နှစ်ဖက် အသိသက်သေများရှေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ထိုသို့ ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို တစ်ဦးနှင့်တစ်ဦး ပတ်သက်ခြင်း အလျဉ်းမရှိ ကင်းရှင်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**မောင်ကျော်ဇင်ထက်**
**(ဘ) ဦးစန်းကျော်**
**၅/စကန (နိုင်) ၂၈၈၃၅၁**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းနုလှိုင် (LLB)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၉၂၁၃ (၁၁-၄-၂၀၂၄)**
**၈၉လမ်း၊ ၄၃လမ်း၊ မဟာအောင်မြေမြို့နယ်၊**
**မန္တလေး**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ )
## အောင်မြေသာစံခရိုင်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၁၂

**ကွယ်လွန်သူ ဦးအေးအောင်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့် အမှု**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ကျေးရွာအုပ်စု ပုဏ္ဏားကုန်းကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအေးအောင်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်စန်းလွင်ဌေးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၉ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအေးအောင်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၉ ရက်)၌ မိမိတို့ကိုယ်တိုင်သော် လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော် လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက် ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်စန်းလွင်ဌေး ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညိုမီလတ်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**အောင်မြေသာစံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/ဘီ)၊ မြေကွက်အမှတ် (၁၂၆)၊ အကျယ်အဝန်း အလျား(၇၁ပေ/၇၄ပေ) အနံ(၈၀ပေ)၊ မြေအားလုံးဧရိယာ (၅၈၀၀)စတုရန်းပေ ရှိ ဒေါ်နန်းညွှန့်ကျင် အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် မြေပေါ်ရှိအဆောက်အအုံ၊ ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဆက်စပ်စာချုပ်များကို ရောင်းချပါသဖြင့် ဒေါ်နန်းညွှန့်ကျင် ၁၃/လရက(နိုင်)၀၇၉၉၆၀ထံမှ ကျွန်ုပ် ဦးသန်းထွဋ်ကိုယ်တိုင် အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းထွဋ် ၇/ပမန (နိုင်) ၀၇၉၂၄၅**
**ဖုန်း-၀၉-၄၂၃၆၆၀၉၄၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ဇောတိကအိမ်ရာ၊ တိုက်အမှတ် (A-5) အခန်း(၂၀၃)တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် စွဲကပ်တည်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးကောင်းထက်သူ ၉/အမဇ (နိုင်) ၀၃၂၁၃၆ က ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်သန်း ၇/ပတတ(နိုင်)၀၆၇၂၆၆ ပါ(၂) မှ ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

ဖော်ပြပါအရောင်းအဝယ်ပြုလုပ်သော တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအား အပြီးအပိုင်ဆက်လက်ဝယ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မြင့်သန်း ပါ(၂)၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင်အောင်ကြည် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၃၁/၂၀၁၇)**
**အမှတ် (၂၆၅)၊ ယုဇနလမ်း၊ ဇီးကုန်းအလယ်ပိုင်း၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၁၄၃၃၄၁၆**

## ငွေးချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀ )
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၄

| | | |
|---|---|---|
| ဒေါ်နီလာကို | နှင့် | ဦးအောင်သူ |
| (တရားလို) | | (တရားပြိုင်) |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ ဆည်မြောင်းဝန်းနေ ဦးအောင်သူ(ဘ) ဦးအောင်မြင့်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နီလာကို က ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မျိုးသန့်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 23W/54260 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ငွေးချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
## မကွေးမြို့နယ်တရားရုံးတော်
## ၂၀၂၆-ခုနှစ်၊ တရားမကြီးမှုအမှတ်-၁

| | | |
|---|---|---|
| ဦးညိုမင်းဦး | နှင့် | ဦးသာသာ |
| (တရားလို) | | (တရားပြိုင်) |

ဦးသာသာ၊ အမှတ် F(၂၆)၊ မကြီးပင်လမ်း၊ မြင်သာရပ်၊ မကွေးမြို့ နေသူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုဖြစ်သူ ဦးညိုမင်းဦးက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထား စွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်)မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်၊ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ခင်မြတ်သူ)**
**မြို့နယ်တရားသူကြီး**
**မကွေးမြို့နယ်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်နေ ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးကြည်ညွှန့် (ဘ)ဦးမင်းနောင် ၉/မရတ(နိုင်)၀၆၁၄၉၈၊ ဒေါ်သင်းသင်းခိုင် (ဘ) ဦးမင်းနောင် ၉/မရတ(နိုင်)၀၆၁၅၆၀၊ ဒေါ်ခင်သင်းလှိုင် (ဘ)ဦးမင်းနောင် ၉/မရတ(နိုင်) ၀၆၁၅၆၁ ဦးကျော်မြင့်ဦး (ဘ)ဦးမင်းနောင် ၅/ရဘန(နိုင်)၀၁၆၁၆၉ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများသည် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၃၃)၊ ဦးပိုင်(၇၀(ခ)+၇၁)၊ ဧရိယာ(၀ ဒသမ ၂၃၅ + ၀ ဒသမ ၀၄၆၄) အကျယ်အဝန်းရှိ ဘိုးဘပိုင် မြေကွက်အား မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်မှတ်ပုံတင်အမှတ် (၂၂၁၄/၂၀၂၃)ဖြင့် မိသားစုစီမံမှုကတိပြုစာချုပ် ချုပ်ဆိုထားရှိသူများဖြစ်ပါသည်။ ဦးပိုင်(၇၀(ခ)+၇၁)မြေကွက်နှင့် သက်ဆိုင်သော စာချုပ်စာတမ်းမူရင်းများမှာ ယနေ့အချိန်ထိ ပျက်စီးပျောက်ဆုံးခြင်းများ လုံးဝမရှိပါ။ ၎င်းမြေကွက်အား ဦးကြည်ညွှန့်၊ ဒေါ်သင်းသင်းခိုင်၊ ဒေါ်ခင်သင်းလှိုင်၊ ဦးကျော်မြင့်ဦးတို့၏ သဘောတူညီမှုရယူခြင်းမရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ လှူဒါန်းခြင်း၊ အမည်ပြောင်းခြင်းပြုလုပ်၍ မရပါကြောင်းနှင့် ဦးကြည်ညွှန့်၊ ဒေါ်သင်းသင်းခိုင်၊ ဒေါ်ခင်သင်းလှိုင်နှင့် ဦးကျော်မြင့်ဦးတို့ သိရှိခြင်းမရှိပါဘဲ ပြုလုပ်ဆောင်ရွက်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝတ်ရည်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၄၉)**
**၆၂ လမ်း၊ ၁၁၄ x၁၁၅လမ်းကြား၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဒေါ်ဆုမွန်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၄၇)**
**၈၃x ၈၄ လမ်းကြား၊ ၃၄x၃၅**
**လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့။**

**ဖုန်း-၀၉-၄၄၄၀၁၁၆၃၄၊ ၀၉-၉၆၉၉၇၅၈၈၇**

## အများသိစေရန် ကြေညာခြင်း

တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်၊ အိမ်အမှတ် ၉/၅၀ နေ (ဘ) ဦးသန်းဆွေ ၏သမီး ဒေါ်ဆွေသန္တာထွန်း ၁၃/တခလ(နိုင်)၀၀၀၉၉၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည် -

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆွေသန္တာထွန်းနှင့် ၎င်း၏ခင်ပွန်း ဦးအောင်ကျော်ထူး တို့မှာ တရားဝင်ကွာရှင်းပြတ်စဲထားရခြင်းမရှိသေးသူများဖြစ်ကြ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆွေသန္တာထွန်းနှင့် ဦးအောင်ကျော်ထူး တို့၏ လူမှုရေးကိစ္စအဝဝသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆွေသန္တာထွန်း၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့်သာ တိုက်ရိုက်သက်ဆိုင်ပါကြောင်းနှင့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ဆွေသန္တာထွန်းအပေါ် ပြင်ပလူမှုဆက်ဆံရေး နယ်ပယ်တွင် ထိခိုက်နစ်နာပြီး ဂုဏ်သရေ ထိခိုက်နစ်နာမှုရှိစေရန် မဟုတ်မမှန် ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများဖြင့်အရှက်သိက္ခာကျဆင်းစေ ရန်သော်လည်းကောင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေရန်သော်လည်းကောင်း၊ အသရေပျက်စေသည့် စာသားများရေးသား၍ ဒေါ်ဆွေသန္တာထွန်းနှင့်၎င်း၏သူငယ်ချင်းများထံသို့ အင်တာနက်လူမှုကွန်ရက်စာမျက်နှာများဖြစ်သည့် Facebook Messenger နှင့်Viberစသည့် စာမျက်နှာများမှတစ်ဆင့် မဟုတ်မမှန်လီဆယ်၍သတင်းမှား များရေးသားပေးပို့ခြင်းများ၊ ပြောဆိုနေခြင်းများ ပြုလုပ်နေကြောင်းများကို ကြားသိရပြီး ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆွေသန္တာထွန်းအပေါ်အထင် အမြင်လွဲမှားစေသည့် အပြောအဆို၊ အရေးအသားများမပြုလုပ်ကြရန်နှင့် ထိုသို့ပြောဆိုပြုလုပ်သူများကိုလည်း တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဆွေသန္တာထွန်း ၁၃/တခလ(နိုင်)၀၀၀၉၉၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမိုးသွယ်(LL.B)**
**တရားလွှတ်တော်ရှေ့ နေ**
**(စဉ်-၉၅၀၀၊ ၃၁-၁၂-၂၀၁၃)**
**ရ/၃၃၂။ မင်္ဂလာရှေ့ဆောင်လမ်း၊**
**ရွှေတောင်ရပ်ကွက် ၊ တောင်ကြီးမြို့**
**ဖုန်း-၀၉-၆၉၉၉၃၉၈၉၂၊ ၀၉-၄၂၈၃၁၂၉၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၅) ရပ်ကွက်၊ အကွက်အမှတ်(ဘုံကျောင်းအနောက်ကွက်)၊ ဦးပိုင်အမှတ်(၁၈၁၈/၃)၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧက၊ မြေဂရန်အမှုတွဲအမှတ် ၅၁၀-၅/၂၀၁၃-၂၀၁၄၊ ဒေါ်ဟွမ်ကျုံးလန့် ၁၃/ကခန(နိုင်)၀၁၀၀၇၃ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်၏ မြေငှားဂရန်သည် သက်တမ်းကုန်ဆုံးသဖြင့် ဒေါ်ဟွမ်ကျုံးလန့် အမည်ဖြင့် မြေငှားဂရန် ထပ်မံအသစ်လျှောက်ထားလာရာ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်(၃၀) အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူ မရှိပါက ဒေါ်ဟွမ်ကျုံးလန့် အမည်ပေါက် မြေဂရန်အမှုတွဲအမှတ် ၅၁၀-၅/၂၀၁၃-၂၀၁၄ အား ပယ်ဖျက်သွားမည်ဖြစ်ပြီး ဒေါ်ဟွမ်ကျုံးလန့် အမည်ဖြင့် မြေငှားဂရန်ထပ်မံအသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (ထင်းရှူးမြိုင် တိုးချဲ့)၊ ဦးပိုင်အမှတ်(k-၂၆)၊ ဧရိယာ ၀ ဒသမ ၁၀၇ ဧကရှိ အမှုတွဲအမှတ် ၀၂၅-၅/၂၀၂၃-၂၀၂၄ (အေ)ဖြင့် ဦးသန်းထွေးဖြူ ၁/ရကန(နိုင်) ၀၄၀၂၃၈ အမည်ပေါက် ပိုင်ဆိုင်သောမြေကွက်အား ဦးကိုကိုထွေး ၁၂/မဂတ(နိုင်)၀၁၅၈၄၆မှ စာချုပ်အမှတ်(၈၆၊/၂၀၂၄) ဖြင့် ဝယ်ယူပြီးဖြစ်သဖြင့် ဦးကိုကိုထွေး ၁၂/မဂတ(နိုင်)၀၁၅၈၄၆ အမည်ဖြင့် အမည်ပြောင်းလဲပေးနိုင်ပါရန် လျှောက်ထားလာသဖြင့် လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်(၃၀)အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးသန်းထွေးဖြူ ၁/ရကန (နိုင်)၀၄၀၂၃၈ အမည်ပေါက် မြေငှားဂရန် အမှုတွဲအမှတ် ၀၂၅-၅/၂၀၂၃-၂၀၂၄ (အေ) အား ဦးကိုကိုထွေး အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲမှ ဒေါ်မိမိထွန်းနှင့် ဒေါ်မိမိ (ဘ - ဦးရာဂျူး) ၁၂/အစန(နိုင်)၁၅၃၉၅၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မိမိထွန်း (ခ) ဒေါ်မိမိ**

## ပတ်စ်ပို့ပျောက်

မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်နေ (ဘ)ဦးထဆန်လ၏ သမီး ဒေါ်ကိုင်ထန် ၁/မညန(နိုင်)၀၆၂၄၆၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-872550)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း - ၀၉-၄၂၈၉၀၁၉၇၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/7203 ယာဉ်အမည်ပေါက်သူ ဒေါ်ထွေးရီ၁/မကတ(နိုင်)၀၁၅၃၉၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊**
**ပြည်နယ်ရုံး(မြစ်ကြီးနား)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၁ က၊ စီတာပူ တောင်)၊ ဦးပိုင်အမှတ်(၃၈)၊ မြေဧရိယာ (၀ ဒသမ ၁၈၃) ဧကရှိမြေကွက်သည် မူလက ဦးမော့တန်တူးအမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး ၁၈-၁၂-၂၀၂၅ ရက်စွဲပါတရားရုံး၏ဒီကရီအရဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင် ရောင်းချခြင်း စာချုပ်မှတ်ပုံတင်အမှတ်(၄၇၀/၂၀၂၅) ဖြင့် ဦးမော့တန်တူးထံမှ ဦးပိုင်(၃၈/ခ)၊ မြေဧရိယာ (၀ ဒသမ ၀၇၁) ဧကအပိုင်းကို ဦးဂမ်ဆိုင်းအမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဦးဂမ်ဆိုင်း ၁၃/နမတ(နိုင်)၀၀၂၈၇၇ အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ရွာသစ်ပွဲကြိုရပ်နေ ဒေါ်ညိုညို ၈/မကန(နိုင်)၁၅၄၉၂၃ ကိုင်ဆောင်သူသည် ၎င်းအမည်ပေါက်ပိုင်ဆိုင်သော မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ရွာသစ်ပွဲကြိုရပ်၊ ဦးပိုင်/မြေကွက်အမှတ် (၁၉/ခ+ ၂၀/ခ) ဝိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို သားဖြစ်သူ ဦးဌေးလှိုင်ဝင်း ၈/မကန(နိုင်)၀၀၅၀၂၅ အား အပြီးအပိုင် လွှဲပြောင်းပေးအပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခု အပိုင်ပေးကမ်းမှုနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ၁၅-၂-၂၀၂၆ ရက်အတွင်း အကြောင်းအရင်းခိုင်လုံစွာဖြင့် ဒေါ်ညိုညိုနှင့် ဦးဌေးလှိုင်ဝင်းတို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် တစ်စုံတစ်ရာကန့်ကွက်ခြင်းမရှိပါက မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်မင်း ( LL.B, C.B.L, D.B.L)**
**(တရားလွှတ်တော်ရှေ့နေ- စဉ်-၁၂၂၉၅)**
**အမှတ်(၃၈၉)၊ ဇီဇဝါလမ်း၊ ရန်အောင်ရပ်၊ မကွေးမြို့**
**ဖုန်း ၀၉-၇၉၄၅၆၇၈၁၁**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ခင်နွယ်ညို ၁/မညန (နိုင်)၁၀၇၀၄၆ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် ။

**ဖုန်း-၀၉-၄၄၀၀၀၁၄၉၃**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ထန်းတောအခြေခံပညာ အထက်တန်းကျောင်းတွင် အလယ်တန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်ထားထားမော် ၉/မလန(နိုင်)၀၄၂၅၉၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၄-၁၉၆၄ ဖြစ်ပါကြောင်း။ **ဒေါ်ထားထားမော်**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ သစ်တပွေရပ်ကွက်၊ ရွှေဘုံသာ(A) လမ်းနေ ဦးဘုန်းမော်၏သား ဦးမြတ်မော် ၈/ရနခ(နိုင်)၀၂၅၉၈၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-953024) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၇၉၂ ၆၂၁ ၈၂၂**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ သစ်တပွေရပ်ကွက်၊ ရွှေဘုံသာ(A) လမ်းနေ ဦးကျင်ဟုတ်၏သမီး မစိုးစိုး ၈/ရနခ(နိုင်)၀၀၇၈၁၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-961795) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၇၉၂ ၆၂၁ ၈၂၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၄၁၆၆၂, Yunde – 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယောက်နုဝေ ၅/မရန(နိုင်) ၂၂၆၅၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)မြို့**

## လိပ်စာအမှန်အား အများသိစေရန်ကြေညာခြင်း

ကျွန်မ၏မိတ်ဆွေဖြစ်သူဦးဝင်းဌေး(ခ)ဦးဝင်းသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးအောင်မျိုးလှိုင်ထံမှ ဦးဝင်းဌေးဝယ်ယူခဲ့သည့် တိုက်ခန်း၏ လိပ်စာအမှန်မှာ အမှတ် ၁၅၈/၁၆၀ မြေညီထပ်နှင့် ပထမထပ် ဝဲဘက်အခန်း၊ ၃၃ လမ်း၊ အမှတ် (၁) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းဆုအောင်(LL.B)(LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၄၁)**
**ဖုန်း-၀၉-၄၄၄၅၉၈၇၇၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ဇလွန်လမ်း အမှတ် (၂၉) နေ ဒေါ်ခင်မေလှ ၁၂/စခန (နိုင်) ၀၁၄၇၀၉ ၊ ဒေါ်စန္ဒာမြင့် ၁၂/စခန(နိုင်)၀၆၄၀၂၇ နှင့် ဒေါ်ယဉ်ယဉ်နွဲ့ ၁၂/စခန(နိုင်)၀၆၇၉၀၇ တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

အထက်ဖော်ပြပါလိပ်စာတွင် လွှဲအပ်ညွှန်ကြားသူ (၃) ဦးနှင့်အတူ နေထိုင်ခဲ့သူများဖြစ်သည့် (ယခုနေရပ်မသိ) ဒေါ်သိင်္ဂီမြင့် ၁၂/စခန(နိုင်)၀၆၄၀၅၆ နှင့် ၎င်း၏ခင်ပွန်း ဦးမင်းသက်နိုင် ၁၂/စခန(နိုင်)၀၅၉၂၆၃ တို့သည် ဒေါ်ခင်မေလှမှ မြေရှင်အဖြစ်ပိုင်ဆိုင် တည်ရှိနေသည့် အထက်ပါလိပ်စာ၏ အဆောက်အအုံအား မြေရှင်နှင့်ကန်ထရိုက်ချုပ်ဆိုထားခဲ့သည့် ၂၃-၁၀-၂၀၂၃ ရက်စွဲပါစာချုပ်အား ဒေါ်ခင်မေလှ မသိရှိစေဘဲ ယူဆောင်သွားပြီး လွှဲအပ်ညွှန်ကြားသူ (၃) ဦးတို့နှင့် တစ်စုံတစ်ရာသိရှိပတ်သက်ဆက်နွယ်မှုမရှိသူများထံသို့ ပေါင်နှံကာ ငွေကြေးများရယူ သွားခဲ့သည်ဟု ငွေပေးလိုက်ရသူ၏ပြောပြချက်အရ သိရှိခဲ့ရပါသည်။ ယင်းသို့ ငွေကြေးများရယူသွားရာတွင်လည်း လွှဲအပ်ညွှန်ကြားသူ (၃) ဦးတို့မသိရှိဘဲ လွှဲအပ်ညွှန်ကြားသူ (၃) ဦး၏ အမည်များအား အလွဲသုံးစားပြုလုပ်ဖော်ပြကာ လွှဲအပ်ညွှန်ကြားသူ (၃) ဦး၏ လက်မှတ်များအား တုပရေးထိုး၍ ရယူသွားခဲ့ခြင်းဖြစ်ကြောင်း ထပ်မံသိရှိခဲ့ရပါသဖြင့် ၎င်းတို့နှစ်ဦးအပေါ် ဥပဒေအရ အရေးယူရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဒေါ်သိင်္ဂီမြင့် နှင့် ဦးမင်းသက်နိုင်တို့၏ လုပ်ရပ်များသည် ၎င်းတို့နှစ်ဦးနှင့်သာသက်ဆိုင်ပါကြောင်း၊ အမည်၊ လက်မှတ်များအား အလွဲသုံးစားပြုလုပ်ခံရသူ (လွှဲအပ်ညွှန်ကြားသူ (၃) ဦး) တို့နှင့် တစ်စုံတစ်ရာ ပတ်သက်မှုမရှိပါကြောင်း၊ လွှဲအပ်ညွှန်ကြားသူ (၃) ဦးတို့မှလည်း မည်သူတစ်ဦး တစ်ယောက်ကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၅)**
**အခန်း(၁၀၁/H)၊ပထမထပ်၊ တိုက် (၉/၁၁) ၃၆-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉-၂၆၂၆၃၈၀၈၉**

## ပတ်စ်ပို့ပျောက်

(အဘ) ဦးဘိုလင်း (ခ)ဗိုလ်လင်း၏သမီးဖြစ်သူ ကျွန်မ မသန်းသန်းစိုး ၉/တကန(နိုင်)၂၁၉၀၁၃ ၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း ၀၉ - ၂၆၀၀၀၁၅၅၂**

## မိဘအမည်မှန်

ဝေါမြို့နယ်၊ အထက-ထိန်တပင်၊ Grade-8 မှ မောင်ရှိန်းပြည့်ဖြိုး၏ မိဘအမည်မှန်မှာ ဦးသိန်းထိုက်ဦး + ဒေါ်ဌေးဌေးခိုင် ဖြစ်ပါကြောင်း။

**ဦးသိန်းထိုက်ဦး +**
**ဒေါ်ဌေးဌေးခိုင်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ဗဟိုရိစည်(၉)လမ်း၊ အိမ်အမှတ် (၂၁၉၈)နေ ဦးသန်းဦး (၇/ပခန(နိုင်)၁၃၄၁၆၈) နှင့် ဇနီးဖြစ်သူ ဒေါ်စန်းတင် (၇/ပခန(နိုင်)၁၃၅၁၇၇) တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ဗဟိုရိစည်(၉)လမ်း၊ အိမ်အမှတ်(၂၁၉၈)နေ ဦးသန်းဦးနှင့် ဇနီးဖြစ်သူ ဒေါ်စန်းတင် တို့၏သမီးဖြစ်သူ မမူမူခိုင် (၇/ ပခန(နိုင်) ၂၆၂၅၀၆) ကိုင်ဆောင်သူသည် မိဘများရှာဖွေထားသော ဥစ္စာပစ္စည်းများကို ယုတ်လျော့အောင်ကြိမ်ဖန်များစွာပြုလုပ်ခဲ့ပါသည်။ ၎င်း၏ပြုလုပ်မှုကြောင့် မိဘများမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ခဲ့ရပါသည်။ ထို့အပြင် ၎င်းမွေးထားသော (၅) နှစ်အရွယ်သမီးလေး (၁)ဦးအားလည်း မိဘများ၏နေအိမ်တွင်ထားရစ်ခဲ့ပြီး (၂-၁-၂၀၂၆) ရက်နေ့တွင် ၎င်း၏သဘောဆန္ဒအလျောက်ဆင်းသွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ မမူမူခိုင်အား ယနေ့မှစပြီးအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ငွေကြေးကိစ္စအဝဝနှင့် အခြားသောကိစ္စအားလုံးသည် မိဘများနှင့် လုံးဝမသက်ဆိုင်ပါကြောင်း မိဘများမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဇာဇာသက်(ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၇၀/၃၁-၁၂-၂၀၁၃)**
**အမှတ်(၂၀၁၇)ထန်းတပင်(၄)လမ်း၊ နန်းတော်ရာရပ်ကွက်/ပဲခူးမြို့။09-252411795**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် -၅၊ နည်းဥပဒေ -၁ နှင့် ၅ )
### တာချီလိတ်မြို့နယ် တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂

| | | |
|---|---|---|
| ဒေါ်နန်းဖူး | နှင့် | ဦးအေးညီ |
| **တရားလို** | | **တရားပြိုင်** |

တာချီလိတ်မြို့၊ ၄/၁၂၆၊ ဆန်ဆိုင်း(ခ)ရပ်ကွက်ရပ်နေ ဦးအေးညီ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ် တရားလိုဒေါ်နန်းဖူးက မြေကွက်အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားဆွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ခုနှစ်၊ မတ်လ ၉ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၇ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နိုင်လင်းအောင်)
**တွဲဖက်မြို့နယ်တရားသူကြီး**
**တာချီလိတ်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅ )
### မရမ်းကုန်းခရိုင် တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီး မှုအမှတ် - ၄၀

| | | |
|---|---|---|
| ၁။ ဦးလွင်ဦးမြင့် | နှင့် | ဦးစိန် |
| ၂။ ဒေါ်စန္ဒာမိုး | | |
| **တရားလိုများ** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ အောင်သိပ္ပံလမ်း၊ အမှတ် - ၂၉၃ (ပထမထပ်)နေ တရားပြိုင် ဦးစိန် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုမှ ပဋိညာဉ်အတိုင်း မြေနှင့်နေအိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာ ကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်း ရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီသီဟန်)**
**ဒုတိယခရိုင်တရားသူကြီး (၄)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ချောက်ခရိုင်၊ ချောက်မြို့နယ်၊ သွေးနက်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၂၂၈၇/ တောင်(ပုလု)၊ မြေကွက်အမှတ်(၁၂၆)၊ မြေမျိုးနှင့်အတန်း(ကျန်အခြားမြေ)၊ ပိုင်ဆိုင်ခွင့်အစိုးရ)၊ မြေဧရိယာ (၀ ဒသမ ၀၅၅)ဧကရှိ မြေကွက်သည် ဦးအေးမင်းထွန်း ၈/ခမန(နိုင်)၀၄၇၄၃၉ အမည်ဖြင့် လူနေထိုင်ရန်အတွက် မြေငှားဂရန်(အသစ်)လျှောက်ထားလာပါသည်။ ထိုသို့ လျှောက်ထားလာမှုအပေါ် မည်သူမဆို ခိုင်လုံလှသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ချောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက ဤမြေငှားဂရန်(အသစ်)လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ်တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ချောက်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ သာစုအိမ်ရာ၊ လေးထောင့်ကန်လမ်း၊ တိုက် (၂)၊ အခန်း (၅၀၂)၊ (၂) ခန်းတွဲ၊ (၆) ထပ်တိုက်၏ ပဉ္စမထပ်၊ ညာဘက်ခြမ်း၊ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို Olympic Company Limited ထံမှ ဒေါ်မြင့်မြင့်သီ ၁၂/ပဘတ(နိုင်)၀၁၈၉၂၀ ကိုင်ဆောင်သူမှ ဝယ်ယူခဲ့ပြီး ၎င်းထံမှ စာချုပ်အဆက်စပ်ဖြင့် ဒေါ်လွင်လွင်မြင့် ၁၂/မဂဒ(နိုင်)၁၂၀၇၃၁ (ဘ) ဦးမြင့်သိန်း မှ လက်ရောက်ဝယ်ယူ၍ အပြည့်အဝပိုင်ဆိုင်ပြီး လက်ဝယ်ရှိ၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက တိုက်ခန်းအပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေး ချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအေးဖေ(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်- ၇၄၅၇/၂၀၀၇)**
**တိုက် (၂၆/၄)၊ အခန်း (၁၀၂)၊ သုနန္ဒာ (၁) လမ်း၊ သုမင်္ဂလာအိမ်ရာ၊**
**သဃ်န်းကျွန်းမြို့နယ်**
**ဖုန်း-၀၉-၅၀၆၃၁၂၀၊ ၀၉-၄၄၃၀၀၄၅၉၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ကုသရေးဦးစီးဌာန
### နေပြည်တော် အရိုးရောဂါအထူးကုဆေးရုံကြီး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် အရိုးရောဂါအထူးကုဆေးရုံကြီး ဓာတ်မှန်ဌာနတွင် အသုံးပြုသည့် Siemens Somaton Prespective 128 Slice CT (SN:77378) စက်အားပြုပြင်လဲလှယ်ရန်အတွက် စိတ်ပါဝင်စားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** | - | ၁၁ -၂-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း) |
| | **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - | ၂၄ -၂-၂၀၂၆ ရက်(ကြာသပတေးနေ့) (မွန်းလွဲ ၂:၀၀နာရီ) |
| ၃။ | **စုံစမ်းရန်** | - | ဆေးရုံအုပ်ကြီးရုံးခန်း (ဘဏ္ဍာရေးဌာန)၊ အရိုးရောဂါ အထူးကုဆေးရုံကြီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် |

**တင်ဒါကော်မတီ**
**အရိုးရောဂါအထူးကုဆေးရုံကြီး**
**ဥတ္တရသီရိမြို့ နယ်၊ နေပြည်တော်**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် (ည-၅၅) နေ ဒေါ်သိင်္ဂီထွန်း၊ ၁၃/လရန (နိုင်) ၁၀၆၄၇၃ မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲနေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် Nice Classification Number - 5 ဖြင့် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားပြီးဖြစ်ပါသည်_

JASMINE

Application Number: T/2025/005216

အထက်ဖော်ပြပါ " **JASMINE** " ဟုသော ကုန်အမှတ်တံဆိပ်ဖြင့် အမျိုးသမီးလစဉ်သုံးပစ္စည်းအမျိုးမျိုးနှင့်အမျိုးသမီးသန့်စင်ဆေးရည်များ၊ ကလေးဝတ် ဒိုက်ပါဘောင်းဘီများကို ထုတ်လုပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းတွင် ဆိုင်ခန်းများဖွင့်လှစ်၍ဖြစ်စေ၊ online မှတဆင့်ဖြစ်စေ လက်လီ/လက်ကားဖြန့်ဖြူးရောင်းချလျက်ရှိပြီး ကောင်းသတင်းဖြင့်ကျော်ကြားလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်အား မည်သည့်ပုံစံမျိုးဖြင့်မဆို ကူးယူခြင်း၊ မိုငြမ်းတုပသုံးစွဲခြင်း၊ ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြပါရန် သတိပေးတားမြစ်ပါသည်။ သတိပေးတားမြစ်ချက်အပေါ် လိုက်နာဆောင်ရွက်ခြင်းမရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သိင်္ဂီထွန်း ၁၃/လရန(နိုင်)၁၀၆၄၇၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ _**
**ဒေါ်ရတနာဌေးခိုင် (LL.B, D.B.L, DIPL) ဒေါ်ခင်မြတ်လေးစံ (LL.B)**
**အထက်တန်းရှေ့နေ(စဉ် - ၅၀၅၁၉) အထက်တန်းရှေ့နေ(စဉ် - ၅၀၆၈၂)**
**အမှတ် (B-3, 0904)၊ Golden City Condominium**
**ရန်ကင်းလမ်းမ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း _ ၀၉-၄၀၃၆၇၁၀၂၀**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၅)၊ ဗန္ဓုလ(၁) လမ်းရှိ ဒေါ်ခင်လှရီ အမည်ပေါက် ပေ (၄၀x၆၀) ရှိသည့် ပါမစ်မြေကွက်အမှတ် (၈၁၃) မြေကွက်အနက်မှ မြေကွက်အမှတ်(၈၁၄)မြေကွက်နှင့်ကပ်လျက်ဘက်ခြမ်းရှိပေ(၂၀x၆၀)ပေရှိသည့် မြေကွက်အမှတ် (၈၁၃) မြေကွက်နှင့် မြေကွက်ပေါ်ရှိ (၂) ထပ် RC နေအိမ်တို့၏ အကျိုးခံစားခွင့်ကို အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်လိပ်စာပါ မြေကွက်နှင့် (၂)ထပ် RC နေအိမ်တို့ကို ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းမရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းသူ ဦးမျိုးမြင့်သိန်း ၁၂/မဂတ(နိုင်)၀၇၀၈၄၈ ထံမှ ဦးစန်းလွင် ၁၁/မပတ(နိုင်)၀၁၄၃၁၀က ၎င်း၏ ကိုယ်စားလက်မှတ်ရေးထိုးသူ ဦးချမ်းမြ ၁၁/မပတ(နိုင်) ၀၀၀၅၅၉က လက်ရောက်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်၍ ယင်းအရောင်းအဝယ်ကိုကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း သက်ဆိုင်ရာစာချုပ်၊ စာရွက်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေအရ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်သိန်းကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၇၃)**
**ရုံးခန်း - တိုက်အမှတ် (၃၈)၊ ပထမထပ်၊ သမိန်ဗရမ်းလမ်း၊**
**ဌေးကြွယ်ကရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**Ph: 09-761036906, FB: landlawyer1**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရွှေပေါက်ကံ-၁၄)၊ ရာဇာဓိရာဇ် (၆) လမ်း၊ မြေကွက်အမှတ် (၁၀၁၂) ရှိဒေါ်ဝေဝေ ၁/မကန(နိုင်)၀၂၇၇၇၄ အမည်ပေါက် အကျယ်အဝန်း ပေ (၄၀x၆၀)၊ စတုရန်းပေ (၂၄၀၀)ရှိ နှစ် (၆၀) ဂရန်မြေ အမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ထံမှ တစ်ဆင့်ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးဝင်းနိုင် ၁၄/မမန(နိုင်)၀၀၀၅၁၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်နှင်းဆီ ၈/နမန(နိုင်)၁၄၀၁၆၃ က အပြီးအပိုင် တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အားကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀) ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားမူရင်းများကို ကိုင်ဆောင်၍ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ခင်နှင်းဆီ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L, WI.P.O Switzerland)၊**
**အထက်တန်းရှေ့နေ (စဉ်-၅၂၀၇၃)**
**အမှတ်(၇၉၅/ခ)၊ လေးကျွန်းဇမ္ဗူလမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၄၅၆၁၃၃၄၄၆၊ ၀၉-၇၇၅၀၀၈၃၆၅**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန ဒုတိယအကြိမ် အိတ်ဖွင့်လေလံကြော်ငြာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် (၁)နှစ်အတွက် အခွင့်အရေးအရပ်ရပ်ဆိုင်ရာလုပ်ကိုင်ခွင့် လိုင်စင်များကို ဒုတိယအကြိမ် အိတ်ဖွင့် လေလံအား အောက်ပါအစီအစဉ်များ အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

| စဉ် | အခွင့်အရေးအမျိုးအစား | လေလံတင် ရောင်းချမည့်ရက် | နေရာ/အချိန် |
|---|---|---|---|
| (က) | ရေချိုး/အိမ်သာအသုံးပြုခ ကောက်ခံခွင့်(၁)နေရာ | ၂၀ - ၂ - ၂၀၂၆ | (၆)ထပ်ဆောင် အစည်းအဝေးခန်းမ |
| ( ခ ) | ယာဉ်ရပ်နား(ကန့်သတ်) ကောက်ခံခွင့်(၆)နေရာ | | နံနက် ၁၀:၀၀ နာရီ |
| ( ဂ ) | စက်ဘီး/ဆိုင်ကယ်အပ်နှံခ ကောက်ခံခွင့်(၁၁)နေရာ | ။ | ။ |
| (ဃ) | အပေါင်ဆိုင်(၅)နေရာ | ။ | ။ |
| ( င ) | ဝက်သားဆိုင်(၃၄)ဆိုင် | ။ | ။ |
| ( စ ) | ဆိတ်သားဆိုင်(၃၂)ဆိုင် | ။ | ။ |
| (ဆ) | အမဲသားဆိုင်(၁၅)ဆိုင် | ။ | ။ |

၂။ အထက်ဖော်ပြပါ လုပ်ကိုင်ခွင့်များအား လေလံဆွဲဝယ်သူများသည် လေလံလျှောက်လွှာများကို လေလံယှဉ်ပြိုင်မည့် အမျိုးအစားအလိုက် လျှောက်လွှာဝယ်ယူ၍ လျှောက်လွှာ၌ သတ်မှတ်ထားသော လေလံစည်းကမ်း များနှင့်အညီ ပါရှိရမည့်စာရွက်စာတမ်းများ ပြည့်စုံစွာပူးတွဲလျက် တင်ပြပြီး လေလံကြမ်းခင်း ဈေး၏(၁၀%) စားပွဲတင်စပေါ်ငွေကို အိတ်ဖွင့်လေလံပွဲရက် မတိုင်မီ ကြိုတင်၍ ရတနာပုံဘဏ်လီမိတက်သို့ တင်သွင်းထားရှိရမည်။ လျှောက်လွှာတင်သွင်းခြင်းနှင့် စပေါ်ငွေလက်ခံမှု နောက်ဆုံးရက်မှာ ၁၉ - ၂ - ၂၀၂၆ ရက် (၁၄:၀၀)နာရီဖြစ်ပြီး အိတ်ဖွင့်လေလံစတင်ရောင်းချမည့်ရက်မှာ ၂၀-၂-၂၀၂၆ ရက်ဖြစ်ပါသည်။ သိရှိလိုသည်များရှိပါက ဖုန်း ၀၉-၄၄၁၀၃၇၈၈၉ နှင့် ၀၉-၈၅၀၀၅၄၃၂၁တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**အခွန်ဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃)
## တံတားဦးခရိုင် တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၁

**ကွယ်လွန်သူ ဦးသန်းအောင်၏ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

တံတားဦးမြို့နယ်၊တောင်ရပ်၊အမှတ်(၁)ရပ်ကွက်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသန်းအောင်၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်း လက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးညိုလွင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ် မတ်လ ၃ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထား သည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသန်းအောင်၏ကျန်ရစ်သောပစ္စည်း များတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၁ ရက်)၌ မိမိတို့ကိုယ်တိုင် သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော် လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးညိုလွင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာ တွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စိုးဝင်း)**
**ခရိုင်တရားသူကြီး**
**တံတားဦးခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9M/5077 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2N/7606 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/2295 Toyota Dyna LY 235R Light Truck (4x2) ယာဉ်အမည်ပေါက်သူ ဦးအောင်ပြည့်ဖြိုး ၉/ခအဇ(နိုင်)၀၁၈၀၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4P/7767 TOYOTA HILUX REVO Pickup (4x4) L Double Cab ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျူ ၁၃/လရန(နိုင်)၀၅၇၄၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အမျိုးသားစီမံကိန်းဝန်ကြီးဌာန
## အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန

၁။ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန၏ မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် (Quick Impact Project-QIP) စီမံချက်ဖြင့် Microfilm Scanner (၁)လုံးနှင့် Interactive Screen Display (၄)လုံးတို့အား နိုင်ငံခြားငွေဖြင့် တင်ဒါခေါ်ယူဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ(Open Tender) စနစ်ဖြင့် တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံစတင် ရောင်းချမည့်ရက်/အချိန်** - ၁၀ - ၂ - ၂၀၂၆ ရက်
**အိတ်ဖွင့်တင်ဒါ ပိတ်မည့်ရက်/အချိန်** - ၁၈-၂- ၂၀၂၆ ရက်၊ နံနက်(၁၀:၃၀)နာရီ
**တင်ဒါတင်သွင်း ရမည့်နေရာ** - အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ဦးစီးဌာန(နေပြည်တော်)

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း - ၀၆၇ ၄၁၈၄၆၀**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ပန်းဘဲတန်းလမ်းခြား၊ အကွက်အမှတ်နှင့် အမည် ၅၈ / ပန်းဘဲတန်း၊ ဦးပိုင်အမှတ် ၁၀၄၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧကရှိ အိမ်နှင့်မြေကို ဦးတင်နှင့် ဒေါ်ထားရင်တို့မှ မှတ်ပုံတင်စာချုပ်အမှတ်- ၅၂ / ၁၉၆၅ အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ဦးတင်နှင့် ဒေါ်ထားရင်တို့ကွယ်လွန်ပြီးနောက် ၎င်းတို့၏အမွေစားအမွေခံဖြစ်သော ဦးလှမိုးသည် မော်လမြိုင်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ "ကျမ်းကျိန်လွှာ"မှတ်ပုံတင်စာချုပ်အမှတ်-၄၂၅/၂၀၂၅ နှင့် "အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာ စာချုပ်" မှတ်ပုံတင်စာချုပ်အမှတ်-၄၂၆/၂၀၂၅ အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ထားပါသည်။ ထို့နောက် ဦးလှမိုးသည် ၎င်းတရားဝင်ပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါ အိမ်နှင့် မြေကို မှတ်ပုံတင်စာချုပ်အမှတ်-၇၁၈/၂၀၂၅အရ ဦးကျော်နိုင်ဦး အား မှတ်ပုံတင် စာချုပ်ချုပ်ဆို၍ ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဦးကျော်နိုင်ဦး သည် ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါ အိမ်နှင့်မြေကွက်ကို ၎င်း၏အမည်ဖြင့် အမည်ပြောင်းလဲပေးရန် လျှောက်ထားလာသဖြင့်တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်မှု မရှိပါက ဦးကျော်နိုင်ဦး မှ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်း အပေါ် ဥပဒေ၊ နည်းဥပဒေညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မော်လမြိုင်မြို့ နယ်မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6S/5822 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 9D/7808 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)
## မော်လမြိုင်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၁၅

ဒေါ်လတ်လတ်စိုး **နှင့်** ၁။ ဦးဇော်ဖြိုး
၂။ ဒေါ်ဝင်းမော်စန်း
**(တရားလို)** **(တရားပြိုင်များ)**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ သာယာဝင်း၊ အမှတ် (၃၅)နေ တရားပြိုင်များဖြစ်သော ဦးဇော်ဖြိုးနှင့် ဒေါ်ဝင်းမော်စန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုက " အရောင်းအဝယ်တန်ဖိုးကျန်ငွေကျပ်သိန်း (၅၀)အား လက်ခံ၍ အပြီးသတ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ရေးချုပ်ကာ အိမ်နှင့်မြေလက်ရောက်အပ်နှံရန် (သို့မဟုတ်) လက်ခံရယူထားသော စရန်ငွေ၏ (၂)ဆ ငွေကျပ်သိန်း(၃၀၀) ကို စာချုပ်ပါကတိနှင့်အညီ တရားလိုထံ ပြန်လည်ပေးလျော်ရန်ရလိုမှု" လျှောက်ထားစွဲဆို သည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် (၁၃၈၇ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်တို့မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ ထုချေတင်ပြ အမှီပြုလုပ်လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးပပအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**မော်လမြိုင်မြို့နယ်တရားရုံး**


## ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်စက်မှုဇုန်၊ အမှတ်(၃)လမ်းမကြီး၊ အမှတ် (၄၀) တွင် တည်ရှိသော Myanmar Juice Company Limited ၊ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၀၅၁၂၈၄၇၉ မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိ တစ်ဦးတည်းမှုပိုင်အဖြစ် သုံးစွဲနေပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့် ဦးစီးဌာနတွင် Nice Classification Number - 32 ဖြင့် ကုန်အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားပြီးဖြစ်ပါသည်_

Application Number: T/2025/001546

အထက်ဖော်ပြပါ " Ocean " ဟူသော ကုန်အမှတ်တံဆိပ်ဖြင့် သောက်ရေသန့်များကို ဘူးအရွယ်အစားအမျိုးမျိုး ထုတ်လုပ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝှမ်းတွင် ဆိုင်ခန်းများဖွင့်လှစ်၍ ဖြစ်စေ၊ online မှတဆင့်ဖြစ်စေ လက်လီ/လက်ကားဖြန့်ဖြူးရောင်းချလျက်ရှိပြီး ကောင်းသတင်းဖြင့်ကျော်ကြားလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်အား မည်သည့်ပုံစံမျိုးဖြင့်မဆို ကူးယူခြင်း၊ မှိုင်ခြမ်းတုပသုံးစွဲခြင်း၊ ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ် မဆောင်ရွက်ကြပါရန် သတိပေးတားမြစ်ပါသည်။ သတိပေးတားမြစ်ချက်အပေါ် လိုက်နာဆောင်ရွက်ခြင်းမရှိပါက မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**Myanmar Juice Company Limited ၏ လွှဲအပ်ညွှန်ကြားချက်အရ _**
**ဒေါ်ရတနာငွေနိုင် (LL.B, D.B.L, DIPL)** **ဒေါ်ခင်မြတ်လေးစံ (LL.B)**
**အထက်တန်းရှေ့နေ(စဉ် - ၅၀၅၁၉)** **အထက်တန်းရှေ့နေ(စဉ် - ၅၀၆၈၂)**
**အမှတ် (B-3, 0904)၊ Golden City Condominium**
**ရန်ကင်းလမ်းမ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း _ ၀၉-၄၀၃၆၇၁၀၂၀**


## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် - ၂၁၊ နည်းဥပဒေ-၂၂ )
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၉၆
## ၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၁၁

ဦးခွန်အောင်ကျော် **နှင့်** ၁။ ဒေါ်ခင်မို့မို့လွင်
(၎င်း၏ကိုယ်စားလှယ်စာရသူ ၂။ ဦးကျော်ထွေး
ဦးစိုင်းမင်းသီဟအောင်)
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက်အမှတ်(၁၄၇)၊ (၁၉)လမ်း နေ ဒေါ်ခင်မို့မို့လွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၉၆ တွင်ကျရှိသည့် ဒီကရီ အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ် လ ၃ ရက် ( ၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၁ ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မျိုးညွန့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/7162 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/2295 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/18325 Honda Scoopy 110 ယာဉ် လက်ဝယ်ရှိသူ ဦးငြိမ်းချမ်းဝင်း ၉/မဟမ(နိုင်) ၀၀၃၀၀၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/52412, Zong Shen 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်မျိုးဝင်း ၉/ပသက(နိုင်)၁၃၄၆၅၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1W/46197 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1W/45633 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မ ဒေါ်မြင့်မိုရ်ဇော် ၇/ပခန(နိုင်)၃၄၉၄၅၈၏ မိခင်ဖြစ်သူမှာ အိမ်ထောင်စုစာရင်း ပုံစံ(၆၆/၆) တွင် ဒေါ်ခင်မြင့် (ခ) ဒေါ်ချိုချိုမြင့် ဟု ဖော်ပြထားပြီး၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်တွင် မိခင်အမည် ဒေါ်ချိုချိုမြင့် ဟု ဖော်ပြထားရာ အမည် (၂) မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/5894၊ Nissan Condor MK366 ယာဉ်လက်ဝယ်ရှိသူ Hong Cheng Co., Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 23W/54260 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်ဝင်း ၈/ဆဖန(နိုင်) ၀၇၅၅၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/84026 TVS ROCKZ 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးမိုး ၉/မတရ(နိုင်) ၁၆၂၆၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

၃၀ ကြော်ငြာ မြန်မာ့အလင်း ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ ၁၁၊ ၂၀၂၆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဥပဒေရေးရာဝန်ကြီးဌာန
## ကြေညာချက်

၁။ ဥပဒေရေးရာဝန်ကြီးဌာနက ၈-၂-၂၀၂၆ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် ဥပဒေအရာရှိ အဆင့်(၄) ရာထူး အရည်အချင်းစစ်ရေးဖြေစာမေးပွဲ အောင်မြင်သူများစာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည် -

**ခုံအမှတ်**

| | | | | | | |
|---|---|---|---|---|---|---|
| နပတ-၁ | နပတ-၄ | နပတ-၂၁ | နပတ-၂၄ | နပတ- ၃၂ | နပတ-၃၈ | နပတ-၈၁ |
| နပတ-၈၇ | နပတ-၈၈ | နပတ-၉၀ | နပတ-၁၀၉ | နပတ-၁၁၁ | နပတ-၁၂၄ | နပတ-၁၃၆ |
| နပတ-၁၄၄ | နပတ-၁၄၅ | နပတ-၁၄၆ | နပတ-၁၄၇ | နပတ-၁၄၈ | နပတ-၁၅၁ | နပတ-၁၅၄ |
| နပတ-၁၅၅ | နပတ-၁၆၁ | နပတ-၁၆၃ | နပတ-၁၆၅ | နပတ-၁၇၂ | နပတ-၁၇၃ | နပတ-၁၇၅ |
| နပတ-၁၈၇ | နပတ-၁၈၈ | နပတ-၁၈၉ | နပတ-၁၉၃ | နပတ-၁၉၆ | နပတ-၁၉၉ | နပတ-၂၀၁ |
| နပတ-၂၀၃ | နပတ-၂၀၄ | နပတ-၂၀၈ | နပတ-၂၁၀ | နပတ-၂၁၁ | နပတ-၂၁၂ | နပတ-၂၁၄ |
| နပတ-၂၃၄ | နပတ-၂၄၂ | နပတ-၂၆၀ | နပတ-၂၇၅ | နပတ-၂၉၁ | နပတ-၃၀၆ | နပတ-၃၃၃ |
| နပတ-၃၃၄ | နပတ-၃၃၅ | နပတ-၃၄၄ | နပတ-၃၄၅ | နပတ-၃၄၆ | နပတ-၃၄၇ | နပတ-၃၅၀ |
| နပတ-၃၅၁ | နပတ-၃၆၆ | နပတ-၃၆၇ | နပတ-၃၇၈ | နပတ-၄၀၇ | နပတ-၄၁၄ | နပတ-၄၁၅ |
| နပတ-၄၁၆ | နပတ-၄၁၉ | နပတ-၄၃၁ | နပတ-၄၃၇ | နပတ-၄၄၁ | နပတ-၄၄၄ | နပတ-၄၅၆ |
| နပတ-၄၆၁ | နပတ-၄၆၅ | နပတ-၄၇၀ | နပတ-၄၇၄ | နပတ-၄၇၅ | နပတ-၄၇၇ | နပတ-၄၇၈ |
| နပတ-၄၈၃ | နပတ-၅၀၄ | နပတ-၅၁၄ | နပတ-၅၂၉ | နပတ-၅၃၁ | နပတ-၅၃၄ | နပတ-၅၄၆ |
| နပတ-၅၆၄ | နပတ-၅၆၇ | နပတ-၅၆၉ | နပတ-၅၈၄ | နပတ-၆၀၀ | နပတ-၆၀၅ | နပတ-၆၁၆ |

၂။ ဥပဒေအရာရှိအဆင့်(၄)ရာထူး အရည်အချင်းစစ် ရေးဖြေစာမေးပွဲ အောင်မြင်သူများအား ၂၃-၂-၂၀၂၆ ရက်နေ့မှ ၂၄-၂-၂၀၂၆ ရက်နေ့ထိ လူတွေ့စစ်ဆေးမှုပြုလုပ်မည်ဖြစ်ပါသည်။ ၂၁-၂-၂၀၂၆ ရက်နေ့တွင် ဥပဒေရေးရာဝန်ကြီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၂၅)၊ ဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲသို့ ဥပဒေဘွဲ့လက်မှတ်(မူရင်း)၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)နှင့် ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသော မြို့နယ်/ ခရိုင်/ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ရှိ ဆေးရုံတစ်ခုခုမှ ၁၅-၂-၂၀၂၆ ရက်နေ့နောက်ပိုင်း ကျန်းမာကြောင်းထောက်ခံချက်(မူရင်း) တို့ကို ယူဆောင်၍ လာရောက်သတင်းပို့ ကြရန်ဖြစ်ပါသည်။

၃။ အောင်မြင်သူများစာရင်းကို ဥပဒေရေးရာဝန်ကြီးဌာန **website** ဖြစ်သည့် **www.mola.gov.mm** တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဥပဒေရေးရာဝန်ကြီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1S/6299, SOUEAST DX7 PRIME ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျန်းလန်ဆိုင် ၁၃/ကခန(နိုင်) ၁၄၅၉၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/21236 JJXY 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရန်ပိုင်စိုးလှ ၁၂/သလန(နိုင်) ၁၄၆၄၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ (၀ ဒသမ ၁၁၀) ကေရှိ ဦးစောလွင် ၆/ထဝန(နိုင်) ၀၄၉၄၁၁ (ဘ)ဦးမောင်သန်း အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၃၈၁၅)ကိုနေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၂/၂၀၁၅(၂၈-၁-၂၀၁၅) ဖြင့် မြေကွက် အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးချစ်လှ ၉/မရတ(နိုင်)၀၇၉၂၅၀ (ဘ) ဦးအိုမှ ဒေါ်နန်းသိမ့်သိမ့်ဆန်း ၉/အမဇ(နိုင် )၀၂၁၅၇၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ ၁ နှင့် ၅
## မတ္တရာမြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁

ဒေါ်သင်းသင်းစိုး နှင့် ဦးအောင်မျိုးဝင်း
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း (၉၀)၊ (၂၆ x၂၇) လမ်းကြား ထားဝယ်ကျောင်း၊ ပိရကဋ္ဌ ကျောင်းဆောင်နေ တရားပြိုင် ဦးအောင်မျိုးဝင်း (ဘ)ဦးမင်းညွန့် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သင်းသင်းစိုးက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်(၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်) နံနက် ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဇော်ထက်)**
**မြို့နယ်တရားသူကြီး**
**မတ္တရာမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀)
## သန်လျင်မြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၈၅

ဒေါ်ကရင်စတီတာမေရီ(ခ) နှင့် ဦးအေးကြည်
ဒေါ်သိန့်သိန့်သူ
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ သဲတန်း ပိုင်လမ်း၊ အမှတ် (၇၇၀) နေ တရားပြိုင် ဦးအေးကြည် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၂ ရက် (၁၃၈၇ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၁၀ ရက်) ကြာသပတေးနေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(နွေးနွေးအောင်)**

**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**သန်လျင်မြို့နယ်တရားရုံး**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ကုန်သွယ်မှုအမည် ပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ထုတ်လုပ်သူ Hanearl Science Ltd. မှ မြန်မာနိုင်ငံပိုးသတ်ဆေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ စာရင်းရှိပိုးသတ်ဆေးများကို New Maykha Agrochemical Co., Ltd. သို့ ကုန်သွယ်မှုအမည် ပြောင်းလဲ၍ တင်သွင်းဖြန့်ချီ ရောင်းချသွားမည် ဖြစ်ပါသည်-

| မူလကုန်သွယ်မှုအမည် | ကုန်သွယ်မှုအမည်သစ် | ပါဝင်သောအဆိပ်ရှိပစ္စည်း | မှတ်ပုံတင်အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| Pulover 41 SL | Maykha Glypho | Glyphosate IPA 41% SL | Full | F2022-3967 |
| Moonstar 10 SP | Shwin Lann | Validamycin 10% SP | Full | F2022-3975 |
| Gardner 5 DC | Maykha Difen | Difenoconazole 5% DC | Full | F2022-3982 |

သို့ဖြစ်ပါ၍ အဆိုပါကုန်သွယ်မှုအမည် ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**Hanearl Science Ltd.**
**16-15, Cheoramgongdan-gil,**
**Taebaek-si, Gangwon-do, Republic of Korea.**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာ Estalla Townhouse Property No - FTH 586၊ Street Name - Stella Lane - 8၊ Land Area - 1210၊ Build-up-Area - 1277 ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူများ (၁) ဦးပြည့်ဖြိုးဟိန်း ၁၂/မဂတ(နိုင်)၀၉၄၁၁၄၊ (၂) ဒေါ်ပြည့်ပြည့်ဝင်းထွန်း ၁၂/သဃက(နိုင်)၁၈၂၈၂၅ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီသီစန်း ၁၂/ဥကတ(နိုင်)၁၇၀၆၁၅ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းတို့အား ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက် အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်သည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို ဝယ်သူထံ အပြီးအပိုင် လက်ရောက်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးဇာနည် (LL.B, DBL, DIPL) (စဉ်- ၁၄၆၆၈) ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင် (LL.B, DIPL) (စဉ် - ၁၈၇၂၆)
တရားလွှတ်တော်ရှေ့နေများ
အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂

## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ ဇေယျာဝတီမြို့၊ အထက(၂)ကျောင်း၊ G-6 မှ မောင်ဘီကား(စ်)၏ ဖခင်အမည်မှန်မှာ ဦးရာမေ့စ်ကူမာရ် ဖြစ်ပါကြောင်း။

**ဦးရာမေ့စ်ကူမာရ်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ကြို့ပင်ကောက်မြို့နယ်၊ ဈေးချိုမြောက်ရပ်ကွက်၊ အရှေ့လမ်းမတော်လမ်းနေ ဒေါ်စန်းစန်းဌေးမှ ကွင်းအမှတ် (၅၀၈[E])၊ ရွာသာကုန်းကွင်း၊ ဦးပိုင်အမှတ်(၄၃[ခ])၊ မြေဧရိယာ ၂ ဒသမ ၀၇ ကေရှိမြေအား ဦးဇော်သိန်း-ဒေါ်စန်းစန်းဌေးအမည်ဖြင့် (စက်မှုစီးပွား)မြေငှားဂရန်ရရှိပြီး အဆိုပါမြေအား ဇနီးဖြစ်သူ ဒေါ်စန်းစန်းဌေးမှ ကျမ်းကျိန်ဆိုပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းမြွက်ဟစာချုပ် ချုပ်ဆိုပြီး (စက်မှုစီးပွား) မြေငှားဂရန်အမည်ပြောင်း လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက ၂၄-၂-၂၀၂၆ ရက်အထိ ခိုင်လုံသောအကြောင်းပြချက်ရှိပါက ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်းနှင့် ကန့်ကွက်ရန် မရှိပါက လျှောက်ထားသူအား (စက်မှုစီးပွား)မြေငှားဂရန် အမည်ပြောင်း ထုတ်ပေးသွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ကြို့ပင်ကောက်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ကြို့ပင်ကောက်မြို့နယ်၊ ဈေးချိုမြောက်ရပ်ကွက်၊ အရှေ့လမ်းမတော်လမ်းနေ ဒေါ်လိုက်ချွင်လိုင်(ခ)ဒေါ်စန်းစန်းဌေးမှ ကွင်းအမှတ် (၅၇၈[ဃ])၊ ပန်းတင်ကွင်း၊ ဦးပိုင်အမှတ်(၉၈[က])၊ မြေဧရိယာ ၂ ဒသမ ၁၈ ကေရှိ မြေအား ဦးဇော်သိန်း အမည်ဖြင့် (စက်မှုစီးပွား) မြေငှားဂရန်ရရှိပြီး အဆိုပါမြေအား ဇနီးဖြစ်သူ ဒေါ်လိုက်ချွင်လိုင်(ခ)ဒေါ်စန်းစန်းဌေးမှ ကျမ်းကျိန်ဆိုပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟစာချုပ် ချုပ်ဆိုပြီး (စက်မှုစီးပွား)မြေငှားဂရန် အမည်ပြောင်း လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက ၂၄-၂-၂၀၂၆ ရက်အထိ ခိုင်လုံသော အကြောင်းပြချက်ရှိပါက ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်းနှင့် ကန့်ကွက်ရန် မရှိပါက လျှောက်ထားသူအား (စက်မှုစီးပွား) မြေငှားဂရန် အမည်ပြောင်း ထုတ်ပေးသွားမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ကြို့ပင်ကောက်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/87140, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းမြေ့မောင် ၇/ပမန(နိုင်) ၁၀၉၅၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့ရှင်စောပုရပ်ကွက် အကွက် (၁၆ဘီ)၊ အကွက်အမည်မြို့တွင်းအနောက်၊ ဦးပိုင်အမှတ် (၁၅၆[ဇ])၊ ဧရိယာ ၀ ဒသမ၀၅၁ ကေရှိမြေကို ဒေါ်ရီရီသိန်း ဘိုးဘပိုင် အမည်ပြောင်းပေးရန် လျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူရှိပါက ၆-၃-၂၀၂၆ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပဲခူးမြို့နယ်မြေစာရင်းဦးစီးဌာန၊**
**ပဲခူးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/66137 Kenbo 125 T-12 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၉/မမန(နိုင်)၁၁၈၇၄၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/20279 Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်စိုးလွင် ၉/အမရ(နိုင်)၂၀၉၁၇၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## အများသိစေရန် ကြော်ငြာခြင်း

ကျွန်မ ဒေါ်ဆုမြတ်နိုင် ၁၁/စတန(နိုင်)၁၁၂၇၆၂ နှင့် ဦးမြင့်အောင် ၁/ဟပန(နိုင်)၀၁၀၀၈၇ တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့သည်မှာ (၁၀) နှစ်ခန့်ရှိပြီ ဖြစ်ပါသည်။ ဦးမြင့်အောင်သည် ၃၁-၁၂-၂၀၂၅ ရက်တွင် ကျွန်မအား လုံးဝအသိမပေးဘဲ နေအိမ်မှဆင်းသွားခဲ့ရာ ယနေ့တိုင် အကြောင်းကြား ဆက်သွယ်ခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ဦးမြင့်အောင်နှင့်ပတ်သက်သည့်ကိစ္စအဝဝကို ကျွန်မအနေဖြင့် တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းနှင့် ကျွန်မတို့မိသားစုနှင့်လည်း လုံးဝမသက်ဆိုင်တော့ပါကြောင်း ကြော်ငြာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ) ဒေါ်ဆုမြတ်နိုင် ဖုန်း-၀၉-၄၄၀၀၇၇၃၆၃

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ၊ တိုက်အမှတ် (B3)၊ (၅)လွှာ၊အခန်းအမှတ် (511)၊ အခန်းအမျိုးအစား Type (C)၊ အကျယ်အဝန်း ( 651) စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်း နှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သည့် ဦးအောင်ကျော်စိုး ၁၂/မဂတ(နိုင်)၀၉၉၁၃၇ ထံမှ အပြီးပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်မြတ်သွယ် ၇/ဝမန(နိုင်)၀၉၈၇၇၆**
**ဖုန်း - ၀၉၉၇၁၀၉၅၇၇၇**

## ဆရာကြီး ဦးမေတ္တာ
### ပါမောက္ခ/ဌာနမှူး(ငြိမ်း)
### ဘူမိဗေဒဌာန၊ ဒဂုံတက္ကသိုလ်
### အချိန်ပိုင်း ပါမောက္ခ(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်
### အသက်(၉၀)နှစ်

မန္တလေးမြို့၊ ဒေးဝန်းရပ်နေ (ဦးကြွယ် - ဒေါ်လှလှ)တို့၏ သားကြီး၊ (ဦးမြင့်သန်း)-ဒေါ်သောင်းသောင်းဆွေ၊ (ဒေါ်ညွန့်ညွန့်ရီ)၊ (ဒေါ်မြင့်မြင့်ကြွယ်)၊ (ဦးနေလင်းအောင်)၊ (ဦးကျော်မင်း)-ဒေါ်ရီရီမြင့် တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့နေ ဦးခင်မောင်သန်း -ဒေါက်တာနီနီတာ(S.S.C ဆေးရုံ)၊ ဦးထင်ကျော်ဦး-ဒေါ်စီစီတာ၊ ဦးသန်းထွဋ်တာ - ဒေါက်တာခင်မမမျိုး (IR)၊ ဦးနေလင်းထွန်း-ဒေါ်ထွေးထွေးတာ၊ ဦးသက်နိုင်ဦး-ဒေါ်စုတိုးမေတ္တာတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်အက်စီကျော်ဇော၏ ချစ်လှစွာသော ခင်ပွန်း၊ မြေး (၄) ယောက်တို့၏ အဘိုးဖြစ်သူ ဆရာကြီး ဦးမေတ္တာ သည် (၁၀-၂-၂၀၂၆) ရက် နံနက် (၅:၃၀) တွင် (S.S.C ဆေးရုံ)၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သော ရုပ်ကလပ်ကို (၁၂-၂-၂၀၂၆)ရက် ညနေ(၃:၀၀)နာရီအချိန်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟနှင့် တပည့်အပေါင်းအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၇)၊ မြေကွက်အမှတ်-(၈၈၀)၊ အကျယ်အဝန်းပေ (၄၀x၆၀) ရှိ ပါမစ်မြေကွက်နှင့် မြေပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားအမည်ပေါက်သူ ဦးတင်ထွန်း (၉/မထလ(နိုင်)၀၁၅၆၃၁)ထံမှ ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိထားကာရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သင်းသင်း (၁၂/မဂတ(နိုင်)၀၅၀၂၀၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးမောင်စိုးဦး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်ငြိမ်းဆွေ(LL.B)**
**စဉ်-၁၁၄၄၅/၂၀၁၆ တရားလွှတ်တော်ရှေ့နေ**
**အမှတ်-(၄၀၅)၊ (၆)လမ်း၊ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၀၂၉၃၇၃၊ ၀၉-၈၈၂၂၂၂၀၈၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/84640, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်းခန့် ၉/ခအဇ(နိုင်) ၀၄၇၄၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5P/3715, TOYOTA DYNA KDY231, L/T (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းအောင်ကျော် ၉/နထက(နိုင်) ၀၅၈၀၆၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ အမှတ် (၁၄)၊ ဇေယျာသုခလမ်းဟုခေါ်တွင်သည့် (၅) ထပ်တိုက်၏ (၅) လွှာ၊ (ခေါင်းရင်းခန်း) အနောက်တိုက်၊ တိုက်ခန်းအား ဆောက်လုပ်ခဲ့သည့် ကန်ထရိုက်တာ ဒေါ်ခင်စန်းမြင့် (KSMဆောက်လုပ်ရေး)(၁၂/ကမရ(နိုင်)၀၄၈၀၂၉)ထံမှ ဝယ်ယူရန် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့် ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုဆိုင်ရာ အထောက်အထားမူရင်းများနှင့် တကွ ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်မျိုးဝေ**
**၁၁/မပတ(နိုင်)၀၅၂၆၅၁**
**ဖုန်း-၀၉- ၄၂၆၀၈၁၄၅၅၊ ၀၉- ၇၉၇၉၂၇၉၀၇**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၁၅)၊ (၆-လွှာ/A) (ခေါင်းရင်းဘက်ခြမ်း)၊ အလျား ၁၂ပေခွဲ xအနံ ပေ၅၀ရှိ ရေမီးအစုံပါရှိသည့် တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူမှ အရှုပ်အရှင်းကင်းစွာဖြင့် ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ရောင်းချလိုကြောင်း ဝန်ခံကတိပြုသူ ဦးမြတ်သူနိုင် (၁၂/တမန(နိုင်)၁၀၆၇၄၀) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ကြူကြူအေး(၁၀/ဘလန(နိုင်)၀၀၇၄၃၄) နှင့် ဒေါ်ဆုရည်မွန်(၁၀/ဘလန(နိုင်)၀၉၈၀၆၇)မှ အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက်တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူဟုအဆိုရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြူကြူအေး နှင့် ဒေါ်ဆုရည်မွန် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးမိုးကြူ (LL.B,D.B.L,D.M.L,D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၅၅)**
**အမှတ်(၂၃၁)၊ ကမ်းနားလမ်း၊ မကျည်းတန်းတောင်(အနောက်)ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ Ph-09 -255782846 , 09-263656774**

## ဒေါ်မေရီ
### (ဦးစီးအရာရှိ-ငြိမ်း-ရေလုပ်ငန်း)
### (နာယက-မိုးကုတ်တရားစခန်း အမှတ် ၄၈၊ သုဝဏ္ဏာ)
### အသက်(၈၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ်(၃)လမ်း၊ အမှတ်(၂)နေ (ဦးဖေတင့်-ဒေါ်အေးခင်)တို့၏သမီး၊ (ဦးလှရှိန်-ဒေါ်ဖွားမို)တို့၏ သမီးချွေးမ၊ (ဦးတင်ထွေး NPE-ငြိမ်း)၏ဇနီး၊ ကိုထွန်းထွန်းဦး-မအေးအေးစိုး၊ကိုညီညီကျော်၊မကေသီညွန့်-(မခင်သီတာ)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘွား၊ ချစ်လှစွာသောမိခင်ကြီး ဒေါ်မေရီ(ဦးစီးအရာရှိ-ငြိမ်း-ရေလုပ်ငန်း) (နာယက မိုးကုတ်တရားစခန်းအမှတ် ၄၈၊ သုဝဏ္ဏာ)သည် ၉-၂-၂၀၂၆ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလပ်ကို ၁၁-၂-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၅:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၂၆ ရက် (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာပြုလုပ်မည်ဖြစ်၍ ကြွရောက်ကြပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါသည်

HONDA INSIGHT ZE2 2010 Model ယာဉ်အမှတ် 9K/5408 မော်တော်ယာဉ်အား ယာဉ်အမည်ပေါက် ဦးမင်းနိုင်(၇/ပခန(နိုင်)၃၉၇၆၁၄) ထံမှ ဝယ်ယူရန် ကျွန်မမိတ်ဆွေ ဒေါ်ခိုင်သဉ္ဇာအောင် (၁၂/လကန(နိုင်)၂၂၂၁၇၄) သည် (၉-၂-၂၀၂၆) ရက်တွင် စရန်ငွေပေးထားပြီးဖြစ်၍ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဥပဒေနှင့်အညီ ဆက်လက်၍အပိုင်ဝယ်ယူမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ချိုချိုခိုင်(ခ)ဒေါ်ကြူကြူစိန် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၁၅)**
**ဖုန်း-၀၉-၆၈၈၂၅၇၄၀၀၊ ၀၉-၂၅၂၅၃၈၁၁၂၊ ၀၉-၆၉၅၁၀၉၆၂၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၅၃)၊ မြေကွက်အမှတ်-(၆၇၃)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိပါမစ်မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားအမည်ပေါက်သူ ဦးတင်ရွှေ (၁၂/ကမရ(နိုင်) ၀၃၂၁၈၅) ထံမှ ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိထားကာရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးငြိမ်းချမ်းအောင် (၉/သေရ(နိုင်) ၀၀၀၆၉၂) ထံမှကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေတစ်စိတ်တစ်ဒေသအားပေးချေခဲ့ပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်ငြိမ်းဆွေ(LL.B)**
**စဉ်-၁၁၄၄၅/၂၀၁၆ တရားလွှတ်တော်ရှေ့နေ**
**အမှတ်-(၄၀၅)၊ (၆)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၀၂၉၃၇၃၊ ၀၉-၈၈၂၂၂၂၀၈၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(12/A)၊ မြေကွက်အမှတ် ၃၁၂(က)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၄x၆၅)ပေ၊ ဧက (၀.၀၆၆)ရှိ ဂရန်မြေအမျိုးအစား မြေကွက်ပေါ်တွင် ဆောက်လုပ်ဆဲဖြစ်သည့် အဆောက်အအုံ၏ ၆-လွှာ(ခေါင်းရင်းခြမ်း)အခန်းနှင့် ယင်းနှင့်ပတ်သက်ဆက်စပ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ကန်ထရိုက်တာ Dr.ဦးတင်မြင့်(၁၂/လမန(နိုင်)၁၇၁၄၇၈)ထံမှ အရစ်ကျစနစ်ဖြင့် ကြိုတင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကြည်ဟန်(၁၃/လရန(ပြု)၀၀၀၂၂၀)က ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများ အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖြိုးအောင်မြင့် (LL.B ,D.M.L,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၀၇၅၇/၂၀၁၆)**
**အမှတ်(၂၄/ခ)၊ အနော်မာ (၁၉)လမ်း (အနောက်) (၂/မြောက်)ရပ်ကွက် ၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ Ph:-09-450020302**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဦးပိုင်အမှတ် ၁၅/၄ᵉ/၁၊ ဇော်တိကလမ်းသွယ်(၁)လမ်း၊ အမှတ်(၁/၄၇)ဟုခေါ်တွင်သော မြေကွက်၊ အလျားxအနံပေ (၄၀x၈၀)ရှိ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဖြိုးဖြိုးမြင့်အောင်ထံမှ အရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ယဉ်လှဲ့ဝင်း(၁/မကတ(နိုင်)၀၀၁၈၄၁)ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်စိန်(၁၂/အစန(နိုင်)၁၂၅၉၃၈)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါ သည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မြင့်မြင့်စိန်** | **ဒေါ်အေးအေးမွန်(ခ)ဒေါ်အေးမွန်မွန် (LL.B)** |
| **(၁၂/အစန(နိုင်)၁၂၅၉၃၈)** | **အထက်တန်းရှေ့နေ၊ စဉ်-၃၃၉၄၆** |
| | **အမှတ်(၃)၊သမာဓိလမ်း၊(ဆ)ရပ်ကွက်၊** |
| | **မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း-၀၉- ၄၄၃၀၀၃၈၄၆** |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### ( တရားမကျင့်ထုံးဥပဒေ အမိန့်-၅ ၊ နည်းဥပဒေ-၂၀ )
### ဒေးဒရဲမြို့နယ်တရားရုံး
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ( ၄ )

| | | |
|---|---|---|
| မနှင်းနှင်းခိုင် | နှင့် | ကိုကျော်ဇင်ဦး |
| ( တရားလို) | | ( တရားပြိုင်) |

အထက်ပါအမှု တရားပြိုင် ကိုကျော်ဇင်ဦး(ကျုံဒရယ်ကျေးရွာ၊ သာယာကုန်းကျေးရွာအုပ်စု၊ ဒေးဒရဲမြို့နယ်)နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို မနှင်းနှင်းခိုင် က "အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စား ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇)ရက်၊ (၁၃၈၇ခုနှစ်၊ တပေါင်းလဆန်း(၁၂)ရက်) နံနက် (၁၀) နာရီအရောက် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီ ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**( ဖွံ့ဖြိုးကျော် )**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဒေးဒရဲမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ -၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂

| | | |
|---|---|---|
| ဦးရဲဟိန်း | နှင့် | ဦးတင့်လွင် (၎င်း၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးမောင်မောင်) |
| တရားလို | | တရားပြိုင် |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ ၁၁၄ - ၁၁၅ လမ်းကြား၊ ၇၃-၇၄ လမ်းကြား၊ အကွက်(လ-၁/၄၀) နေ ဦးတင့်လွင်(ဘ)ဦးချစ်(ခ) ဦးချစ်ကွန့် (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးမောင်မောင်) (ယခုနေရပ်လိပ်စာမသိ ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးရဲဟိန်း က မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက် ၊ အကွက်အမှတ် (နန-၄၉) ၊ ဦးပိုင်အမှတ် (၇၁)၊ ဧရိယာ(၀.၀၅၁) ဧကအကျယ်အဝန်းရှိ ဦးတင့်လွင် အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သဲမာဖြိုးဦး)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် EE/2959, Toyota ProboxNCP51 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းလှမြတ် ၁၃/နစန(နိုင်) ၀၂၄၅၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ရှမ်းပြည်နယ်ရုံး**
**(တောင်ကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5G/7200, ISUZU D-MAX (TFS54HDL), PICK UP (4x4)L(CREW CAB) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်စုသွယ် ၁၂/အစန (နိုင်)၁၈၉၅၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၈)ရပ်ကွက်၊ မြေတိုင်းအမှတ် (၂၄)၊ မြေကွက်အမှတ် (၇၅၁)၊ မြေဧရိယာ (၀ဒသမ ၀၅၅) ဧကရှိ မြေအား ဦးမင်းအောင်ဇော်မှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်းမြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၁၀၃၆) ဟုခေါ်တွင်သော အကျယ်အဝန်း အလျား x အနံ (၄၀ x ၆၀)ပေ မြေကွက်ထဲမှ တရားဝင် မခွဲစိတ်ရသေးသော [မြေကွက်အမှတ်(၁၀၃၅)နှင့် ကပ်လျက်အခြမ်း] အကျယ်အဝန်း အလျား x အနံ (၂၀ x ၆၀) ပေရှိ မြေချပါမစ်မူရင်း(၂)ရွက်နှင့်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ကြည်မြင့် (၁၂/လမန(နိုင်)၁၁၇၇၂၁)ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဇော်နန်း (၈/မကန(နိုင်)၁၂၈၁၃၇) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ကိုဇော်နိုင်(၉/ဝတန(နိုင်)၁၄၃၂၀၁) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၅)၊ လှော်ကားလမ်း၊ မြေကွက်အမှတ်(၄၅/က)၊ အကျယ်အဝန်း (၂၀' x ၆၀')ရှိ ပါမစ်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာန၏ အမှတ်စဉ်အမှတ် (၁၃၁) အရ ဦးဥာဏ်သာ(၁၂/လမန(နိုင်) ၀၇၁၄၀၉)အမည်ဖြင့် မှတ်သားတည်ရှိသည့် ပါမစ်မြေကွက်ဖြစ်ပြီး ၎င်းထံမှ အရပ်ကတိ အဆက်စပ်စာချုပ်များဖြင့် တစ်ဆင့်ပြန်လည်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးမြင့်သန်း (၁၂/ဗဟန (နိုင်) ၀၄၇၈၇၇)မှ အဆိုပါ မြေကွက်အား မိမိမှတရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့် တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေကဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက် စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၀) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ထွေးဇာခြည် (LL.B)၊ (D.B.L)** | **ဒေါ်ညိုမာ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၁၈)** | **အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)** |

**အခန်းအမှတ်(308) Office Tower (3), Time City,ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၈၈၇၈၇၆၆၅**

❖ **နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဂုဏ်ဒြပ်နှင့် အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏ အနုသုခုမ ယဉ်ကျေးမှုအဆင့်အတန်းကို သက်တမ်းကြာအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှုနှင့် ရှေးအစဉ်အလာမပျက် ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျသည့်အချက်ဖြစ် ...**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ပြုလုပ်သော (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**



# ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌ ဘိန်းစိုက်ခင်း စုစုပေါင်း ၁၃၄ ကေခန့် ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**
ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌ ဖေဖော်ဝါရီ ၉ ရက်က ဘိန်းစိုက်ခင်း စုစုပေါင်း ၁၃၄ ကေခန့်ကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၉ ရက် နံနက် ၇ နာရီခွဲမှ ညနေ ၄ နာရီအထိ လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က လွိုင်လင်မြို့နယ် ဆဟောင်းကျေးရွာအုပ်စု ဝါးထေးကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်းဧက ၅၀ ခန့်ကို လည်းကောင်း၊

အလားတူ နံနက် ၈ နာရီ မိနစ် ၄၀ မှ မွန်းလွဲ ၁ နာရီခွဲအထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သောပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ် ဘော်ကုန်းကျေးရွာအုပ်စု လီမောကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်းဧက ၃၀ ခန့်ကို လည်းကောင်း၊

အလားတူ နံနက် ၉ နာရီ ၁၀ မိနစ်မှ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ အထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က

*စာမျက်နှာ ၁၅ ကော်လံ ၁* ○

## ယနေ့ သတင်းအညွှန်း


ဖုန်းတစ်လုံးရှိရုံနဲ့ မလုံလောက်တော့တဲ့ခေတ် AI Literacy နဲ့ စမတ်မိသားစု တည်ဆောက်ခြင်း
ဆောင်းပါး စာ ၈

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) တတိယနေ့တွင် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ MSME လုပ်ငန်းရှင်များနှင့် ပြည်သူများ တစ်ခဲနက်လာရောက်လေ့လာ
ပြည်တွင်းသတင်း စာ ၁၀

ပါကစ္စတန်နိုင်ငံက ဒစ်ဂျစ်တယ်စီးပွားရေးကို မြှင့်တင်ရန် အေအိုင်တွင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ရင်းနှီးမြှုပ်နှံမည်
နိုင်ငံတကာသတင်း စာ ၁၄


## ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၆)၊ (၁၇) နှင့် (၁၈) တို့တွင် ဖော်ပြထားပါသည်။

## လာနီညာဖြစ်စဉ်ကြောင့် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ပြီး ညအပူချိန်များ လျော့နည်းနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean) ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေတွင် ရှိနေပါသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်လ်များ ခန့်မှန်းချက်အရ ဖေဖော်ဝါရီလအတွင်း အားအနည်းငယ်ရှိသော လာနီညာအခြေအနေမှ ပုံမှန်နှစ်တစ်နှစ်သို့ ပြန်လည်ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါလာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများတိုက်ခတ်ခြင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်း၊

*စာမျက်နှာ ၁၂ ကော်လံ ၅* ❂

## မစ်ဒယ်ဘရော့က ရှက်ဖီးလ်ကို နိုင်ပြီး ချန်ပီယံရှစ်အမှတ်ပေးဇယား ဦးဆောင်ခွင့်ရရှိ

ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃၁) မှ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၂ နာရီခွဲက Bramall Lane ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ရှက်ဖီးလ်နှင့် မစ်ဒယ်ဘရော့ အသင်းပွဲစဉ်တွင် မစ်ဒယ်ဘရော့အသင်းက အကြိတ်အနယ်ကစားကာ နှစ်ဂိုး - တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး အမှတ်ပေးဇယားကို တစ်ကျော့ပြန် ဦးဆောင်ခွင့်ရရှိခဲ့သည်။

မစ်ဒယ်ဘရော့ အသင်းသည် တစ်ယောက်လျော့ ရှက်ဖီးလ်အသင်းကို ပွဲအစပိုင်းကတည်းက ထိန်းချုပ်ကစားနိုင်ခဲ့ပြီး ပထမပိုင်းအတွင်း နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ကွန်ဝေးနှင့် မက်ဂရီတို့၏ တိုက်စစ်ဆင်မှုများက

*စာမျက်နှာ ၁၅ ကော်လံ ၄* ❐



တိုက်စစ်ကစားသမား ကွန်ဝေး မစ်ဒယ်ဘရော့အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူစဉ်။